# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (10-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားလေ့လာကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များကို ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများနှင့်ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကိုဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# လူ့ဂုဏ်သိက္ခာ ခွင့်တူညီမျှရန်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့သည် (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာစာတမ်းသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်ပေါက်လာသော ကြေညာစာတမ်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ပါဝင်ထောက်ခံခဲ့သော စာတမ်းဖြစ်သည်။

လူ့အခွင့်အရေး၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးက သဘောတူလက်ခံသော ဖွင့်ဆိုချက် ယနေ့တိုင်မရှိသေးပေ။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံသား၊ မွေးဖွားရာနေရာ၊ ကျား/မ ကိုးကွယ်သည့်ဘာသာ၊ ဘာသာစကားနှင့် အခြားသော မည်သည့်အကြောင်းကြောင့်ဖြစ်စေ ခွဲခြားမှုမရှိဘဲ လူသားအားလုံးနှင့်သက်ဆိုင်သည့် မွေးရာပါအခွင့်အရေးဖြစ်သည်။ လူသားအားလုံးတွင် တူညီသောအခွင့်အရေးရှိသည် ဟူ၍ ယေဘုယျအကျဆုံးနှင့် အခြေခံအကျဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖွင့်ဆိုထားပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် ၃၀ ပါရှိပြီး အပိုဒ် (၁)မှ (၂)သည် လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ အပိုဒ်(၃) မှ (၂၁)ထိ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ အပိုဒ်(၂၂)မှ (၂၇)ထိတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ အပိုဒ် (၂၈)မှ (၃၀)အထိမှာ လူသားများ၏ တာဝန်ဝတ္တရားများဟူ၍ ခွဲခြားဖော်ပြထားသည်။ မြန်မာနိုင်ငံသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် လူ့အခွင့်အရေးစံများကို တိတိကျကျထည့်သွင်းရေးဆွဲထားသည့်အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်း၍ နိုင်ငံသူနိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ နိုင်ငံတော်သီချင်း ခြေဆင်းအပိုဒ်တွင်လည်း တရားမျှတလွတ်လပ်ခြင်းနှင့်မသွေ တို့ပြည်၊ တို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် တို့ပြည် တို့မြေဟူ၍ တရားမျှခြင်း၊ လွတ်လပ်ခြင်းများဖြင့် လူခပ်သိမ်းငြိမ်းချမ်းကြစေဖို့ အခွင့်အရေးများ ရယူခံစားရာတွင် ခွဲခြားမှုမရှိ၊ တန်းတူညီမျှပြီး ဝါဒအစွဲများကင်းပသည့်ပြည်၊ ကင်းပသည့်မြေဟု ဖွင့်ဆိုထားရာ အလွန်တန်ဖိုးရှိလှပြီး ယခုနှစ် (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှုဟူသော ဆောင်ပုဒ်နှင့် အဓိပ္ပာယ်ထပ်တူကျ တိုက်ဆိုင်နေသည်မှာ လောကပါလတရားထွန်းကားရာ မြန်မာနိုင်ငံအဖို့ ဂုဏ်ယူဖွယ်ရာတစ်ခုပင်ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်လိုသူတိုင်း လူ့အခွင့်အရေးအခြေခံသဘောတရားများသိရှိနားလည်ထားရန်နှင့် လူသားချင်းခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်လိုသည့် စိတ်ထားများထားရှိရန် လိုပါသည်။ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများ အပြည့်အဝခံစားနေရမှသာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် ဖြူစင်ဖွံ့ဖြိုးတရားများ ထွန်းကားနေမည်ဖြစ်ပါသဖြင့် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို တွေ့ရှိပါက ဝိုင်းဝန်းလက်တွဲတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၀၅၆၂၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာ မြို့ပေါ်နဲ့ နယ်တွေကနေ လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်န်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့လဲ စည်ကားနေပါတယ်။ ဘုရားဖူးတွေက ပြတိုက်က သမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်တွေသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆို ဘုရားဖူးဦးရေ များပါတယ်"ဟု မဟာမုနိ ရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံးရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၀၄၁၄၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မှန်လေးခုစလုံးမှဝင်ရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၈၄၉ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၂၃ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ခရိုင် ၁၁ ခရိုင်တွင် နွားအကောင်ရေ ၁၅၂၀၀ ကျော်ကို မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးထား

**မန္တလေး ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် နွားအကောင်ရေ ၁၅၂၀၀ ကျော်ကို မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ နွားမေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းဖြင့် ကူးစက်ရောဂါများကင်းဝေးစေပြီး မျိုးကောင်းမျိုးသန့်များ ရရှိစေမည်ဖြစ်ကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်တွင် နွားအကောင်ရေ ၂၀၀၀၀ လျာထားပြီး ဧပြီလမှစ၍ ဆောင်ရွက်ပေးခဲ့ရာ ဒီဇင်ဘာ ၈ ရက်ထိ နွားအကောင်ရေ ၁၅၂၀၀ ကျော်ကို မေထုန်မဲ့သားစပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"နွားမေထုန်မဲ့သားစပ်လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဌာနက မေထုန်မဲ့သားစပ် ကျွမ်းကျင်သူတွေက ကျေးရွာအရောက်သွားပြီးတော့ လုပ်ဆောင်ပေးပါတယ်။ နွားမွေးမြူသူတွေက မျိုးစပ်ဖို့ အချိန်ကျရင် ဌာနကိုသတင်းပေးပါတယ်။ မျိုးရနိုင်ချိန်ကို သွားရောက်ပြီး သားစပ်ပေးပါတယ်။ သားစပ်လိုသူတွေအနေနဲ့ မြို့နယ်ရုံးတွေကို သတင်းပေးဆောင်ရွက်နိုင်ပါတယ်။ သားစပ်ပေးခြင်းကြောင့် ကူးစက်ရောဂါတွေ ကင်းဝေးစေတယ်။ မျိုးကောင်းမျိုးသန့်တွေလဲရပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် နွားမေထုန်မဲ့သားစပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေရာ၌ ခိုင်နွား မျိုးရည်ခဲချောင်း၊ နို့စားနွား မျိုးရည်ခဲချောင်း၊ အသားစားနွား မျိုးရည်ခဲချောင်း စသည့် နွားမျိုးများအလိုက် ဌာနမှ ကျွမ်းကျင်သူများက ကျေးရွာအရောက် သွားရောက်လုပ်ဆောင်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ (၁၈၅)

# MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ ကျိုင်းတုံနှင့် အခြားမြို့များသို့လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာ

**မန္တလေး ဒီဇင်ဘာ ၉**

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ ကျိုင်းတုံနှင့် အခြားမြို့များသို့ ဒီဇင်ဘာ ၈ ရက်မှစ၍ ခရီးသည် လိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း(မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

ယခင်က MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့ကြီးများသို့ ခရီးသည် တင်ဆောင်ပြေးဆွဲရာတွင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ နည်းပါးခဲ့သော်လည်း ဒီဇင်ဘာ ၈ ရက်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ များပြားလာကြောင်း သိရသည်။

"MNAလေကြောင်းလိုင်းအနေနဲ့ မန္တလေးမြို့ကနေ အခြားမြို့ကြီးတွေကိုပျံသန်းပြေးဆွဲတဲ့အခါ အရင်က လိုက်ပါစီးနင်းတဲ့ ခရီးသည်က တော်တော်လေးနည်းတယ်။ အခု မန္တလေးကနေ အခြားမြို့တွေကို အလုပ်ကိစ္စအပြင် အလည်အပတ်သွားဖို့ MNA လေကြောင်းလိုင်းနဲ့ လိုက်ပါစီးနင်းတဲ့ ခရီးသည်ဦးရေက ပြန်များလာပါတယ်"ဟု ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့ကြီးများသို့ နိုဝင်ဘာလနောက်ဆုံးပတ်က လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာ ၈ ရက်မှစ၍ MNA လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက တာဝန်ရှိသူများနှင့်အတူ ကြည်အိုင်ကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြည်အိုင်ကန်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၅၈၀ စက်ရေတွင်းတူးဖော်ခြင်း၊ ပန့်တပ်ဆင်ခြင်းနှင့် အင်ဂျင်ဒိုင်နမို တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၁၇ သန်းဖြင့် ကျေးရွာလူထုကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ကြည်အိုင်ကန်ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်မှ လူ ၃၂၅ ဦးတို့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေအဆင်ပြေစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။ **သက်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၁ လမ်း၊ ၈၁ လမ်း × ၈၂ လမ်းကြားနေ ဦးမြသောင်း-ဒေါ်ကြည်ကြည်မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၂၂၈၇၄ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောစပါး ၁၂၂၈၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၂၈၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါး တစ်ဧကလျှင် ၉၄ ဒသမ ၆၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စပါးဧက ၁၄၃၀၁၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးစိုက်ခင်းတွေ ပြန်လည်ရိတ်သိမ်းနေတာ ဒီနေ့ထိ ၁၂၂၈၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ မိုးစပါးစိုက်ခင်းတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ အခုရိတ်သိမ်းနေတဲ့မိုးစပါးစိုက်ခင်းတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စပါးစိုက်ခင်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အထွက်နှုန်းကလဲ ကောင်းပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် မိုးစပါးများ ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ခြင်း၊ ကွင်းသရုပ်ပြခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းသည့် နည်းပညာများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)များ စိုက်ပျိုးထည့်သွင်း အသုံးပြုပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သထုံမြို့နယ် မြောက်ပိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သထုံ ဒီဇင်ဘာ ၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဆိတ်ကျွန်းကျေးရွာအုပ်စု မြောက်ပိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့် ဝန်ထမ်းများက မြောက်ပိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းကျေးရွာ၌ အရှည် ၆၅၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၄၆ သန်း စုစုပေါင်းငွေကျပ် ၂၃ ဒသမ ၄၆ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကြောင့် မြောက်ပိုင်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**

# မင်းတုန်းမြို့နယ် မိုးနတ်တောင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းတုန်း ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနတ်တောင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မိုးနတ်တောင်ကျေးရွာရှိ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မိုးနတ်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်မည့် အသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**



မျိုးသူ(ကုန်သွယ်မြှင့်)

# စီးပွားရေးအောင်မြင်ရန်အတွက် စိတ်နေသဘောထား

စီးပွားရေးအောင်မြင်ရန်အတွက် ကြိုးစားအားထုတ်မှု၊ အရင်းအနှီး၊ နည်းပညာတို့သာ လိုအပ်ချက်ကြီးမားသည်မဟုတ်ဘဲ စိတ်နေသဘောထားသည်လည်း များစွာအရေးကြီးသည်။ အထူးသဖြင့် ငွေကြေးချမ်းသာရုံဖြင့် အောင်မြင်မှုဆီတွန်းပို့သည်မျိုး မဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ အရေးကြီးသည်မှာ အောင်မြင်ရေးအတွက် စိတ်နေသဘောထားသည် များစွာအရေးကြီးသည်ကို သတိပြုရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ လူသားအရင်းအမြစ်များ၊ ကုန်ပစ္စည်းများအပြင် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များလည်းရှိသည်ကို အထူးသတိပြုရမည်ဖြစ်သည်။ ဘာသာတရားတိုင်းတွင် ကြည့်လျှင်လည်း စိတ်ကဦးဆောင်သည်ကို ပြောကြစမြဲဖြစ်သည်။ စီးပွားရေးတွင်လည်း စိတ်နေသဘောထားက အောင်မြင်မှုဆီ တစ်ဝက်နင်းသည်ဟု ပြောလိုသည်။

စိတ်ထားကောင်းရမည်၊ ဖြစ်ချင်စိတ်ကြီးမားရမည် စသည်တို့သည် စီးပွားရေးအောင်မြင်ရန်အတွက် လိုအပ်ချက်များဖြစ်ကြရာ ဖြစ်ချင်စိတ်၊ လိုချင်စိတ်မှာ လူတိုင်းကြီးမားတတ်ကြသော်လည်း မမှန်ကန်သော လိုချင်တပ်မက်မှုဖြင့် ငွေကြေးချမ်းသာလိုခြင်းသည် လမ်းမှားဘက်သို့ ရောက်တတ်သည်။ ဘယ်သူ့သေသေငတေမာပြီးရောဆိုသည့် စိတ်မျိုးဝင်လာလျှင် ချမ်းသာစစ်စစ်ကို ရမည်မထင်ပေ။ စီးပွားရေးလုပ်ငန်းရှင်အဖို့ အခြားအရာများပြည့်စုံရုံသာမက စိတ်သဘောထားအမြင်ကို ထိန်းသိမ်းနိုင်ရန်လိုအပ်သည်။ မှန်ကန်သောအမြင်မဖြစ်လျှင် အောင်မြင်မှုနှင့်ဝေးနိုင်သည်။ ငွေကြေးချမ်းသာရုံမျှဖြင့် အောင်မြင်သော စီးပွားရေးသမားတစ်ဦးဖြစ်လာရန် မလွယ်ကူကြောင်း သတိပြုရမည်ဖြစ်သည်။

**အမှားများကိုရှာ၍ အောင်မြင်မှုအတွက် ခြေလှမ်းတစ်ခုတည်ဆောက်ပါ**

စီးပွားရေးတွင်အရှုံးများနှင့်မကြာခဏရင်ဆိုင်နေရသည့်အခါဖြစ်စေ၊ ကျဆုံးမှုဘက်သို့ ဦးတည်နေသည့်အခါဖြစ်စေ မိမိ၏အမှားများကို မြင်အောင်ကြည့်ရန်လိုအပ်သည်။ ကျရှုံးမှုများရင်ဆိုင်ရသည့်အခါ လုပ်ငန်းငယ်များအဖို့ ကြီးမားသောခံစားချက်များဖြစ်ပေါ်လာတတ်ပြီး ဆက်လက်လုပ်ကိုင်ရမည်ကို လက်တွန့်ကြောက်ရွံ့သွားတတ်သည်။ အမေရိကန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းငယ်များကြီးကြပ်မှုအဖွဲ့၏ စစ်တမ်းများအရ အသစ်တည်ထောင်သော လုပ်ငန်းငယ်များ၏ တစ်ဝက်ခန့်သာ သုံးနှစ်ထိ သက်တမ်းရှည်ကြပြီး သုံးပုံတစ်ပုံခန့်သာ ၁၀ နှစ်ထိ သက်တမ်းရှည်ကြသည်ဟုဆိုသည်။ အောင်မြင်သောစီးပွားရေးသမားများဖြစ်သည့် ဟင်နရီဖို့မှသည် အီလွန်မတ်စ်ထိကြည့်လျှင် အောင်မြင်နေသော်လည်း ကျရှုံးမှုအမျိုးမျိုးကိုရင်ဆိုင်ကျော်လွှားခဲ့ရသည်မှာ သေချာသည်။ အကြံကောင်း ဉာဏ်ကောင်း မည်မျှပင်ရှိသော်လည်း အမှားများကို ရင်ဆိုင်ရတတ်သည်။ တစ်ခါတစ်ရံတွင် မိမိဘာသာ မှားယွင်းမှုမရှိဘဲ ကံမကောင်းလို့ရှုံးတာဟု ဖြေသိမ့်တတ်ကြသည်။ မည်သို့ဆိုစေကာမူ အရှုံးကိုရင်ဆိုင်ရချိန်တွင် ကြောက်စိတ်သည် အနည်းနှင့်အများဖြစ်ပေါ်လာတတ်ပြီး ရှေ့ဆက်တိုးရန် လက်တွန့်နေတတ်၊ တွေဝေနေတတ်သည်။ ထို့ကြောင့် ကျရှုံးမှုကိုရင်ဆိုင်ရချိန်တွင် အမှားများကိုရှာ၍ အောင်မြင်မှုအတွက် ခြေလှမ်းတစ်ခုတည်ဆောက်နိုင်ရန်လိုအပ်သည်။

ကုန်ကားတည်ထောင်သူများပြောလေ့ရှိသော မရှုံးခြောက်လ၊ ရှုံးခြောက်လနှင့် ကားဆွဲနေရသည်ဟူသော စကားမှာ အရှုံးများနှင့် အမြတ်များကို နှိုင်းယှဉ်လျှင် တစ်ဝက်စီလောက်ရှိသည်ဟုဖော်ပြသော်လည်း အရှုံးများကိုရင်ဆိုင်ရင်း အမြတ်ရှာကြသည်ဟု ဆိုနိုင်သည်။ မိမိတို့၏ရှုံးနိမ့်မှုကို လက်ခံ၍ အောင်မြင်မှုကိုရှာကြသည်ကို တွေ့နိုင်သည်။ အောင်မြင်သူတိုင်း ကျရှုံးမှုနှင့် ရင်ဆိုင်ဖူးသည်ဟူသောစကားကို မမေ့ဘဲ ရှုံးနိမ့်ချိန်တွင် မိမိ၏အမှားကို မြင်အောင်ရှာ၍ ကောင်းအောင်ပြင်နိုင်ရန် အရေးကြီးသည်။ အမှားကို မြင်အောင်မကြည့်၊ မရှာသူကသာ ရှုံးနိမ့်မှုကို ဆက်တိုက်ရင်ဆိုင်နေရမည်ဖြစ်သည်။

**အရေးအကြီးဆုံးအချက်ကို အာရုံအပြည့်စိုက်ပါ**

စီးပွားရေးလုပ်ငန်းတစ်ခုသည် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကိစ္စပေါင်းများစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်၊ ပြေလည်အောင် ဖြေရှင်းကျော်လွှားနေရသည်သာဖြစ်သည်။ လုပ်ငန်းတစ်ခုဖြစ်လာသည်နှင့် အကြောင်းအရာပေါင်းများစွာ၊ ဖြေရှင်းစရာအချက်အလက်များစွာကို အချိန်တိုင်းရင်ဆိုင်နေရမည်သာ ဖြစ်သည်။ လုပ်ငန်းငယ်တစ်ခုတွင် အရင်းအနှီးဆိုင်ရာကိစ္စများ၊ ကုန်ပစ္စည်းထားသိုရန်ကိစ္စများ၊ ကုန်ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းကိစ္စများ၊ နေ့စဉ်ရောင်းချရန်၊ ပြန်လည်ဖြည့်တင်းရန်ကိစ္စများ၊ သိုလှောင်ခြင်းဆိုင်ရာလိုအပ်ချက်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များ၊ ဝန်ထမ်းနှင့် လုပ်သားဆိုင်ရာကိစ္စများ၊ အစိုးရနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ပေါင်းသင်းဆက်ဆံနေရသည့်ကိစ္စများ စသည်ဖြင့် အမျိုးမျိုးအထွေထွေသော ကိစ္စများကို နေ့စဉ် အချိန်တိုင်းဖြေရှင်းနေရသည်သာဖြစ်သည်။

**❖ မည်သည့်လုပ်ငန်းငယ်တွင်မဆို ခေါင်းဆောင် သို့မဟုတ် လုပ်ငန်းရှင်သည်များစွာအရေးကြီးသည်။ ထို့ကြောင့် လုပ်ငန်းရှင်အနေဖြင့် ရိုးသားကြိုးစားမှုရှိရမည်။ လုပ်ငန်းနှင့်ဆက်စပ်သူများအားလုံးကို စိတ်ဝင်စားခြင်း၊ သစ္စာရှိခြင်းနှင့် သန္နိဋ္ဌာန်ခိုင်မာခြင်းတို့လည်း လိုအပ်သည်။ ထို့ပြင် လုပ်ငန်းနှင့်ပတ်သက်သည့် အသေးအဖွဲမကျန် အာရုံစိုက်နှစ်မြှုပ်ထားရန် လိုအပ်သည်။ ပါးနပ်လိမ္မာခြင်းနှင့် မည်သည်က အရေးကြီးသည်ကို ရွေးချယ်တတ်ခြင်းတို့ကလည်း အရေးကြီးသော စိတ်နေသဘောထားများဖြစ်သည်။ ❖**

အချိန်တိုင်းဆိုသည်နှင့်အညီ အချိန်ကိုစီမံခန့်ခွဲရန် (Time Management) သည် များစွာအရေးပါလာသည်။ ထို့ပြင် ဦးစားပေးများကို ရွေးချယ်ထားနိုင်ရန်လည်း များစွာအရေးကြီးလာတတ်သည်။ ထို့ပြင် လုပ်ငန်းငယ်များတွင် ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်းကို ရောထွေးလုပ်ကိုင်နေရသည်များလည်း ရှိတတ်သည်။ ထိုအခါမျိုးတွင် ကိစ္စများအားလုံးအပေါ် သေချာစွာခွဲခြားပြီး မည်သူက မည်သည့်ကိစ္စကို ဆောင်ရွက်မည်၊ မည်သည့်အချိန်တွင် မည်သည့်ကိစ္စကိုလုပ်ကိုင်မည် စသည်ဖြင့် တာဝန်ခွဲခြားဆောင်ရွက်ခြင်းနှင့် အရေးအကြီးဆုံးကိစ္စကို အာရုံအပြည့်စိုက်ထားပြီး ကိုယ်တိုင်အကောင်အထည်ဖော်သင့်သည်။

ပုဂံမှ ရွှေစည်းခုံဘုရားဘေး စောင်းတန်းများအနီးတွင် မြန်မာထမင်းဆိုင်တစ်ဆိုင်ရှိသည်။ ဆိုင်နာမည်ကို ဦးဖိုးကောင်းထမင်းဆိုင်ဟု ဆိုပါစို့။ ဦးဖိုးကောင်းသည် ဆိုင်ရှင်ဖြစ်ပြီး ငွေကိုင်ကောင်တာထိုင်သူမှာ ဇနီးသည်ဖြစ်သည်။ လုပ်သားများမှာ တူသားဆွေမျိုးများဖြစ်ကြသည်။ ထမင်းဟင်းချက်သူက သမီးဖြစ်သူဖြစ်သည်။ ဦးဖိုးကောင်းမှာ ပိုင်ရှင်ဖြစ်သည်။ သို့သော်လည်း ဆိုင်ရှေ့တွင် ဘုရားဖူးကားတစ်စီးဆိုက်သည်နှင့် လာပါ၊ ထိုင်ပါ၊ စားပါ၊ သောက်ပါ ကြိုဆိုသူမှာ ဦးဖိုးကောင်းသာဖြစ်သည်။ ထမင်းစားမည့်သူများ ဝင်လာလျှင် ခရီးဦးကြိုပြုပြီး ဆိုင်၏ ထမင်းစား စားပွဲများကိုသန့်ရှင်း၍ ဘာဟင်းနဲ့စားမလဲဟု မေးသူမှာလည်း ဦးဖိုးကောင်းသာဖြစ်နေတတ်သည်။ နောက်ကိုလှမ်းပြီး ဘာဟင်းနဲ့စားမယ်၊ ဘယ်နှပွဲဟု မှာသူမှာလည်း ဦးဖိုးကောင်းသာ ဖြစ်နေတတ်သည်။ ဟင်း၊ ထမင်းများ သွားယူခင်းကျင်းပေးသူမှာလည်း ဦးဖိုးကောင်းပင်ဖြစ်သည်။ စားပြီး ငွေချေပြန်သည့်အခါလည်း အမ်းစရာရှိလျှင်အမ်းပြီး ငွေတွက်ချက်သိမ်းဆည်းသည့်အခါလည်း ဦးဖိုးကောင်းသာဖြစ်နေတတ်သည်။ ထိုသို့ အသက်နှင့်မလိုက် စိတ်မြန်ပြီး အကုန်လိုက်လုပ်နေရသည်ကို ဆိုလိုသည်။ သေချာစွာ မစီမံတတ်သဖြင့် တစ်ဦးတည်းကသာ အကုန်လိုက်ပါလုပ်ကိုင်နေရပြီး ကျန်သူများက ရသလောက် အပါးခိုနေတတ်ကြသည်မှာ ပိုင်ရှင်ဦးဖိုးကောင်းတွင်ပင် တာဝန်ရှိသည်ဖြစ်သည်။ ထို့ကြောင့် ဦးဖိုးကောင်းကဲ့သို့မဖြစ်ရေးအတွက် အရေးကြီးဆုံးတစ်ချက်ကို သေချာအာရုံစိုက်ထားပြီး ကျန်ကိစ္စငယ်များကို သက်ဆိုင်သူတာဝန်ခံများခွဲခြားပြီး တာဝန်ခံစေခြင်းဖြင့် လုပ်ငန်းများကို ခွဲခြားလုပ်ကိုင်နိုင်ရန်လည်း အရေးကြီးသည်။

**အလုပ်အပေါ် ရင်ခုန်ပါ**

လုပ်ငန်းတစ်ခုကို စမတ်ကျကျနှင့် စနစ်တကျလုပ်ကိုင်လျှင် အောင်မြင်နိုင်သည်ဟု ပြောတတ်၊ ရေးတတ်ကြသည်။ သို့ရာတွင် လုပ်ငန်းခွင်တွင် ပျော်ရွှင်စရာကို မရှာတတ်ပါကလည်းကောင်း၊ ပျော်ရွှင်စရာရှိအောင် မလုပ်တတ်လျှင်လည်းကောင်း အောင်မြင်မှုရရန် ခက်ခဲတတ်သည်။ ထို့ပြင် ကိုယ်လုပ်ကိုင်သောလုပ်ငန်းနှင့်ပတ်သက်၍ ရင်ခုန်စိတ်လှုပ်ရှားတတ်ရန်လိုအပ်သည်။ လုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စများကို ရင်ခုန်စိတ်လှုပ်ရှားရမည်၊ စိတ်ဝင်တစားဖြစ်နေမည်ဖြစ်သည်။ မိမိအလုပ်ကိုမချစ်လျှင် လုပ်ငန်းတွင် အောင်မြင်မှုရနိုင်မည်မဟုတ်ပေ။ မိမိထုတ်လုပ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ရင်ခုန်စိတ်လှုပ်ရှားတတ်ရန်၊ အားထည့်ထား၊ အာရုံအပြည့်ထားရန် လိုအပ်မည်၊ ချစ်တတ်ရမည်ဖြစ်သည်။ ထို့ပြင် အလုပ်ခွင်တွင်ပျော်စရာရှာတတ်ရမည်၊ အလုပ်ခွင်တွင် ပျော်ပျော်နေနိုင်၊ လုပ်နိုင်ရန်လိုအပ်သည်။

**ဆက်စပ်သူများကို စစ်မှန်သော စိတ်ဝင်စားမှုထားပါ**

လုပ်ငန်းပိုင်ရှင်သည် မိရိုးဖလာအတွေးအခေါ်များမှာပင် လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေးကောင်းရမည်ဖြစ်သည်။ မည်သို့သောစီးပွားရေးလုပ်ငန်းတွင်မဆို လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေးရှိနေမည်သာဖြစ်သည်။ ထို့ကြောင့် မိမိလုပ်ငန်းနှင့်ဆက်စပ်သူများကို စိတ်ဝင်စားရန်လိုအပ်သည်။ လုပ်ငန်းနှင့်ဆက်စပ်သော ပုဂ္ဂိုလ်များကိုပါ မဖြစ်မနေ ပေါင်းသင်းဆက်ဆံနေရမည်ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေးကောင်းလျှင် လုပ်ငန်းတွင် သိရှိသူပေါများမည်ဖြစ်သည်။ လုပ်ငန်းများနှင့်ဆက်စပ်သည့်သူများမှာ နေရာတိုင်းတွင် ရှိနေမည်ဖြစ်ပြီး ဆက်ဆံရေးကောင်းမွန်ခြင်းသည် လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် များစွာလိုအပ်သည်။ ပေါင်းသင်းဆက်ဆံရသူများတွင် စိတ်ဓာတ်မမှန်သူများ၊ လိမ်လည်ညာစားတတ်သူများ၊ အပျင်းထူအလုပ်မလုပ်ရှောင်တတ်သူများ စသည်ဖြင့် လူမျိုးပေါင်းစုံ ပါဝင်တတ်သည်။ လူမျိုးစုံဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရသဖြင့် လုပ်ငန်းခွင်တွင် အားသာချက်ကို ရှာဖွေရခက်တတ်သော်လည်း အဆိုပါပုဂ္ဂိုလ်အားလုံးကို ဒူးနေရာဒူး၊ တော်နေရာတော် ထားနိုင်ရန်လိုအပ်သည်။

**ကူညီနိုင်မည့်သူကို ရှာဖွေထားပါ**

လုပ်ငန်းငယ်လေးများမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ် ဈေးကွက်အတွင်း ဝင်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် "အားလုံးလုပ်၊ အားလုံးယူ"သည့် စနစ်မျိုးကို တည်ဆောက်တတ်ကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် လုပ်ငန်းငယ်များတွင် တစ်ကြိမ်ရှုံးနိမ့်ခြင်းမျိုးကိုပင် ခံနိုင်ရည်နည်းတတ်သည်။ အရင်းအနှီးကို ထပ်မံထူထောင်ရန်မှာ ကိုယ်ပိုင်ငွေကြေးဖြင့် ခက်ခဲနေတတ်သည်။ ထို့ကြောင့် ရင်းနှီးသောမိတ်ဆွေများ သို့မဟုတ် ဘဏ်များ၊ ငွေချေးငှားနိုင်သည့်နေရာဌာနများကိုလည်း သိရှိထားရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းအနေဖြင့် တိုးတက်မှုနှေးကွေးခြင်း၊ အဆုံးအရှုံးများနေခြင်း စသည့်အခြေအနေမျိုးကို ကြုံတွေ့ရသည့်အခါတွင် ကူညီစောင့်ရှောက်မည့်သူများရှိနေရန်လိုအပ်သည်။ မိတ်ဆွေရင်းချာများနှင့်ကူညီမည့်သူများကို ရရှိထားသူသည် ထီပေါက်သည်ထက်ပင် တန်ဖိုးရှိသောအရာကို ပိုင်ဆိုင်ထားသည်ဟု ဆိုချင်သည်။ ငွေချေးငှားမည့်သူများရှိထားခြင်းသည်လည်း လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် များစွာအရေးပါသည်။ လုပ်ငန်းရှင်ကိုယ်တိုင်၏ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ အနစ်နာခံပေါင်းသင်းတတ်မှု၊ စိတ်ရင်းစေတနာကောင်းမှုများသည် ပေါင်းသင်းဆက်ဆံရေးကိုတိုးတက်ကောင်းမွန်စေပြီး လိုအပ်ချိန်တွင် အလွယ်တကူ ကူညီမည့်သူများဖြစ်လာတတ်သည်။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံရေးကောင်းခြင်းနှင့် လုပ်ငန်းတွင် အထောက်အကူရနိုင်ခြင်းသည် ဆက်စပ်နေတတ်သည်။

စီးပွားရေးလုပ်ငန်းငယ်များအတွက် အထက်တွင်ဖော်ပြထားသည့် အချက်ငါးချက်မှာ အခြေခံစိတ်ရင်းစေတနာနှင့် ထားရှိသင့်သည့် စိတ်နေသဘောထားများဖြစ်ကြသည်။ ထို့ပြင် မည်သည့်လုပ်ငန်းငယ်တွင်မဆို ခေါင်းဆောင် သို့မဟုတ် လုပ်ငန်းရှင်သည် များစွာအရေးကြီးသည်။ ထို့ကြောင့် လုပ်ငန်းရှင်အနေဖြင့် ရိုးသားကြိုးစားမှုရှိရမည်။ လုပ်ငန်းနှင့်ဆက်စပ်သူများအားလုံးကို စိတ်ဝင်စားခြင်း၊ သစ္စာရှိခြင်းနှင့် သန္နိဋ္ဌာန်ခိုင်မာခြင်းတို့လည်းလိုအပ်သည်။ ထို့ပြင် လုပ်ငန်းနှင့်ပတ်သက်သည့် အသေးအဖွဲမကျန် အာရုံစိုက်နှစ်မြှုပ်ထားရန်လိုအပ်သည်။ ပါးနပ်လိမ္မာခြင်းနှင့် မည်သည်က အရေးကြီးသည်ကို ရွေးချယ်တတ်ခြင်းတို့ကလည်း အရေးကြီးသော စိတ်နေသဘောထားများဖြစ်သည်။

ပေါင်းသင်းဆက်ဆံရေးကောင်းသူများကို ကြည့်လျှင် အများအကျိုးသယ်ပိုးချင်စိတ်၊ အနစ်နာခံတတ်သည့်စိတ်များ ကြီးမားကြသည်ကို တွေ့နိုင်မည်ဖြစ်သည်။ အပြုံးဖြင့် သည်းခံတတ်ကြရန်လည်း လိုအပ်သည်။ ထို့ကြောင့် စီးပွားရေးအောင်မြင်ရန်အတွက် ထားရှိရမည့်စိတ်နေသဘောထားသည် များစွာအရေးကြီးပြီး လုပ်ငန်းငယ်လေးများအောင်မြင်ရေးအတွက် သော့ချက်များပင်ဖြစ်ကြသည်။ တစ်နည်းအားဖြင့် ခေါင်းဆောင်စိတ်ရှိရန်လိုအပ်သည်။ စိတ်တွင်းမှ ကြီးကျယ်သောမျှော်မှန်းချက်များလည်း ချမှတ်ထားပြီး အာရုံစူးစိုက်မှုအပြည့်ဖြင့် လုပ်ကိုင်မည်ဆိုပါက အောင်မြင်မှုသည် အလှမ်းမဝေးပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- paysimple.com-blog

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးဧက ၁၅၉၆၀ ရိတ်သိမ်းပြီးစီး

**တမူး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးဧက ၁၅၉၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။



တမူးခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၅၉၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၈၂ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မိုးစပါးဧက ၄၈၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ မိုးစပါးစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်ဧကတွေလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၄၃၂၂ ဧက၊ တမူးမြို့နယ်တွင် ၄၄၀၁ ဧက၊ ခါမ်းပါတ်မြို့တွင် ၇၂၃၇ ဧက စုစုပေါင်းဧက ၁၅၉၆၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၉၄၇၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မြို့သစ်မြို့နယ်တွင် ၁၂၈၆၁ ဧက၊ တမူးမြို့နယ်တွင် ၁၄၈၀၇ ဧက၊ ခါမ်းပါတ်မြို့တွင် ၂၁၀၆၈ ဧက စုစုပေါင်း ၄၈၇၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တမူးခရိုင်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများသုံးစွဲတတ်စေရန် နည်းပညာများ ဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇေယျာသီရိမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရွာသစ်ကြီးကျေးရွာ၌ လမ်းအရှည် တစ်မိုင် ၇ ဒသမ ၀၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေ၊ ရိုးစာကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၂ ဒသမ ၆၈၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် MAEC ကုမ္ပဏီက အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၆၀ ရှိ လူဦးရေ ၁၅၃၁ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

## လှပချစ်စရာ ဟေမန်ခါ

- နှင်းငွေ့တွေ လေမှာမြူး
  အလှထူးတဲ့ ဟေမန်ခါ၊
  စိမ့်စိမ့်လာ အအေးလှိုင်း
  မှိုင်းမှိုင်းညို့ကာ၊
  မြင်သမျှ ရသပါ
  ပီတိဖြာ ရင်မှာအေး၊
  ကျေးငှက်တွေ တေးဆိုကျူးကြ
  ပျော်မြူးနေသေး။

- နေခြည်လာ လဲ့လဲ့ပြေး
  နှင်းပွင့်လေး မြူးကြွနေ၊
  မြေပြင်ပေါ် နှင်းစက်ကျလျက်
  စည်းချက်သံတွေ၊
  ငွေမင်းသမီး ယိမ်းကပေ
  သိပ်လှချေ စိတ်ကြည်နူး၊
  အေးချမ်းစွာ ဘဝနှလုံး
  ရွှင်ပြုံးအထူး။

- တော်ဝင်စံ ပင်မြင့်ဦး
  ဖူးပွင့်တဲ့ ပန်းသဇင်၊
  လှပပုံ အသွင်ဆန်း
  ပန်းတို့အရှင်၊
  နှင်းရည်သောက် လန်းကာရွှင်
  ယိမ်းကာပင် သူဝင့်ကြွား၊
  မွှေးပျံ့ကာ ဂုဏ်သတင်းက
  ထုံသင်းအကြိုက်များ။

- လယ်ယာတွင် ရွှေစပါး
  ဖွံ့ထွားလို့ မှည့်ချိန်အခါ၊
  မြင်မြင်ရာ ရွှေအဆင်းက
  အခင်းတိုင်းမှာ၊
  ပွင့်လင်းစ ရာသီပါ
  ပေါင်းစုကာ အလှူပွဲ၊
  မြိုင်ဆိုင်ကာ ရိုးရာမပျက်
  တိုးကာဆက် စည်ကားနေ
  မြူးပျော်ပေ အကအလှနဲ့
  လှည့်ကြလို့နွဲ။ ။


မြင့်မိုရ်လင်း(ချောင်းဆုံ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

# ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်



**နယူးယောက် ဒီဇင်ဘာ ၉**

ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဒီဇင်ဘာ ၈ ရက်က မဲခွဲခဲ့ရာ အမေရိကန်နိုင်ငံက ဗီတိုအာဏာသုံး၍ ပိတ်ပင်ခဲ့ကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံက တင်သွင်းထားသော အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲရာတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၃ နိုင်ငံတို့က ထောက်ခံခဲ့ကြသော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၈ ရက် လုံခြုံရေးကောင်စီမဲခွဲပွဲတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗြိတိန်နိုင်ငံမှာ ပါဝင်မဲပေးခြင်းမရှိကြောင်း သိရသည်။

ယူအေအီး၏လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြောင်းတရားများအရ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့အနေဖြင့် အပစ်အခတ်များချက်ချင်းရပ်ပေးရန် တောင်းဆိုထားသည်။

ဂါဇာစစ်ပွဲတွင် အပစ်အခတ်ရပ်စဲမှုရယူပါက ဟားမတ်စ်အုပ်စုအတွက်သာ အကျိုးကျေးဇူးရှိလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့က ပြောကြားထားသည်။

ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲစတင်ခဲ့ရခြင်းဖြစ်ကာ ယခုအခါ နှစ်လကျော်ကြာကာလသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ၂၀၂၄ ခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲ၌ သမ္မတပူတင် ထပ်မံယှဉ်ပြိုင်မည်

**မော်စကို ဒီဇင်ဘာ ၉**

လာမည့်နှစ်တွင် ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲ၌ ထပ်မံပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က ဒီဇင်ဘာ ၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ကျင်းပခဲ့သည့် ရုရှားတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဘွဲ့တံဆိပ်ချီးမြှင့်ပွဲတွင် ရွေးကောက်ပွဲ ထပ်မံ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲထပ်မံယှဉ်ပြိုင်ရေးအတွက် မိမိအနေဖြင့်အတွေးအမျိုးမျိုးရှိခဲ့ကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရေးအတွက် မိမိဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သမ္မတပူတင်က ဘွဲ့တံဆိပ်ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ယူကရိန်းနှင့်စစ်ရေးပဋိပက္ခဖြစ်ပွားနေသော်လည်း ရုရှားသမ္မတပူတင် ရယူထားနိုင်သည့် လူထုထောက်ခံမှုနှုန်းထားမှာ ၈၀ ရာခိုင်နှုန်းထိရှိကြောင်း လွတ်လပ်သောလူထုဆန္ဒစစ်တမ်းကောက်ခံချက်ရလဒ်များအရ သိရသည်။

သို့သော် သမ္မတပူတင်အနေဖြင့် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက ၎င်းသာလျှင်အနိုင်ရရှိရန် သေချာသလောက်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အသက် ၇၁ နှစ်အရွယ် သမ္မတပူတင်သည် ဆိုဗီယက်ခေါင်းဆောင် ဂျိုးဆက်စတာလင် နောက်ပိုင်းရာထူးသက်တမ်းအရှည်ဆုံး ရုရှားခေါင်းဆောင် တစ်ဦးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တရုတ်ခေါင်းဆောင်များက စီးပွားရေးစီမံကိန်းများဆိုင်ရာ နှစ်စဉ်ဆွေးနွေးပွဲကျင်းပ

**ပေကျင်း ဒီဇင်ဘာ ၉**

စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့်တင်ရာတွင် အထောက်အကူပေးနိုင်ရေးအတွက် အသုံးစရိတ်မြှင့်တင်ရန် နှစ်စဉ်ကျင်းပမြဲ စီးပွားရေးစီမံချက်များဆိုင်ရာ ဆွေးနွေးပွဲကို တရုတ်ခေါင်းဆောင်များက ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည်။



တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုမြှင့်တင်ရေး၊ စီးပွားရေးပြဿနာများကိုလျှော့ချရေးနှင့် စီးပွားရေးတည်ငြိမ်မှုရှိမာစေရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲကို တရုတ်သမ္မတရှီကျင့်ဖျင်ကိုယ်တိုင်ဦးဆောင်ခဲ့သည်။

သို့ရာတွင် အဆိုပါဆွေးနွေးပွဲ၌ ချမှတ်ခဲ့သော တရုတ်နိုင်ငံ၏စီးပွားရေးမူဝါဒ အပြောင်းအလဲများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တရုတ်အစိုးရမီဒီယာများက ကြေညာထားခြင်းမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ငါးရာခိုင်နှုန်းထိရှိနိုင်ကြောင်း ယခင်ခန့်မှန်းချက်များအရ သိရသည်။

အဆိုပါစီးပွားရေးဖွံ့ဖြိုးမှုနှုန်းခန့်မှန်းချက်ရာနှုန်းသည် တရုတ်အစိုးရကရည်မှန်းထားသော စီးပွားရေးဖွံ့ဖြိုးမှုနှုန်းပင်ဖြစ်သည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအလွန်ကာလ တရုတ်စီးပွားရေးပြန်လည်ဦးမော့လာမှုမှာ ကြာမြင့်မှုမရှိခဲ့ခြင်းကြောင့် လာမည့်နှစ်တွင် တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ နှေးကွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပဲရစ်မြို့ရှိ လုပ်အနုပညာပြတိုက်ဝင်ကြေးကို လာမည့်နှစ်တွင် ၂၉ ရာခိုင်နှုန်းမြှင့်တင်မည်

**ပဲရစ် ဒီဇင်ဘာ ၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ လုပ်အနုပညာပြတိုက်သည် ပြတိုက်ဝင်ကြေးကို လာမည့်နှစ်မှစ၍ ၂၉ ရာခိုင်နှုန်းမြှင့်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လုပ်ပြတိုက်၏ ဝင်ကြေးကိုမြှင့်တင်ရန် ပြင်သစ်နိုင်ငံစီစဉ်ထားမှုကြောင့် လာမည့်နှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်သို့ လာရောက်မည့် ခရီးသွားဧည့်သည်များအတွက် ကုန်ကျစရိတ်ပိုမြင့်မားလာနိုင်သည်။

လုပ်အနုပညာပြတိုက်၏ဝင်ကြေးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ လက်ရှိ ၁၇ ယူရိုမှ ၂၂ ယူရိုသို့မြှင့်တင်မည်ဖြစ်ကြောင်း လုပ်ပြတိုက်က ဒီဇင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လုပ်ပြတိုက်တာဝန်ရှိသူများက ပြတိုက်ဝင်ကြေးကို ၂၀၁၇ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်ခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာကျော်မိုနာလီဇာပန်းချီကားတည်ရှိရာ လုပ်ပြတိုက်သည် ကမ္ဘာပေါ်၌ ဝင်ရောက်ကြည့်ရှုသူအများဆုံးပြတိုက်ဖြစ်သည်။

၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပွဲတော်အတွက် ပြင်ဆင်နေချိန် ပဲရစ်မြို့၌ နေ့စဉ်ကုန်ကျစရိတ်များမြင့်တက်နေစဉ်မှာပင် လုပ်ပြတိုက်ကလည်း ပြတိုက်ဝင်ကြေးမြှင့်တင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# အဇာဘိုင်ဂျန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းခွင့်ရရှိ

**ဘာကူး ဒီဇင်ဘာ ၉**

အိမ်နီးချင်း ရန်ဖက်နိုင်ငံဖြစ်သည့် အာမေးနီးယားနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် အဇာဘိုင်ဂျန်နိုင်ငံသည် ၂၀၂၄ ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ကြိုးပမ်းခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေးအတွက် အဇာဘိုင်ဂျန်နိုင်ငံ၏ ကြိုးပမ်းမှုကို ဗီတိုအာဏာဖြင့် ပိတ်ပင်မည်မဟုတ်ကြောင်း အာမေးနီးယားနိုင်ငံက ဒီဇင်ဘာ ၇ ရက်တွင် သဘောတူခဲ့သည်။

၂၀၂၄ ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံအတွက် အိမ်ရှင်နိုင်ငံရွေးချယ်ရေးကိစ္စကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့၌ လက်ရှိကျင်းပနေသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ၌ ဆွေးနွေးဆဲဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးညီလာခံ(၂၀၂၄)ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကြိုးစားလာပါက ဗီတိုအာဏာဖြင့်ပိတ်ပင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံကပြောကြားထားရာ ၎င်းညီလာခံအတွက် အိမ်ရှင်နိုင်ငံရွေးချယ်ရေးမှာ ပထဝီနိုင်ငံရေးအရ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့ရသည်။

၂၀၂၄ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဇာဘိုင်ဂျန်နိုင်ငံက ကြိုးပမ်းခွင့်ရှိလာမှုအတွက် ရုရှားအစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးသော်လည်း အဆိုပါညီလာခံအတွက် အိမ်ရှင်ရွေးချယ်ရာတွင် ကုလသမဂ္ဂ၏ ဥရောပအရှေ့ပိုင်းဒေသကြီးအုပ်စုဝင်နိုင်ငံအားလုံး၏ ထောက်ခံမှုရရှိရန် လိုအပ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ် ဒီဇင်ဘာ ၁၀ ရက်တွင် အကွာအဝေးစံချိန်တင်ပျံသန်းရန် စီစဉ်ထား



**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် ဒီဇင်ဘာ ၁၀ ရက်တွင် အကွာအဝေးစံချိန်တင် ပျံသန်းရန် စီစဉ်ထားကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ဒီဇင်ဘာ ၁၀ ရက်တွင် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၆၈ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ရန် စီစဉ်ထားသည်။

၆၈ ကြိမ်မြောက် အင်္ဂါဂြိုဟ်လေထုလွှာ ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အကွာအဝေး ၂၇၁၇ ပေထိ ပျံသန်းမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ယခင်က စံချိန်တင်အဝေးဆုံး အကွာအဝေးအဖြစ် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ပေပေါင်း ၂၃၁၀ ထိ ပျံသန်းခဲ့ဖူးကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလက ပြုလုပ်ခဲ့သော ၂၅ ကြိမ်မြောက် ကင်းထောက် ပျံသန်းမှုအတွင်း အထက်ပါအကွာအဝေးထိ စံချိန်တင် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်နှင့်အတူ အင်္ဂါဂြိုဟ်၏ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာအာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယို ပျောက်ဆုံးခဲ့သောခရမ်းချဉ်သီးကို နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်မှာပင် ပြန်လည်တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယို ပျောက်ဆုံးခဲ့သော ခရမ်းချဉ်သီးကို နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်မှာပင် ပြန်လည်တွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်မှ လက်ရှိအာကာသယာဉ်မှူးများသည် နာဆာအာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယို ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ၎င်းပျောက်ဆုံးခဲ့သော ခရမ်းချဉ်သီးကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါခရမ်းချဉ်သီး ပျောက်ဆုံးမှုကြောင့် နာဆာအာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယိုမှာ ခရမ်းချဉ်သီး ခိုးစားခဲ့သည်ဟူသော နောက်ပြောင်စွပ်စွဲမှုများဖြင့်ရင်ဆိုင်ခဲ့ရသည်။



ဖရင့်ခ်ရူဘီယို၏ အထက်ပါ ခရမ်းချဉ်သီးသည် နေရာအထားမှားမှုကြောင့် ယခုနှစ် မတ်လတွင် ပျောက်ဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရမ်းချဉ်သီးသည် နိုင်ငံတကာအာကာသစခန်းပေါ်၌ ပြုလုပ်ခဲ့သော Veg-05 အမည်ရှိ စိုက်ခင်းစမ်းသပ်မှုမှ ထွက်ရှိခဲ့သည့် ခရမ်းချဉ်သီးများထဲတွင် ပါဝင်သည်။

နာဆာအာကာသယာဉ်မှူး ဖရင့်ခ်ရူဘီယိုသည် ယခုနှစ် စက်တင်ဘာလတွင် နိုင်ငံတကာ အာကာသစခန်းမှတစ်ဆင့် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ် နေကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယအာကာသအေဂျင်စီ၏ အဒိတျာ-အယ်လ် ၁ အမည်ရှိ နေလေ့လာရေး အာကာသယာဉ်သည် နေကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အဒိတျာ-အယ်လ် ၁ နေလေ့လာရေး အာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို ယခုသီတင်းပတ်အစောပိုင်းတွင် SUIT အမည်ရှိ ကင်မရာစနစ်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာ ၂ ရက်တွင် လွှတ်တင်ခဲ့သည့် အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော နေလေ့လာရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အဒိတျာ-အယ်လ် ၁ သည် စက်တင်ဘာလကုန်ပိုင်းတွင် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအောက်မှ လွတ်မြောက်ခဲ့ပြီးနောက် ၎င်းနေရာယူမည့် အာကာသနယ်မြေဆီသို့ ဦးတည်ပျံသန်းနေဆဲဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် နေနှင့်ကမ္ဘာ၏ ဒြပ်ဆွဲအားများ ဆုံစည်းနေသည့် ပတ်လမ်းပေါ်တွင်နေရာယူ၍ နေစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဒိတျာ-အယ်လ် ၁ သည် ကမ္ဘာမြေနှင့်မိုင်တစ်သန်းခန့်အကွာတွင်ရှိသော အဆိုပါပတ်လမ်းနေရာဆီသို့ ယခုလအတွင်း သို့မဟုတ် လာမည့်နှစ် ဇန်နဝါရီလအတွင်း ရောက်ရှိနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## သွေးလေးဖက်နာရောဂါကုဆေးတစ်မျိုးက ပုံစံ-၁ ဆီးချိုကုသရာတွင် အထောက်အကူပြုနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၉**

သွေးလေးဖက်နာရောဂါ (Rheumatcid Arthritis) ကို ကုသရာတွင် အသုံးပြုသည့် ဆေးဝါးတစ်မျိုးသည် ပုံစံ-၁ ဆီးချိုရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Baricitinib အမည်ရှိ အဆိုပါဆေးသည် ရောဂါစစ်ဆေးတွေ့ရှိပြီးကာလ ပုံစံ-၁ ဆီးချိုလူနာများ၏ သဘာဝအလျောက် အင်ဆူလင်ဟော်မုန်းထုတ်နိုင်စွမ်းကို ထိန်းပေးထားနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ပုံစံ-၁ ဆီးချိုစတင်ဖြစ်ပွားခါစ လူနာ ၉၁ ဦးဖြင့် Baricitinib ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Baricitinib ဆေးဖြင့် ကုသမှုခံယူခဲ့သူအများစုတွင်ပါဝင်သော လူနာများသည် အဆိုပါဆေးမသုံးခဲ့ရသူ လူနာများနှင့်နှိုင်းယှဉ်ပါက ပုံစံ-၁ ဆီးချိုရောဂါကုသရာတွင် အင်ဆူလင်ဟော်မုန်းရယူရန် လိုအပ်မှုသိသိသာသာနည်းပါးသွားကြောင်း သိရသည်။

ပုံစံ-၁ ဆီးချိုရောဂါသည် လူ့ခုခံအားစနစ်က အင်ဆူလင်ဟော်မုန်းထုတ်ပေးသည့် ပန်ကရိယအင်္ဂါဘီတာဆဲလ်များကို မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သည့် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါဖြစ်ကြောင်း၊ ပုံစံ-၁ ဆီးချိုလူနာများသည် သဘာဝအလျောက် အင်ဆူလင်ဟော်မုန်း လုံလုံလောက်လောက်မထုတ်နိုင်မှုကြောင့် အင်ဆူလင်ဟော်မုန်း ထိုးနှံဖြည့်တင်းပေးရန် လိုအပ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နှမ်းကြတ်စေ့များက အမျိုးသမီးများ၌ ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၉**

နှမ်းကြတ်စေ့(Flaxseeds) များသည် အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၈ ရက်တွင် ပြောကြားသည်။

အမေရိကန်နှင့် ကနေဒါသုတေသနပညာရှင်များသည် Lignan ဟုခေါ်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုးပါဝင်သော နှမ်းကြတ်စေ့ဆီများကို တိုက်ကျွေး၍ စောင့်ကြည့်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှမ်းကြတ်စေ့ဆီတိုက်ကျွေးထားသောကြွက်များ၌ ရင်သားကင်ဆာဖြစ်နိုင်ခြေကျဆင်းသွားသည်ကို တွေ့ရကြောင်း သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် ဓာတ်စာပုံစံသစ်များ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

နှမ်းကြတ်စေ့ဆီတွင်ပါဝင်သော Lignan ဓာတုဒြပ်ပေါင်းများသည် ရင်သားကင်ဆာဆဲလ်များကြီးထွားလာစေရန် စေ့ဆော်တတ်သည့် mi-RNAS ခေါ် မော်လီကျူးတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များအရ နှမ်းကြတ်စေ့၏ Lignan ဓာတုဒြပ်ပေါင်းများသည် ရောင်ရမ်းမှုလျှော့ချနိုင်သည့် ဂုဏ်သတ္တိပိုင်ဆိုင်ထားသလို ကိုယ်ခန္ဓာ၏ အက်စ်ထရိုဂျင်ဟော်မုန်းထုတ်လုပ်မှုကို လျှော့ချပေးခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ကန်နဲလိုအယ်ဗာရက်ဇ်က ဘီနာဗီဒက်ဇ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဟု ပြောကြား




**မဏ္ဍလေးဆိုင်ဝိုး ဒီဇင်ဘာ ၉**

WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်က WBC ယာယီစူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်ဇ်နှင့် ထိုးသတ်သွားရန်အတွက် ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် အခြားသောပြိုင်ဘက်များ၏ ကမ္ဘာ့ချန်ပီယံစိန်ခေါ်မှုကိုလက်ခံရရှိထားသလို စည်းမျဉ်းဥပဒေများအရ လက်ခံထိုးသတ်ရမည့် ပြိုင်ဘက်များရှိနေသော်လည်း ၎င်းသည် စူပါမစ်ဒယ်ဝိတ်တန်း လောက၏ ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်သလို လက်ရှိအချိန်တွင် လက်ဝှေ့လောက၏ ဘုရင်ဖြစ်သည့်အတွက်ကြောင့် မိမိဆန္ဒရှိသလိုဆုံးဖြတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် ၂၀၂၄ ခုနှစ် မေလတွင် စည်းမျဉ်းစည်းကမ်းအရ လက်ရှိချန်ပီယံဆုများကို ကာကွယ်ထိုးသတ်ရမည်ဖြစ်သလို စက်တင်ဘာလတွင်လည်း ချန်ပီယံကာကွယ်ပွဲစဉ်များထိုးသတ်ရန် ပွဲချိန်ဇယားစီစဉ်ထားပြီးဖြစ်သည်။

မေလတွင် ထိုးသတ်သွားမည့် ပြိုင်ဘက်များအနေဖြင့် အမေရိကန်လက်ဝှေ့သမား ဂျာမောချာလို၊ မက္ကဆီကိုလက်ဝှေ့သမားမန်ဂိုယာတို့က ရေပန်းစားနေသလိုကန်နဲလိုအယ်ဗာရက်ဇ်ကို ထိုးသတ်ခွင့်ရရှိထားသူများဖြစ်သည်။

ကန်နဲလိုအယ်ဗာရက်ဇ်က "ကျွန်တော်နဲ့ ပတ်သက်ပြီးတော့ သတင်းတွေ အမျိုးမျိုးထွက်နေကြသလို ထင်ကြေးအမျိုးမျိုးပေးနေကြတယ်။ ကျွန်တော်ကတော့ ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်းလုပ်မယ်။ ဒီအချိန်မှာ ကျွန်တော်က ဘုရင်ပဲ။ ကျွန်တော်လုပ်ချင်တာလုပ်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## ပရော်ဖက်ရှင်နယ်ပြိုင်ပွဲ ၁၂၀၀ ပြည့်ပွဲစဉ်တွင် ဂိုးသွင်းနိုင်သည့်မှတ်တမ်းကောင်းတစ်ရပ် စီရော်နယ်ဒို ရရှိ

**ရီယာ့ဒ် ဒီဇင်ဘာ ၉**

တိုက်စစ်မှူး စီရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့်အယ်ရီယာ့ဒ်အသင်းတို့ကစားခဲ့သည့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် ပရော်ဖက်ရှင်နယ်ပြိုင်ပွဲပေါင်း ၁၂၀၀ ပြည့်သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကိုရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံး သမိုင်းတစ်လျှောက်တွင် ပရော်ဖက်ရှင်ပြိုင်ပွဲပေါင်း ၁၃၈၇ ပွဲထိကစားထားသည့် အင်္ဂလန်အသင်းဂိုးသမားဟောင်း ရှယ်တန်သည် ပွဲအများဆုံးကစားထားသည့်ကစားသမားအဖြစ်ရပ်တည်လျက်ရှိပြီး ယခုအခါ တိုက်စစ်မှူးစီရော်နယ်ဒိုက ပြိုင်ပွဲပေါင်း ၁၂၀၀ ပြည့်မြောက်ခဲ့သောကြောင့် ၎င်း၏စံချိန်ကိုလိုက်မီရန် နီးစပ်လာခဲ့သည်။

အသက် ၃၈ နှစ်ရှိ တိုက်စစ်မှူး စီရော်နယ်ဒိုသည် အယ်ရီယာ့ဒ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ကစားသမားဘဝတစ်လျှောက် သွင်းဂိုးပေါင်း ၈၆၈ ဂိုးထိ ရှိလာခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင်လည်း ၁၆ ပွဲကစားခဲ့ရာတွင် ၁၆ ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## Grant Thornton Invitational ပြိုင်ပွဲ အမှတ်ပေးဇယားကို တိုနီဖီနော့နှင့် နယ်လီကော့ဒါတို့အတွဲဦးဆောင်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် နေပယ်လ်မြို့တွင်ကျင်းပနေသည့် Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါတို့အတွဲက သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားဂလိုဗာနှင့်အိုင်ယာလန်ဂေါက်သီးရိုက်မယ် မက်ဂွဲယားတို့အတွဲနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမားမက္ကာသီ၊ အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်းတို့အတွဲက သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမားဂျက်ဆင်ဒေးနှင့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုတို့အတွဲက သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမျိုးသားနှင့် အမျိုးသမီးဂေါက်သီးရိုက်ကစားသမား အတွဲလိုက်ယှဉ်ပြိုင်ရသည့် Grant Thornton Invitational ဂေါက်သီးရိုက်ပြိုင်ပွဲသည် ခရစ္စမတ်ပွဲတော်မတိုင်မီကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ပြီး ပရိသတ်များနှစ်သက်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# မန်ယူအသင်းက ကစားသမားလေးဦးကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်

**မန်ချက်စတာ ဒီဇင်ဘာ ၉**




မန်ယူအသင်းသည် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့၊ တိုက်စစ်မှူးမာရှယ်နှင့် လူငယ်ကစားသမား ဟန်နီဘယ်တို့ကို လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

နည်းပြ တန်ဟတ်အနေဖြင့် ယခင်က ဝမ်ဘစ်ဆာကာ၊ လင်ဒီလော့၊ မာရှယ်တို့ကိုရောင်းချသွားရန် ဆုံးဖြတ်ထားသော်လည်း အဆိုပါကစားသမားများအနေဖြင့် လက်ရှိ အသင်း၏ အဓိက ကစားသမားများ ဒဏ်ရာရရှိချိန်တွင် အသင်းအတွက်ပါဝင်၍ ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် နည်းပြတန်ဟတ်က သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ဝမ်ဘစ်ဆာကာနှင့် လင်ဒီလော့တို့သည် လာမည့် ၂၀၂၄ ခုနှစ်ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ဝမ်ဘစ်ဆာကာသည် ယခုနှစ်ဘောလုံးရာသီအသင်းနှင့် ပါဝင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၁ ပွဲ၌ ပုံစံကောင်းပြသ၍ ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သကဲ့သို့ လင်ဒီလော့သည်လည်း ခံစစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ကာ ပြိုင်ပွဲစုံ ၁၈ ပွဲတွင် သွင်းဂိုး တစ်ဂိုးနှင့်ဖန်တီးမှုတစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနေသောကြောင့် နည်းပြတန်ဟတ်က တစ်နှစ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မာရှယ်နှင့် ဟန်နီဘယ်တို့သည်လည်း ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်း၏တိုက်စစ်ပိုင်းနှင့် ကွင်းလယ်ပိုင်းတို့တွင် ဒဏ်ရာရ ကစားသမားမြင့်တက်လာသောကြောင့် ၎င်းတို့ကိုလည်း အလွတ်ပြောင်းရွှေ့ခွင့်မပြုတော့ဘဲ တစ်နှစ်သက်တမ်းတိုးနိုင်ရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမားဂူမာရေ့စ်ကို ကစားသမားတစ်ဦးအလိုက်ပေး၍ စတာလင်ပေါင် သန်း ၁၀၀ ဖြင့်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- ဗင်နီစီးယက်စ်၏ဒဏ်ရာအခြေအနေမှာ လာမည့်ဇန်နဝါရီလမှသာ အသင်းနှင့်ပူးပေါင်းနိုင်မည်ဖြစ်ပြီး စပိန်စူပါဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- နော်တင်ဟမ်အသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြစတိဗ်ကူးပါး၏နေရာတွင် ဝုဗ်အသင်းနှင့် လမ်းခွဲခဲ့သည့် လိုပက်တီဂူနှင့်အစားထိုးရန်စီစဉ်နေကြောင်း သိရသည်။

**ML**

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း နစ်ခ်ကိုင်ဂျီအိုစ် ပြောကြား

**ကင်ဘာရာ ဒီဇင်ဘာ ၉**

ဩစတြေးလျတင်းနစ်ကစားသမားနစ်ကိုင်ဂျီအိုစ်သည် လာမည့် ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ဩစတြေးလျ ပရိတ်သတ်များ၏မျှော်လင့်ချက်ဖြစ်သည့် အသက် ၂၈ နှစ်အရွယ် နစ်ခ်ကိုင်ဂျီအိုစ်သည် ယခုနှစ်တင်းနစ်ရာသီတွင်လည်း ခြေဖဝါးဒဏ်ရာ၊ ဒူးဒဏ်ရာနှင့် လက်ကောက်ဝတ်ဒဏ်ရာတို့ကြောင့် အဓိကပြိုင်ပွဲကြီးလေးခုကို လွဲချော်ခဲ့ရသူဖြစ်ပြီး ဒဏ်ရာပျောက်ကင်းသက်သာရန် အချိန်ပေးရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအိုစ်သည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုနှစ်တင်းနစ်ရာသီတွင် ဒဏ်ရာကို ကြိုးစားကုသခဲ့သော်လည်း ဒဏ်ရာအခြေအနေမှာ သိသိသာသာ တိုးတက်လာခြင်းမရှိသည့်အတွက် ဝမ်းနည်းစွာဖြင့်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအိုစ်က "ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဆိုတာ တင်းနစ်ရာသီတစ်ရာသီမှာ ကျွန်တော်ကစားချင်ဆုံး ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အဆင်သင့်ဖြစ်နေဖို့အတွက် ဒီနှစ်အတွင်းမှာ ခန္ဓာကိုယ်ကို သေချာဂရုစိုက်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ဆန္ဒရှိနေပေမဲ့လဲ ကိုယ်ခန္ဓာကခွင့်မပြုနိုင်သေးတဲ့ အခြေအနေဖြစ်နေတယ်။ ပြိုင်ပွဲနဲ့လွဲချော်ရတဲ့အခြေအနေနဲ့ပတ်သက်ပြီး အရမ်းစိတ်ပျက်နေမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ကချင်ယူနိုက်တက်အသင်းကိုအနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ပြိုင်ပွဲပြီးဆုံးရန်တစ်ပွဲအလိုတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့



ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲကျန် ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုမှာပင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၁၉ မိနစ်၌ စိုင်းအောင်က ကချင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၂၄ မိနစ်တွင် ဇယ်လိုက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်မြှင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် နန္ဒကျော်နှင့် ပွဲချိန် ၈၁ မိနစ်တွင် ရဲမင်းသူတို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၄ မိနစ်တွင် S Gun Lum က ကချင်ယူနိုက်တက်အသင်းအတွက် ဒုတိယချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ၁၉ ပွဲနိုင် နှစ်ပွဲသရေ ရမှတ် ၅၉ မှတ်ဖြင့် လေးရာသီဆက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ငါးကြိမ်မြောက်ဆုဖလား ရယူနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ပါမီးယက်စ်ကစားသမား အက်စတီဗာအိုဝီလျံကို ယူရိုသန်း ၄၀ ဖြင့် ချဲလ်ဆီးအသင်းခေါ်ယူနိုင်ခဲ့ဟုဆို

လန်ဒန် ဒီဇင်ဘာ ၉

ချဲလ်ဆီးအသင်းသည် အသင်း၏ အနာဂတ်စီမံကိန်းအတွက် ဘရာဇီးကလပ် ပါမီးယက်စ်အသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား အက်စတီဗာအိုဝီလျံကို ပြောင်းရွှေ့ကြေးယူရိုသန်း ၄၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လူငယ်စီမံကိန်းအတွက် ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး အန်းဒရစ်ကိုခေါ်ယူခဲ့သည့်အတိုင်း ၁၈ နှစ်မပြည့်မီ ကြိုတင်ခေါ်ယူရန်ဆုံးခဲ့ပြီး ၁၈ ပြည့်ပါက ကွင်းလယ်ကစားသမား အက်စတီဗာအိုဝီလျံကို အင်္ဂလန်သို့ ခေါ်ယူမည်ဖြစ်သော်လည်း ကစားသမားအနေဖြင့် ၁၆ နှစ်သာရှိသေးသဖြင့် လာမည့် ၂၀၂၅ ခုနှစ်မှသာ အသင်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းက ခေါ်ယူမည့် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ တွင် ကစားသမားအတွက်ပြောင်းရွှေ့ကြေးသန်း ၂၀ သာရှိပြီး အဆိုပါ ပြောင်းရွှေ့ကြေးမှ ၇၀ ရာခိုင်နှုန်းကို ပါမီးယက်စ်အသင်းကရရှိမည်ဖြစ်သကဲ့သို့ ချဲလ်ဆီးအသင်းအနေဖြင့် အရစ်ကျပေးချေရန် သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားအတွက်ပေးချေရမည့် အပိုဆုကြေးသန်း ၂၀ အတွက် ပါမီးယက်စ်အသင်း၊ ဘရာဇီးလက်ရွေးစင်အသင်းနှင့် ချဲလ်ဆီးအသင်းတို့နှင့် သွင်းယူနိုင်မည့် သွင်းဂိုးများနှင့် စွမ်းဆောင်ရည်ပိုင်းအပေါ် ထည့်သွင်းတွက်ချက်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

လူငယ်ကစားသမား အက်စတီဗာအိုဝီလျံကို ဥရောပထိပ်သီးကလပ်များဖြစ်သည့် အာဆင်နယ်အသင်း၊ ဘာစီလိုနာအသင်း၊ ပီအက်စ်ဂျီ အသင်းတို့ကလည်း စိတ်ဝင်စားနေသော်လည်း တရားဝင်ကမ်းလှမ်းမှုမပြုလုပ်ခဲ့သောကြောင့် ချဲလ်ဆီးအသင်း၏ ကမ်းလှမ်းမှုကိုသာလက်ခံခဲ့ပြီး အကြိုသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က FIFA Best Awards 2023 ဆုပေးပွဲ အခမ်းအနားကျင်းပမည့်ရက်ကို အတည်ပြုကြေညာ

လန်ဒန် ဒီဇင်ဘာ ၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA Best Awards 2023 ဆုပေးပွဲ အခမ်းအနား ကျင်းပမည့်ရက်နှင့် နေရာတို့ကို အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က FIFA Best Awards 2023 ဆုပေးပွဲ အခမ်းအနား ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသားကစားသမားဆု၊ အမျိုးသမီးကစားသမားဆု၊ အကောင်းဆုံးအမျိုးသားဂိုးသမားဆု၊ အကောင်းဆုံးအမျိုးသမီးကစားသမားဆု၊ အကောင်းဆုံးအမျိုးသား နည်းပြဆု၊ အကောင်းဆုံးအမျိုးသမီး နည်းပြဆု၊ အကောင်းဆုံးသွင်းဂိုးဆု၊ ဖီဖာတစ်နှစ်တာပရိသတ်ဆုနှင့် အသန့်ရှင်းဆုံးဆုတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ပေးအပ်ခဲ့သည့် FIFA Best Awards 2022 ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို မက်ဆီကဆွတ်ခူးနိုင်ခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး အမျိုးသမီး ကစားသမားဆုကို ပူတဲလက်စ်တို့က ဆွတ်ခူးနိုင်ခဲ့သည်။

လာမည့် FIFA Best Awards 2023 ဆုပေးပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အယ်ဗာရက်ဇ်၊ ဘရာဇိုဗစ်ချ်၊ ဒီဘရိုင်း၊ ဂန်ဒိုဂမ်၊ ဟာလန်း၊ ရိုဒရီ၊ ခါဗီချာ၊ အမ်ဘက်ပီ၊ မက်ဆီ၊ အိုဆီမန်၊ ဒီကလန်ရိုက်နှင့် ဘာနာဒိုဆေးဗားလ်တို့ ပါဝင်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# MFF AYA Pay Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက် ၈ နာရီက Winner Soccer အသင်းနှင့် VUC FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Futsal Chit Thu အသင်းနှင့် Generations FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Generations FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက M2K FC အသင်းနှင့် Dream Team FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Dream Team FC အသင်းက ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Futsal 19 အသင်းနှင့် MIU FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာသုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီတွင် Linn Latt FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Let Wel Thone Nara အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**STA**

# ဂျာမန်ဘွန်ဒက်လီဂါ တစ်လတာအကောင်းဆုံးကစားသမားဆုကို လေးကြိမ်ဆက်ရရှိခဲ့သည့်ပထမဆုံးကစားသမားအဖြစ် ဘွန်နီဖေ့ မှတ်တမ်းဝင်




ဘာလင် ဒီဇင်ဘာ ၉

လေဗာကူဆင်အသင်းတိုက်စစ်မှူး ဘွန်နီဖေ့သည် နိုဝင်ဘာလအတွက် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် တစ်လတာအကောင်းဆုံးကစားသမားဆုကို လေးကြိမ်ဆက်ရရှိခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဘွန်နီဖေ့သည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘယ်ဂျီယံကလပ် စိန့်ဂျီလိုစီအသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

ဘွန်နီဖေ့သည် နိုဝင်ဘာလအတွင်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် လေဗာကူဆင်အသင်းနှင့်အတူ ကစားခဲ့သည့်ပွဲစဉ်များတွင် နှစ်ကြိမ်သာ ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သော်လည်း ပါဝင်ကစားခဲ့သည့်ပွဲစဉ်တိုင်း အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ စတင်ကျင်းပခဲ့သည့် ဩဂုတ်လမှစတင်ပြီး စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘွန်နီဖေ့ တစ်ဦးတည်းက လေးကြိမ်ဆက် ရရှိခဲ့ခြင်းဖြစ်သည်။

ဘွန်နီဖေ့သည် ယခုနှစ်ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၁၃ ပွဲပါဝင်ကစားခဲ့ရာ ရှစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုငါးကြိမ်ပြုလုပ်နိုင်ခဲ့ကာ ပြိုင်ပွဲစုံသွင်းဂိုး ၂၀ ထိသွင်းယူထားပြီး ၁၄ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

### ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၄) ရလဒ်

| | | | |
|---|---|---|---|
| ဖရန့်ဖတ် | ၅ | - ၁ | ဘိုင်ယန်မြူးနစ် |
| ဟီဒန်ဟိမ်း | ၃ | - ၂ | ဒမ်စတက် |
| ယူနီယံဘာလင် | ၃ | - ၁ | ဂလာဘတ် |
| ဝါဒါဘရီမင် | ၂ | - ၀ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၀ | - ၁ | ဖရိုင်းဘတ် |

(၀၄၀)

# အနာဂတ်လူငယ်အပေါင်း လူတော်လူကောင်းဖြစ်စေကြောင်း

နန်းယဉ်(ရစ်ကန်ကြီး)

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်၍ ရသည်မဟုတ်။ အဖွဲ့အစည်း၊ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်နှင့်ထိတွေ့ဆက်နွယ်နေထိုင်ကြရသည်။ အနည်းဆုံး မိသားစုဟူသော အသိုက်အဝန်းနှင့်နေထိုင်ကြရသည်။ ထိုသို့အသိုက်အဝန်းနှင့်နေသည့်အလျောက် မိမိ၏မိသားစု၊ မိမိ၏ပတ်ဝန်းကျင်၊ မိမိ၏အဖွဲ့အစည်းအတွက် တိုးတက်ကောင်းမွန်အောင် ကြိုးစားကြရမည်သာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မိမိနေထိုင်ရာ တိုင်းပြည်၊ မိမိ၏ မိသားစုအပါအဝင် မိမိလူမျိုး၊ မိမိကိုးကွယ်သည့် ဘာသာတရားတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆရာဇော်ဂျီ၏ကဗျာမှ "သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏"ဟုဆိုသည့်အတိုင်း မိမိနေထိုင်ရာ တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးလိုရာများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် လူတော်လူကောင်းဖြစ်ရန် ကျင့်ကြံကြိုးစားနေထိုင်ကြရပေမည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက သောဏဒဏ္ဍအမည်ရှိသော ပြဟ္မဏဆရာကြီးက မြတ်စွာဘုရားရှင်ကို လူတော်လူကောင်းဟုခေါ်ဆိုထိုက်သူမှာ အဘယ်အချက်များနှင့် ပြည့်စုံရပါသနည်းဟု လျှောက်ထားတော်မူသည်။ မြတ်စွာဘုရား၏ ပြန်လည်ဟောကြားချက်တွင် "လူတော်ဟူသည် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသူဖြစ်ပြီး လူကောင်းဟူသည်မှာ ကိုယ်ကျင့်သီလတရားနှင့် ပြည့်စုံသူ"ဟူ၍ ဖော်ညွှန်းခဲ့သည်။

လူတော်ဟူသည်မှာ တစ်စုံတစ်ရာသော ပညာရပ်ဖြစ်သည့် လောကီပညာများ ထူးချွန်တတ်မြောက်သည့်သူများကို လူတော်ဟုခေါ်သည်။ ဥပမာအားဖြင့် ဆေးပညာ၊ ဗေဒင်ပညာ၊ အဆိုပညာ၊ အတီးပညာ၊ အကပညာ၊ သရုပ်ဆောင်ပညာ၊ စာပေပညာ၊ စက်ချုပ်ပညာ၊ ဆောက်လုပ်ရေး၊ ပန်းချီ၊ ပန်းပု စသည်ဖြင့် အတတ်ပညာဘာသာရပ်တစ်ခုခုတွင် ကျွမ်းကျင်တတ်မြောက်ခြင်းကို ဆိုလိုသည်။ ဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး အခြားသူများကို ပညာရပ်များမျှဝေနိုင်သော အစွမ်းအစရှိကြသည်။ အချို့၊ နေရာဒေသမရွေး ပညာကိုသာရှာဖွေစုဆောင်းနေတတ်ကြသူများဖြစ်သည်။ မိမိတတ်မြောက်ထားသော အတတ်ပညာနယ်ပယ်တွင်သာ လေ့လာဆည်းပူးရှာဖွေလျက် အတတ်ပညာများကိုသာ ချဲ့ထွင်စဉ်းစားနေကြသူများဖြစ်သည်။

လူကောင်းဟူသည်မှာ အတတ်ပညာအရာတွင် တစ်ဖက်ကမ်းခပ်ရုံသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်နယ်ပယ်အသီးသီးတွင်လည်း ဝင်ဆံ့နိုင်သောသူဖြစ်သည်။ လူကောင်းဟူသည် နှုတ်ချိုသျှိုတစ်ပါးဆိုသကဲ့သို့ နှုတ်ထွက်စကားချိုသာခြင်း၊ ချိုရွှင်သောမျက်နှာထားဖြင့် ပေါင်းသင်းဆက်ဆံခြင်း၊ မိမိကြောင့်တစ်ပါးသူကို ထိခိုက်နစ်နာမှုမပြုခြင်း၊ မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းအပေါ်တွင် သစ္စာရှိခြင်း၊ မိမိကိုယ်ကျိုးထက် အများအကျိုးကို လိုလားခြင်း၊ မည်သည့်အရာကိုပြုမူသည်ဖြစ်စေ မိမိထက် အများ၏ခံစားချက်ကို နားလည်စွာ ကိုယ်ချင်းစာတရားရှိခြင်း၊ ဖေးမကူညီခြင်း၊ အများအပေါ် မေတ္တာတရားထားရှိနိုင်ခြင်း စသည့်အချက်များနှင့်ပြည့်စုံသူဖြစ်သည်။ ဗုဒ္ဓတရားတော်၏ အဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်၍ ကံသုံးပါးကို ထိန်းသိမ်းထားနိုင်သူများဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် မိမိကြောင့် သူတစ်ပါးစိတ်အနှောင့်အယှက်မဖြစ်စေခြင်း၊ မပျက်စီးစေခြင်းဟူသော ခံယူချက်ဖြင့် လူလောကကို အလှဆင်သောသူမျိုးကို လူကောင်းဟုဆိုလိုသည်။

လူငယ်ဟူသည်မှာ ပန်းပမာလန်းဖြာနေကြသော ရွှင်လန်းတက်ကြွသည့် အသက် ၁၈ နှစ်အောက်အရွယ်ဖြစ်သည်။ အရာရာတွင် သွက်လက်ဖျတ်လတ်မှု၊ စူးစမ်းလေ့လာမှု၊ စွန့်စားလိုမှု၊ အောင်မြင်လိုမှုဟူသော စိတ်ခွန်အားနှင့်ပြည့်စုံကြသူများဖြစ်သည်။ မည်သည့်အရာမဆို ဇွဲမလျှော့ဘဲ ကြိုးစားပြုမူလိုသော စိတ်နေစိတ်ထားရှိသူများဖြစ်သည်။ လူငယ်ဟူသည်ကား ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုသကဲ့သို့ လူကြီးများ၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သည်။ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲသွားသည့်အခါတိုင်းတွင် လူကြီးများကိုယ်စား လူငယ်များကသာ တာဝန်ယူဆောင်ရွက်ကြရသည်။ ထို့ကြောင့်ပင် လူငယ်များကို "ခေတ်ကိုဦးဆောင်သူများ"ဟု တင်စားကြရသည်။

လူသားတိုင်းတွင် မနက်ဖြန်တိုင်းအတွက် မျှော်လင့်ချက်ကိုယ်စီရှိကြသည်။ မျှော်လင့်ချက်ရှိသော မနက်ဖြန်တိုင်းသည် အနာဂတ်ပင်ဖြစ်သည်။ မနက်ဖြန်တိုင်းအတွက် ဦးဆောင်နိုင်သောလူတော်လူကောင်းများစွာ လိုအပ်သည်။ လူငယ်များသည် ခေတ်ကိုဦးဆောင်သူများဖြစ်၍ အနာဂတ်ကိုပုံဖော်ပေးနိုင်သည့်လူငယ်များပင်ဖြစ်သည်။ ထို့ကြောင့်ပင် လူငယ်များကို အနာဂတ်လူငယ်များဟု ဆိုရခြင်းဖြစ်သည်။ လူငယ်များသည် လူတော်လူကောင်းဖြစ်ရန် အရေးကြီးသည်။ အတတ်ပညာများကို ထူးချွန်၍တော်နေရုံသာမက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်ကောင်းအောင် ကြိုးစားကာ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသည့် လူကောင်းများလည်းဖြစ်ရမည်။ သို့မှသာ အနာဂတ် လူငယ်ပီသစွာ ခေတ်မီအနာဂတ်နိုင်ငံတော်ကြီးကို ဦးဆောင်တာဝန်ယူနိုင်သူများ ဖြစ်ပေလိမ့်မည်။

အနာဂတ်လူငယ်များ လူတော်လူကောင်းဖြစ်စေရန်အတွက် မိဘ၊ ဆရာသမားများတွင် တာဝန်ရှိသည်။ သိတတ်စငယ်စဉ်အရွယ်ကတည်းက ဘာသာတရားကိုင်းရှိုင်းပြီး လိမ္မာယဉ်ကျေးအောင် မိဘများက ပဲ့ပြင်ဆုံးမကြရမည်။ ပြောမှု၊ ပြုမူအထွေထွေဟူသမျှကို ရှေ့ဆောင်လမ်းပြပြုကြရသည်။ မိဘတိုင်းသည် သားသမီးတိုင်း လိမ္မာယဉ်ကျေးသော လူလိမ္မာများအဖြစ်သာ တွေ့မြင်ချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သားသမီးများရှေ့ရေးကို အစဉ်တွေးလျက် "ချစ်တော့ချစ်တယ်၊ အလိုမလိုက်ဘူး"ဟူသည့် စကားအတိုင်း လိမ္မာယဉ်ကျေးအောင် ကြိုတင်သွန်သင်ဆုံးမကြရမည်။

ငယ်စဉ်ကတည်းက စာအုပ်စာပေများကို ချစ်မြတ်နိုးတတ်အောင် လေ့ကျင့်ပေးကြရမည်။ ကမ္ဘာလောကကြီး ကျယ်ပြန့်သည်မှာမှန်သည်။ ထိုကမ္ဘာလောကကြီးကိုလေ့လာရန်အတွက် စာအုပ်စာပေဖတ်၍ ကမ္ဘာပတ်နိုင်သည်မဟုတ်ပါလား။ စာအုပ်စာပေများကို ချစ်မြတ်နိုးရန်အတွက် ငယ်စဉ်ကတည်းက အိပ်ရာဝင်ပုံပြင်များဖြင့် လေ့ကျင့်ပေးကြရမည်။ စာရေးသူတို့ငယ်စဉ်က ကြားသိခဲ့ရသောအိပ်ရာဝင်ပုံပြင်များသည် စာရေးသူတို့အတွက် ခွန်အားဖြစ်စေခဲ့သကဲ့သို့ ဗဟုသုတများစွာကိုလည်း တိုးပွားစေခဲ့သည်။ စာအုပ်စာပေကိုချစ်မြတ်နိုးစိတ်များလည်း ကိန်းအောင်းခဲ့ရသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ရောက်သောအခါ ကျောင်းသွားရမည်ကို ပျင်းရိခြင်းမရှိဘဲ ကျောင်းနေပျော်ခဲ့ရသည်။ ယနေ့ခေတ်ကလေးများကိုလည်း ကျောင်းနေပျော်၍ စာတော်သူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်။

လူငယ်များသည် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်ဖွံ့ဖြိုးရန် လိုအပ်သည်။ ထိုသို့ ဗလငါးတန်ဖွံ့ဖြိုးရန်အတွက် ဆရာ၊ ဆရာမများ၏ လေ့ကျင့်ပျိုးထောင်ပေးမှု၊ သွန်သင်ဆုံးမမှုတို့ လိုအပ်သည်။ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များမှအစပြု၍ အသိပညာ၊ အတတ်ပညာများသာမက ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍကိုလည်း ပံ့ပိုးပေးကြရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်မှ ဉာဏ်ရွှင်မည်။ ဉာဏ်ပညာဖွံ့ဖြိုးမှ အသိပညာဗဟုသုတများကို ဖတ်ရှုလေ့လာနိုင်ပြီး အလိမ္မာစာမှာရှိဆိုသကဲ့သို့ လိမ္မာယဉ်ကျေးသော စာရိတ္တဗလနှင့် ပြည့်စုံပါပေလိမ့်မည်။ ထိုမှတစ်ဆင့် အပေါင်းအသင်းပေါများပြီး မိတ္တဗလ၊ ဘောဂဗလ တို့နှင့်ပြည့်စုံလာမည်ဖြစ်သည်။ အနာဂတ် လူတော်လူကောင်းများ မွေးထုတ်နိုင်ရန်အတွက် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

Generation ဟူသော မျိုးဆက်အရ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းကြရမည်မှာ လူငယ်များပင်ဖြစ်သည်။ အမျိုးဂုဏ်ဟူသည်ကား မိမိလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မပျောက်ပျက်စေဘဲ လိုက်နာကျင့်ကြံခြင်းဖြစ်သည်။ ဇာတိဂုဏ်ဟူသည်ကား မိမိလူမျိုး၊ မိမိတိုင်းပြည်၊ မိမိဘာသာသာသနာကို ချစ်မြတ်နိုးတန်ဖိုးထားခြင်းဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို လက်ဆင့်ကမ်းထိန်းသိမ်းကြမှသာလျှင် ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်သည်။ အနာဂတ်ကိုပုံဖော်ရာတွင် လူငယ်တို့၏ စွမ်းအား အလွန်ပင်လိုအပ်သည်။ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့်လူငယ်များသည် လူတော်လူကောင်း ဖြစ်ရပေမည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ပညာဖြင့်သာ လောကကြီးကိုအလှဆင်၍ ခေတ်မီတိုးတက်အောင် ပြောင်းလဲနေကြခြင်းဖြစ်သည်။ ခေတ်မီနည်းပညာရပ်များ ထွန်းကားလာပြီး ခေတ်ကိုအမီလိုက်၍ နေထိုင်ကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏လူဦးရေ သုံးပုံနှစ်ပုံခန့်သည် ခေတ်ကိုအမီလိုက်၍နေထိုင်ကြသည်။ ထိုလူဦးရေထဲတွင် အများစုမှာလူငယ်များပင်ဖြစ်သည်။ နည်းပညာနှင့်အညီ ဉာဏ်ရည်ထက်မြက်ကြသည်။ ထိုသို့ ဉာဏ်ရည်ထက်မြက်ပါလျက် ဇွဲလုံ့လရှိစွာဖြင့် နည်းပညာကို မှန်ကန်စွာအသုံးမချလျှင် အချိန်ဖြုန်းသလို ဘဝသည်လည်း ပျက်သုဉ်းနိုင်သည်။ အချိန်မဖြုန်းဘဲ နည်းပညာများကို မှန်ကန်စွာအသုံးချပါက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လူတော်များစွာလည်း ထွက်ပေါ်လာပေလိမ့်မည်။

အရာရာတိုင်းတွင် ယှဉ်ပြိုင်ခြင်းရှိသည်။ ယှဉ်ပြိုင်မှုရှိမှသာ တိုးတက်သည်။ သို့သော် ကောင်းသော ယှဉ်ပြိုင်ခြင်းဖြစ်ရန် လူငယ်များ သတိပြုဆင်ခြင်ကြရမည်။ ကိုယ်ကျိုးတစ်စုံတစ်ရာအတွက် ယှဉ်ပြိုင်ပြီး သူတစ်ပါးကိုထိခိုက်နစ်နာစေပါက ကောင်းသော ယှဉ်ပြိုင်ခြင်းမဟုတ်သလို လူကောင်းလည်း မဖြစ်နိုင်ပါ။ လူငယ်များအနေဖြင့် ပညာသင်သည့်အရွယ်တွင် ပညာကိုကြိုးစားသင်ယူ၍ နည်းပညာခေတ်ကို အမီလိုက်နိုင်သော လူတော်များဖြစ်အောင် ကြိုးစားကြရပေမည်။ မိဘ၊ ဆရာသမားများ၏ ဆိုဆုံးမမှုကိုနာခံ၍ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား"ဟူသော ဆိုရိုးစကားနှင့်အညီ ကျင့်ကြံနေထိုင်ကြပြီး လူကောင်းအဖြစ် ရပ်တည်ကြရမည်။ ထိုသို့ လူတော်လူကောင်းဖြစ်မှသာလျှင် လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ အနာဂတ်သည် သာယာလှပမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်၏ အဓိကအရေးပါသည့် အခန်းကဏ္ဍများတွင် ကိုယ်ကျင့်တရားနှင့်ပြည့်စုံ၍ ကိုယ်ချင်းစာတရားရှိသော ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများရှိနေမှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်အပေါင်းကို လူတော်လူကောင်းများဖြစ်စေရန် မိဘ၊ ဆရာသမားများက ဝိုင်းဝန်းပြုစုပျိုးထောင်၍ လူငယ်များကလည်း လိုက်နာဆောင်ရွက်ကြိုးစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ အနာဂတ်လူငယ်များ လူတော်လူကောင်းဖြစ်စေရန်အတွက် မိဘ၊ ဆရာသမားများတွင် တာဝန်ရှိသည်။ သိတတ်စငယ်စဉ်အရွယ်ကတည်းက ဘာသာတရားကိုင်းရှိုင်းပြီး လိမ္မာယဉ်ကျေးအောင် မိဘများက ပဲ့ပြင်ဆုံးမကြရမည်။ ပြောမှု၊ ပြုမူအထွေထွေဟူသမျှကို ရှေ့ဆောင်လမ်းပြပြုကြရသည်။ မိဘတိုင်းသည် သားသမီးတိုင်းလိမ္မာယဉ်ကျေးသော လူလိမ္မာများအဖြစ်သာ တွေ့မြင်ချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သားသမီးများရှေ့ရေးကို အစဉ်တွေးလျက် "ချစ်တော့ချစ်တယ်၊ အလိုမလိုက်ဘူး"ဟူသည့် စကားအတိုင်း လိမ္မာယဉ်ကျေးအောင် ကြိုတင်သွန်သင်ဆုံးမကြရမည်။ ❖

**ကိုးကား**

- **အရှင်ပညိန္ဒာဘိဝံသ၏ လက်တွေ့ဗုဒ္ဓဘာသာစာအုပ်**
- **လူတော်လူကောင်းနဲ့ လူကြီးလူကောင်း (လူထုစိန်ဝင်း)**

# ဂျလေဘီ ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသလျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၉**

ဂျလေဘီ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၈ ရက်မှစတင်က မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသလျက်ရှိကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကာကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

ဂျလေဘီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားကာ ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးအတွက် မင်းမြအေးက စီစဉ်ထုတ်လုပ်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လမှာကော ဒီလမှာပါ ကျွန်တော်ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဆက်တိုက်နီးပါး ရုံတင်ဖြစ်တယ်။ မြင့်မြတ်နဲ့ ရိုက်ခဲ့တဲ့ အချစ်၊ ဟာသ ဇာတ်လမ်းတွေ ချည်းပဲဖြစ်နေတယ်။ မြင့်မြတ်ပရိသတ်အတွက်ကော၊ ဟာသဇာတ်လမ်းကြိုက်တဲ့ ပရိသတ်တွေအတွက်ကော အဆင်ပြေမှာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ဂျလေဘီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ အိန္ဒြာကျော်ဇင်၊ ရန်အောင်၊ မေသဥ္ဇာဦး၊ တက္ကသိုလ်ဝွမ်းပုံ၊ ခင်လှိုင်၊ ပွင့်နဒီမောင်၊ နန်းရွှေရည်၊ ငှက်ပျောကြော်၊ ဇင်မျိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# စံအိမ် ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

စံအိမ် ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြ၍ သိရသည်။

စံအိမ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အေးသီရိကိုက ရေးသားထားကာ W Entertainment က ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး ဒါရိုက်တာအဖြစ် လူငယ်ဒါရိုက်တာ ညဏ်ထင်က ပုံဖော်ရိုက်ကူးထားသည့် အချစ်မှုခင်းနှင့်သည်းထိတ်ရင်ဖို ဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်းတွဲကတော့ အချစ်မှုခင်းနဲ့ သည်းထိတ်ရင်ဖိုဇာတ်လမ်းတွဲပါပဲ။ ကလောမြို့ အိမ်ကြီးတစ်အိမ်မှာနေထိုင်ကြတဲ့ ညီအစ်မနှစ်ယောက်တွေ့ကြုံရတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်တွေကို ဇာတ်အိမ်တည်ထားပါတယ်။ လူသတ်မှု ချောက်ချားဖွယ် အဖြစ်အပျက်တွေကြားက ပေါ်ထွက်လာမဲ့ အချစ်ဇာတ်လမ်းတွေကို စောင့်ကြည့်ကြရမှာပါ"ဟု သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြသည်။



စံအိမ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟင်နရီ၊ ဝီလီ၊ မေတိုးခိုင်၊ လီလီကျော်ခိုင်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၁၁ ရက်မှစတင်ကာ တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၁၀ နာရီ မိနစ် ၃၀ နှင့် ညနေ ၃ နာရီ မိနစ် ၃၀ တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ လက်ရာစုံအွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပန်းချီဆရာရှစ်ဦး၏ လက်ရာစုံအွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါအွန်လိုင်းပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာ ကျော်လင်းက ပြောပြ၍ သိရသည်။

အဆိုပါအွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ ကျော်လင်း၊ ပန်းချီ မျိုးမြတ်မင်း၊ ပန်းချီ မိုးညို၊ ပန်းချီ ကျော်သူဝင်း၊ ပန်းချီ ရဲအောင်မြတ်၊ ပန်းချီ မင်းဇော်၊ ပန်းချီ အောင်နိုင်မောင်၊ ပန်းချီ ဟိန်းသစ်တို့ ရေးဆွဲထားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ လက်ရာစုံပန်းချီကား ၅၆ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နာမည်ရ ပန်းချီဆရာ ရှစ်ယောက်ရဲ့ လက်တလောရေးဆွဲထားတဲ့ ပန်းချီကားတွေကို ပြသရောင်းချပေးမှာဖြစ်ပါတယ်။ ပြခန်းရဲ့ သီးခြားစုစည်းမှုဖြစ်တဲ့အတွက် ပန်းချီကားတိုင်းက အကြောင်းအရာကော ရေးချက်တွေပါကောင်းမှာဖြစ်ပါတယ်။ အွန်လိုင်းကနေ ကြည့်ရှုအားပေးဝယ်ယူနိုင်သလို ပြခန်းမှာလဲ ရုံးချိန်အတွင်း လာရောက်အားပေးနိုင်ပါတယ်"ဟု ပန်းချီ ကျော်လင်းက ပြောပြသည်။

အဆိုပါအွန်လိုင်းပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄ ) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Godzilla Minus One အမေရိကန်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် စံချိန်တင်

**နယူးယောက် ဒီဇင်ဘာ ၉**

Godzilla Minus One ဇာတ်ကားသည် ၁၉ နှစ်တာကာလအတွင်း အမေရိကန်ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေအကောင်းဆုံးနိုင်ငံခြားဘာသာစကားပြော ရုပ်ရှင်ဇာတ်ကားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

Godzilla Minus One သည် ဒီဇင်ဘာ ၅ ရက်တွင် အမေရိကန်ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်းကျော် ရရှိခဲ့ပြီး စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ဂျပန်ရုပ်ရှင်ကုမ္ပဏီတစ်ခုဖြစ်သည့် Toho International ရုပ်ရှင်ကုမ္ပဏီက ဒီဇင်ဘာ ၁ ရက်တွင် အမေရိကန်ဈေးကွက်၌ စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ပြီး Godzilla Minus One သည် နိုင်ငံတကာဝင်ငွေအရလည်း အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ရရှိထားရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော်ရှိလာပြီဖြစ်သည်။

အမေရိကန်ရုပ်ရှင်ဈေးကွက်၏ ဝင်ငွေအကောင်းဆုံး နိုင်ငံခြားဘာသာစကားပြော ရုပ်ရှင်ဇာတ်ကားအဖြစ် ယခင်စံချိန်တင်ခဲ့သော နောက်ဆုံးဇာတ်ကားမှာ ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် ရုံတင်ပြသခဲ့သည့် Hero ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# Tron: Ares ဇာတ်ကားသစ်ထုတ်လုပ်မှုကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ ပြန်လည်စတင်နေပြီဖြစ်

**နယူးယောက် ဒီဇင်ဘာ ၉**

Tron: Ares ဇာတ်ကားသစ်ထုတ်လုပ်မှုလုပ်ငန်းကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများသပိတ်ပြီးဆုံးခဲ့ပြီးနောက် Tron: Ares ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Tron: Ares ထုတ်လုပ်ရေးလုပ်ငန်းပြန်လည်စတင်မှုကို ဒါရိုက်တာ ယိုအာချင်းရွှန်နင်းကလည်း အင်စတာဂရမ်စာမျက်နှာပေါ်၌ အတည်ပြုထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသားဂျာရက်လီတို၊ အီဗန်ပီတာနှင့် မင်းသမီးဂျိုဒီတန်နာစမစ်တို့ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Tron: Ares ဇာတ်ကားကို ခရစ္စမတ်အားလပ်ရပ် ရာသီကုန်လွန်ချိန်တွင် ကနေဒါနိုင်ငံ ဗင်ကူးမားမြို့၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Tron: Ares ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets coffee entrepreneurs and MSME entrepreneurs in PyinOoLwin Township


Senior General Min Aung Hlaing meets coffee entrepreneurs and MSME entrepreneurs in PyinOoLwin.

**Nay Pyi Taw December 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met coffee entrepreneurs and MSME entrepreneurs from PyinOoLwin, Mandalay Region, at the town hall in PyinOoLwin this morning and discussed coffee cultivation and production.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC member Lt-Gen Nyo Saw, union ministers U Min Naung, U Khin Maung Yi, Dr Charlie Than, Dr Nyunt Pe and Dr Myo Thein Kyaw, Mandalay Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief, the Central Command commander, and departmental officials from PyinOoLwin District.

**Endeavors to turn PyinOoLwin into coffee city**

In his address, the Senior General said the meeting was held to fulfill the needs to develop MSMEs based on coffee and local goods in PyinOoLwin. Land allotment project was undertaken to develop PyinOoLwin into a coffee cultivation area. It is found that some persons, who received land, never took part in the coffee project on full scale. Entrepreneurs should actually perform their business, and the government officials should provide them with opportunities to do so.

The country's economy mainly relies on farming. Food is important for the daily life; hence, farming must be conducted to fulfill this need. **Food is a global need and the country needs to effectively utilize its favourable conditions for the success of farming.** In this regard, the SAC is giving support to businesses based on farming. Actual efforts for the businesses will provide the national economy with a great deal of support.

The coffee project started in PyiOoLwin area over ten years ago. But the industry did not achieve progress as expected because of the weakness in support. If the coffee producers were really serious then, the industry would be producing more coffee. **Coffee industry development is a must-do project, supportive of the business of PyinOoLwin area, which has a suitable soil and weather condition for the crop.** PyinOoLwin's coffee industry has gained progress to a certain degree as the Senior General has met coffee entreprenurs from the area time and again and looked into their requirements. PyinOoLwin should be able to sell its coffee products locally and internationally on a wider scale in accord with the goal to turn it into coffee city. The area can boost production within five or seven years if it starts a systematic coffee plantation and production project now. The country had never supported the production businesses throughout the past successive eras. Low production was the result of annual trade deficits, while the country had to import fuel oil and cooking oil ever year. Although the country can produce cooking oil, the local agricultural industry could not supply enough raw materials for it. Hence, the government is providing support to the cooking crop growers. Moreover, the country is importing dairy products annually. So, the government is supporting the local production industry and is striving to reduce imports and boost exports. MSMEs should extend the production of farming-based food as PyinOoLwin area has an abundant array of farm products. The government will give support to milk cow breeding and dairy industry.


Senior General Min Aung Hlaing studies coffee products.

Locals must be able to develop the region. **As coffee is a business that will benefit the region and the country, concerted efforts should be made to transfer PyinOoLwin town, already known as a resort, the cherry city, or the city of flowers, into a coffee city in terms of economy and local products that we should be proud of.** In the production of coffee, only if the quality is good and the packaging is good, will the market be more available, so the State will assist with technology and other necessary things.

Improving things from the basis means promoting the national economy. The purpose of today's meeting is to provide what is needed for the development of coffee businesses and MSMEs in PyinOoLwin, so those in attendance are urged to present their needs and suggestions.

**Union minister's reports about coffee cultivation**

Union Minister for Agriculture, Livestock and Irrigation U Min Naung and Union Minister for Natural Resources and Environmental Conservation U Khin Maung Yi reported on coffee cultivation projects in PyinOoLwin area, findings of land use according to the field inspection, the revocation of coffee cultivation permits for the land where coffee is not grown at all, discussions with coffee farmers to improve coffee production, progress in coffee cultivation and efforts for cultivation boosting, conducting of a field inspection on the use of more buildings on vacant land outside the city and measures taken in accordance with the rules and regulations, measures to improve coffee cultivation in PyinOoLwin coffee project land, plans that will continue, the needs of workers to support coffee production, annual coffee production capacity in regions and states, coffee exports, and educational campaigns being conducted by teams for pest prevention.


Senior General Min Aung Hlaing views local foodstuffs.

Regarding the reports, the Senior General said that in the construction of buildings, only the buildings needed for coffee cultivation should be constructed, and other resorts and buildings unrelated to coffee cultivation should not be constructed. To increase the yield of coffee, inputs need to be fully incorporated and managed systematically. In order to prevent the spread of pests, it is necessary to take preventive measures collectively. There is a need to take systematic measures to ensure that agricultural land is not used in other ways. Regarding coffee cultivation, ethnic entrepreneurs who can actually grow coffee are invited. Depending on the cultivation, 5 to 50 acres will be allotted. To expand the cultivation of coffee, the government will provide necessary assistance. In order to expand the cultivation of coffee, it is necessary to collect good strains in advance, the Senior General urged. He then discussed other necessary things.

**Requirements presented by those in attendance**

On behalf of the coffee entrepreneurs and MSME entrepreneurs, a coffee farmer spoke about the status of coffee cultivation and market availability and efforts by all coffee farms to protect against pests. A coffee-based MSME entrepreneur reported on the building area to be allowed depending on the business **See Page 14**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at ceremony to mark International Anti-corruption Day



Vice-Senior General Soe Win addresses the ceremony to mark International Anti-corruption Day.

**Nay Pyi Taw December 9**

A ceremony to mark the International Anti-corruption Day was held at the Myanmar International Convention Centre-1 in Nay Pyi Taw this morning and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the ceremony.

Also present at the ceremony were members of the SAC, union level officials and union ministers, the chairman of the Nay Pyi Taw Council, the commander of the Nay Pyi Taw Command, deputy ministers, officials from the Anti-Corruption Commission and guests while chief ministers from states and regions participated in the ceremony via video conferencing.

First, the Vice-Senior General delivered an address, saying 9 December has been designated as the International Anti-corruption Day to combat, prevent and raise awareness about corruption under the resolution No.58/4 of the United Nations General Assembly and ceremonies to mark the day are held across the world. Myanmar signed the United Nations Convention against Corruption-UNCAC in 2005 and became the 156th signatory to the convention in 2012.

To implement the provisions of the convention, the Anti-corruption Law was enacted in 2013 and the Anti-corruption Commission was formed while measures are being taken seriously to carry out prevention and combat against corruption successfully and effectively. To strengthen anti-corruption, it is necessary to boost international cooperation, necessary technical assistance and proper management of public property.

The government has been taking measures for stability of and the rule of law in the entire union, reconstruction of the country for prosperity and security of food, water and basic needs through people-centered approach by adopting roadmaps, objectives and visions. In carrying out reconstruction and building tasks for the development of the country, corruption is an enormous obstacle. Therefore, the government is required to combat corruption effectively and steps must be taken to build a community free from corruption.

As more rampant corruption can make the country poorer, the anti-corruption commission is required to fight corruption as a national duty and to exert efforts to create clean and good governance. The essence of anti-corruption is to protect the interests of the people and to build a community free from corruption. Government employees are people who build trust by bridging between the government and the people.

The main factor that affects the observance of rules, integrity and ethics of government employees is corruption. Therefore, if they perform their duties in accordance with the law, rules and regulations, correct practices without corruption, they will be able to build public trust and good governance and the country will certainly develop.

Corruption can take place through various ways and means by abusing money, property, authority in political, economic and administrative fields. Corruption is the main factor that not only affects the economy of the country but also hinders the efforts for poverty reduction and development of the country. The root cause of corruption is the consequences of lack of goodwill and conflicts of interests.

Corruption is the main hindrance for development of the country and it affects not only the morals of individuals but also the will to compete and personalities. Therefore, action is and will be effectively taken against those who seek personal interests by violating policies of the country and those who betray the country by deviating from the roadmap and objectives laid down by the country without discrimination.

In reducing corruption, investigating and taking action alone is not sufficient. Awareness raising and prevention tasks, which are fundamental to developing a culture that completely rejects and is free from corruption, must also be carried out simultaneously.

As a preventive measure, if the Union Ministries, organizations and the Corruption Prevention Unit (CPU) established in the regional and state governments are able to implement their assigned tasks, corruption will decrease and trust between the national government and the people will be strengthened.

As the investigation work is investigating and uncovering the losses due to the corruption of those in authority, the national government has instructed to take strong and effective action against corruption cases without discrimination. As the commission, it was found that in addition to confiscate as public funds, return to the state, to being able to protect and rescue the property without any loss or damage, it was found that the prosecution and punishment were carried out in an orderly manner in accordance with the law.

The anti-corruption commission's investigations and prosecutions resulted in the collection of public funds and the ability to return them to the national treasury of over 23 billion kyats and more than 4 million US dollars and the prevention of loss of national funds were more than 155 billion kyats and more than 3 million Euros. In addition to that it was found that the commission made the relevant companies to return the money, materials and taxes to be received by the state.

Corruption causes transnational crimes, as well as affecting the economy, administration, politics and social processes of every country. In order to cooperate internationally in anti-corruption activities, the commission is cooperating with regional anti-corruption organizations such as ASEAN-Parties Against Corruption (ASEAN-PAC) and International anti-corruption organizations by signing MoUs.

In addition, in order to speed up the role of international cooperation this year, a memorandum of understanding on anti-corruption cooperation was signed between the ACC of Myanmar and Prosecutor General's Office of Russian Federation. It has been found that cooperation has been signed with Cambodia, Laos, Thailand, Vietnam, India and South Korea. The commission wants to continue to increase the role of international cooperation.

Corruption undermines good governance and threatens the rule of law and civil rights. In addition, it also creates an obstacle for the ethics, values and moral integrity to be observed in the society. Therefore, in addition to the government departments and organizations and private sector in carrying out awareness, prevention and control activities of corruption, I would like to be encouraged the public as a whole to join hands and cooperate with each other.

Since the commemoration of the International Anti-Corruption Day in 2023, the officials, civil servants, public employees, businessmen, civil society organizations, the news media and the general public that should adopt a zero tolerance policy to fight against corruption and establish a corruption-free society together for the peaceful development of the country in accordance with the motto of the Myanmar Anti-Corruption Commission, "Eliminate corruption to create a peaceful country", the Deputy Prime Minister said.

Then U Sit Aye, Chairman of the Anti-Corruption Commission, explained the anti-corruption measures of the commission.

After that, the Vice Chairman of the State Administration Council, the Deputy Prime Minister awarded the winners of the anti-corruption day poster competition and video competition with medals, certificates of honor and prize money.


Vice-Senior General Soe Win presents prize to an award winner.

In addition, the Chairman of the Anti-Corruption Commission awarded medals, certificates of honor and prize money to the winners of the essay competitions commemorating the Anti-Corruption Day.

After that, the Vice Chairman of the State Administration Council, the Deputy Prime Minister, together with the participants of the ceremony, watched a video clip commemorating the International Anti-Corruption Day and toured around the photos of anti-corruption activities.

100

# Wakema Township schedules to grow more than 6,000 acres of sunflower



A sunflower plantation.

**Wakema December 9**

Head of Myaungmya District Agriculture Department U Kyaw Moe Win said that Wakema Township of Ayeyawady Region decided to cultivate 6,772 acres of sunflower this cold season.

The township will start cultivation of sunflower on 6,772 acres in the second week of December through collaborative efforts of local farmers, staff from Agriculture Department, Agricultural Mechanization Department and local authorities to meet the target cultivation.

"Local farmers are making preparations to grow sunflower as cold season crop in Wakema Township. Officials from relevant departments will provide agricultural techniques for local farmers to have high per-acre yield and prevention of pests. Departmental officials will help local farmers increase low yield areas," he added.

Departmental officials help local farmers make land preparations, use of pests, utilize water, use quality sunflower strains and apply agricultural techniques.

Kyaw Kyaw Lin

# Bogale Township sells more than 75,000 viss of straw mushroom to Maubin in November

**Bogale December 9**

Bogale Township of Ayeyawady Region sent 75,000 viss of straw mushroom to Maubin Township in November, said Daw Aye Maw, agricultural produce trader from Bogale.

Bogale Township distributed 45,000 viss of straw mushroom to Maubin Township in October, compared with 75,000 viss in November. In this regard, blossoming mushroom fetched K7,500 per viss and budding mushroom K9,000.

"We sell domestic products to Yangon market and Maubin Township. Last month, we sold 75,000 viss of mushroom to Maubin Township. Now, we have high demand from Yangon and Maubin for purchase of mushroom. Mushroom in Bogale is high quality and attracts buyers," said Daw Aye Maw.

Local people send straw mushroom to Yangon market and Maubin market. Due to high demand from these markets, local people and agricultural workers can earn increased incomes for their families.

Kyaw Kyaw Lin



Straw mushrooms.

# Katha Township completes cultivation of maize and corns on more than 1,000 acres of croplands

**Katha December 9**

Katha Township Agriculture Department stated that more than 1,000 acres of croplands have been placed under maize and corn plantations in cold season cultivation period of Katha Township in Sagaing Region.

In 2023-24 financial year, the township set a target to grow 3,335 acres of maize and corn, 1,717 acres of which have been placed under these crops starting from October this year.

Head of Katha Township Agriculture Department U Ko Lay said that although more than 3,000 acres of croplands were set a target to be placed under maize and corn in Katha Township this year, local farmers have completed cultivation of just more than 1,000 acres of these crops. So the department raises agricultural awareness for local farmers to use pesticides and increase per-acre yield of crops.

This year, local farmers have cultivated 106 acres of maize and 1,611 acres of corn, totalling 1,717.

In 2022-23 financial year, local farmers cultivated 3,335 acres of these crops from October to December 2022 in Katha Township.

As part of growing monsoon crops in 2023-24 financial year, local farmers grew 985 acres of maize and 3,000 acres of corns, totalling 3,985 acres from May to September 2023, against the target of 3,676 acres.

Officials from Township Agriculture Department gave training to local farmers for cultivation of maize and corn in Katha Township.

206

**From Page 12**

only in the coffee project cultivation area, instead of specifying the size of the building, and conditions in which those who implemented coffee projects from the beginning were able handle more acres of farmland, but those who implemented their project later did not get the agricultural lands in a contiguous area, so they constructed buildings in easy-to-reach areas for administrative activities. Then, a local manufacturer spoke about the difficulties faced by wine producers in obtaining FDA approval and the need for the regulations to be relaxed.

Then, the region chief minister explained coordination for fulfilling requirements, disbursement of national economic promotion funds to agricultural and livestock enterprises and MSMEs, needs for boosting coffee cultivation and production and other necessary assistance to be provided.

**As coffee business is operated on a team-work basis, it is to work together in unity**

After that, the Prime Minister discussed the reports saying that we are focusing on development of manufacturing businesses. Regarding the economy, MSME businesses are being encouraged, and there will be products by manufacturing finished goods from raw materials, which will be helpful to the growth of the domestic economy. It is also necessary to carry out business activities in accordance with the rules and regulations. Permissions have been approved to carry out manufacturing businesses with the authority of the relevant governments of regions and states. But, it is necessary to follow the terms and conditions set for the Union level. If there are any difficulties on business activities, it is necessary to discuss with the officials, and the departments concerned need to think about carrying out their tasks with a view for the entire nation. It is necessary to carry out activities with goodwill for the long term.

In operating agricultural businesses, it is necessary to properly handle cultivated areas in accordance with the rules and regulations. Those who really want to carry out cultivation will be allowed to operate farm land. We have to work while striving for the prosperity of the country, and it is necessary to create job opportunities. Therefore, it is to properly carry out the business. Today's meeting is to achieve success and development of coffee plantations in the region of Pyin Oo Lwin. All are to work together in other measures to be collectively taken including the risk of pests that may affect the coffee industry. Since coffee farming is a long-term business that consumes time, efforts must be made to achieve success. It is also necessary to constantly study domestic and foreign markets. As it is a type of business to be operated on a team-work basis, it is to be in unity in taking the measures to be collectively taken and followed.

Regarding MSME businesses, we need to think about how to improve the quality of products. It is necessary to promote MSMEs to manufacture products not only at the cottage industry level but at the regional and national level. It is also necessary to be able to improve the quality of production and packaging. Taking measures for promotion and development of MSMEs will be helpful to the growth of the nation's economy. The regional government and business operators are to practically take discussion and coordination to ensure improvement of the regional manufacturing industry.

**Coffee products and local foodstuffs viewed and encouraged**

After the meeting, the Senior-General and party cordially greeted coffee entrepreneurs and MSME businessmen and then viewed and studied local coffee products and local foodstuffs on display with interest.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အင်ဒိုနီးရှားလေတပ်က Airbus ကုမ္ပဏီထုတ် H225M ဘက်စုံသုံးရဟတ်ယာဉ်ရှစ်စင်း လက်ခံရရှိ



အင်ဒိုနီးရှားလေတပ်သည် သယ်ယူပို့ဆောင်ရေးနှင့် အခြားစစ်ရေးတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် Airbus ကုမ္ပဏီကထုတ်လုပ်သော H225M ဘက်စုံသုံးရဟတ်ယာဉ်ရှစ်စင်းကို လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး Prabowo Subianto သည် ယခုလအစောပိုင်းတွင် ရဟတ်ယာဉ်များလွှဲပြောင်းလက်ခံသည့် ရဟတ်ယာဉ်တပ်တော်ဝင်အခမ်းအနားကို အင်ဒိုနီးရှားလေတပ်၊ စက်မှုလုပ်ငန်း လုပ်ဖော်ကိုင်ဖက် Airbus ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့်အတူ ဦးဆောင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဘက်စုံသုံးရဟတ်ယာဉ်များကို အင်ဒိုနီးရှားနိုင်ငံ PT Dirgantara ကုမ္ပဏီက ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ကာကွယ်ရေးပစ္စည်းဝယ်ယူရေးလုပ်ဆောင်ချက်များတွင် ဒေသတွင်းကုမ္ပဏီများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းချက်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

လေကြောင်းပစ်ကူ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ဆေးကုသမှုများပေးနိုင်ရန်အတွက် ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်းနှင့် ရေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်းအပါအဝင် အထူးရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်သည့် H225M ဘက်စုံသုံးရဟတ်ယာဉ်များကို အင်ဒိုနီးရှားလေတပ်၏ အမှတ်(၈)လေယာဉ်အုပ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ယခင်က H225M ရဟတ်ယာဉ်ခြောက်စင်းကို လက်ခံရရှိခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် ဝယ်ယူရေးသဘောတူညီမှုစာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုရှစ်စင်း ထပ်မံရောက်ရှိခဲ့ခြင်းလည်းဖြစ်သည်။

H225M ဘက်စုံသုံးရဟတ်ယာဉ်သည် ရာသီဥတုအေးလွန်သည့် အခြေအနေများတွင်ပင် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည့် ခရီးအကွာအဝေးမှာ ၁၂၉၆ ကီလိုမီတာဖြစ်ပြီး ပျံသန်းနေစဉ် ဝေဟင်ဆီဖြည့်ခြင်းများ လုပ်ဆောင်နိုင်သည့်အတွက် ပျံသန်းနိုင်မှု အကွာအဝေးစွမ်းရည်ကို တိုးမြှင့်လုပ်ဆောင်နိုင်သည်။ ၎င်းသည် Rotary-Wing ရဟတ်ယာဉ်အမျိုးအစားဖြစ်ပြီး ခိုင်မာအားကောင်းသော ရဟတ်ယာဉ်ကိုယ်ထည် တည်ဆောက်ထားမှုနှင့်မြေပြင်သို့ ဆင်းသက်ရာတွင် High Energy-Absorbing ဂီယာအသုံးပြုထားသည့်အတွက် ရဟတ်ယာဉ်၏ စွမ်းဆောင်ရည်ကို မြင့်မားကောင်းမွန်စေသည်။

H225M ရဟတ်ယာဉ်၏ အခြားထင်ရှားသောအင်္ဂါရပ်များမှာ အဆင့်မြင့်လေကြောင်းနည်းပညာများ၊ ရဟတ်ယာဉ်ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းနှင့် မျိုးဆက်သစ် Makila 2A1 Turboshaft အင်ဂျင်တို့ အသုံးပြုထားခြင်းပင်ဖြစ်သည်။

H225M ရဟတ်ယာဉ်ကို အင်ဒိုနီးရှားလေတပ်သို့ လွှဲပြောင်းပေးအပ်ခြင်းအပြင် အခမ်းအနားတွင် ဘက်စုံသုံးရဟတ်ယာဉ်၏ ဆင်မြူလေတာသုံး၍ သင်္ကြာန်တူလေ့ကျင့်ပျံသန်းမှုအပြည့်အဝ လုပ်ဆောင်နိုင်ခြင်းကိုပါ ထုတ်ဖော်ပြသခဲ့သည်။

H225M ဆင်မြူလေတာသည် အရှေ့တောင်အာရှတွင် FAA (Federal Aviation Administration) လေကြောင်းအုပ်ချုပ်ရေးအဖွဲ့က ချမှတ်ထားသောအချက်များနှင့်အညီ အရည်အချင်းပြည့်မီသော ပျံသန်းမှုလေ့ကျင့်ရေး ဆင်မြူလေတာစနစ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

"အင်ဒိုနီးရှားစစ်ဘက် တိုးတက်ကောင်းမွန်လာစေဖို့ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေအားလုံးနဲ့အတူ ပြင်းပြင်းထန်ထန် ကြိုးပမ်းလုပ်ဆောင်သွားမှာပါ။ ယုံကြည်စိတ်ချရပြီး သာလွန်ကောင်းမွန်တဲ့ လေကြောင်းစွမ်းအားပိုင် လေတပ်အဆင့်ရောက်ရှိဖို့အတွက် ကောင်းမွန်တဲ့ စက်ပစ္စည်းကိရိယာတွေနဲ့ ကြံ့ခိုင်ထိန်းသိမ်းမှုတွေ လုပ်ဆောင်နိုင်ဖို့ နည်းလမ်းမှန်သမျှရှာဖွေနေပါတယ်"ဟု ကာကွယ်ရေးဝန်ကြီး Prabowo က ပြောကြားခဲ့သည်။

**Indonesian Air Force Receives Eight Airbus H225M Multi-Role Helicopters ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်စစ်ဘက်က တစ်ကိုယ်ရေသယ်ဆောင်သွားနိုင်သော အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

အမေရိကန်စစ်ဘက်သည် စစ်ဆင်ရေးများအတွင်း စစ်သည်များကျောပေါ်တွင် အလွယ်တကူ တစ်ကိုယ်ရေသယ်ဆောင်သွားနိုင်သော အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သစ်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Terrestrial Layer System-Brigade Combat Team (TLS-BCT) Manpack ဟုအမည်ပေးထားသော အဆိုပါစနစ်သည် စစ်မြေပြင်တွင် ရန်သူ့အီလက်ထရွန်နစ် အချက်ပြမှုများကို ထောက်လှမ်းသိရှိနိုင်ပြီး မိတ်ဖက်တပ်ဖွဲ့များကို လိုအပ်သည့်နည်းဗျူဟာပိုင်းဆိုင်ရာ အားသာချက်များ ထောက်ပံ့ပေးနိုင်စွမ်းရှိမည်။

ခေတ်မီအဆင့်မြင့် စက်ပစ္စည်းကိရိယာများ အသုံးပြုထားသော TLS-BCT အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်၏ ရှေ့ပြေးပုံစံကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် Fort Huachuca တပ်မြို့တွင် ပြီးခဲ့သည့်လနှောင်းပိုင်းက စစ်သည်များ လှုပ်ရှားစစ်ကစားမှုများ ပြုလုပ်ဆောင်ရွက်မှုများနှင့်အတူ အီလက်ထရွန်နစ် နှောင့်ယှက်ဖျက်ဆီးခြင်း လုပ်ဆောင်နိုင်သည့် စွမ်းဆောင်ရည်များကို အကဲဖြတ်ဆန်းစစ်နိုင်ရန် သရုပ်ပြစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စမ်းသပ်မှုတွင် အပြုသဘောဆောင်သော ရလဒ်များထွက်ပေါ်ခဲ့ပြီး ပရိုဂရမ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ဆုံး စမ်းသပ်မှုများပြီးဆုံးသည့်အခါ စွမ်းဆောင်ရည်အသစ်များရရှိရန် အမျိုးအစားအသစ်များနှင့် အဆင့်မြှင့်တင်မှုပြုလုပ်သွားရန်ရှိသေးကြောင်း The Defense Post သတင်းဌာနသို့ TLS-BCT Manpack တီထွင်ထုတ်လုပ်သည့် CACI ကုမ္ပဏီဥက္ကဋ္ဌ Todd Probert က ပြောကြားခဲ့သည်။

TLS-BCT Manpack အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သည် တပ်ဖွဲ့များကို အချက်ပြထောက်လှမ်းရေး၊ Jamming ပြုလုပ်ခြင်းနှင့်အခြားသော အီလက်ထရွန်နစ် စစ်ဆင်ရေးဆိုင်ရာ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားသည်။ စစ်ဆင်ရေးတာဝန် ထမ်းဆောင်မှုများအတွင်း စစ်သည်များအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်စနစ်၏ အရွယ်အစား၊ အလေးချိန်နှင့် ပါဝါအသုံးပြုနိုင်မှုတို့ကို အဓိကထား၍ အကောင်းဆုံးပြင်ဆင်ထုတ်လုပ်ပေးထားသည်။

CACI ကုမ္ပဏီမှ မဟာဗျူဟာဆိုင်ရာအကြံပေး မိုက်ကယ်နာဂါတာက တပ်ဖွဲ့များသည် စစ်လက်နက်ပစ္စည်းကိရိယာပေါင်းများစွာကို သယ်ဆောင်ရလေ့ရှိပြီး အခြား အကြီးစားစက်ကိရိယာများကို ထပ်မံတပ်ဆင်ပေးခြင်းဖြင့် တပ်ဖွဲ့ဝင်များ၏ ရွေ့လျားစစ်ကစားနိုင်မှုနှင့် ရှင်သန်ရပ်တည်နိုင်မှုတို့ လျော့နည်းသွားနိုင်သည်ဟု ရှင်းပြခဲ့သည်။



"ကျွန်တော်တို့ တာဝန်ထမ်းဆောင်တုန်းက ပျမ်းမျှတိုက်ခိုက်ရေးဝန်တင်ဆောင်နိုင်မှုက စစ်သည်တစ်ယောက်ကို ပေါင် ၆၀ (၂၇ ကီလိုဂရမ်) ကျော်ပါတယ်"ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

TLS-BCT Manpack တစ်ကိုယ်ရေသုံး အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သည် ၎င်း၏ ကနဦးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ် မရရှိမီ လာမည့်လများအတွင်း စမ်းသပ်မှုများနှင့် သရုပ်ပြမှုများ ဆက်တိုက်ပြုလုပ်ရန် မျှော်မှန်းထားသည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် တိုက်ခိုက်ရေးဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုသည် ခေတ်မီဆန်းသစ်သော အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များတွင် အစုလိုက်အပြုံလိုက် ရင်းနှီးမြှုပ်နှံလာစေရန် တွန်းအားတစ်ရပ် ဖြစ်လာခဲ့သည်။

**US Army Tests New Manpack Electronic Jamming System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

☆ **ကျောဖုံးမှအဆက်**

ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(United Nations Convention Against Corruption –UNCAC) ကို ၂၀၀၅ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ကြောင်း။

ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုလည်းဖွဲ့စည်းခဲ့ကာ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် ဆန့်ကျင်တိုက်ဖျက်ခြင်းများကို ထိရောက်အောင်မြင်အောင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရာတွင် ခိုင်မာအားကောင်းစေရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လိုအပ်သည့် နည်းပညာဆိုင်ရာအထောက်အကူပေးရန်နှင့် ပြည်သူပိုင်ပစ္စည်းများကို နည်းလမ်းတကျစီမံခန့်ခွဲမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်စသည့်အချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူအခြေပြုနည်းလမ်းများနှင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲတည်ဆောက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်များဦးတည်ချက်များ၊ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုပြဿနာသည် ကြီးမားသည့် ခလုတ်တံသင်းဖြစ်ကြောင်း၊ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် အဂတိလိုက်စားမှုများကိုထိထိရောက်ရောက်တိုက်ဖျက်ပြီး အဂတိကင်းစင်သည့် လူ့အသိုက်အဝန်း ဖြစ်ပေါ်လာစေရေး ရည်မှန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

"အဂတိလိုက်စားမှုများလေလေ ဆင်းရဲမှုများလေ"ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်**သွားကြရန် မှာကြားလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏အနှစ်သာရများသည် အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးတံတားများသဖွယ် ဆက်သွယ်ဆက်ဆံပြီး ယုံကြည်မှုတည်ဆောက်ပေးရသူများဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုများ လွဲမှားသွားစေသည့် အဓိကအချက်သည် အဂတိလိုက်စားမှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ အဂတိကင်းကင်းနှင့် လိုက်နာဆောင်ရွက်ကြမည်ဆိုပါက ပြည်သူများ၏ ယုံကြည်မှုကိုရရှိ၍ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည် မှာမလွဲမသွေဖြစ်**ကြောင်း။

**အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်များတွင်ငွေကြေး၊ပစ္စည်း၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အဂတိလိုက်စားမှုများကို ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားတတ်**ကြောင်း၊ **အဂတိလိုက်စားမှုသည် နိုင်ငံစီးပွားရေးကိုထိခိုက်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့်အပြင် ဆင်းရဲမှုလျော့ကျစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင်လည်း အဟန့်အတားတစ်ခုဖြစ်**ကြောင်း၊ ထိုသို့ အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အရင်းခံအကြောင်းတရားများသည် စိတ်စေတနာနည်းပါးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

> **အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် ငွေကြေးပစ္စည်းလုပ်ပိုင်ခွင့်ဆိုင်ရာ အဂတိလိုက်စားမှုများကို ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားတတ်၊ အဂတိလိုက်စားမှုသည် နိုင်ငံစီးပွားရေးကိုထိခိုက်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့်အပြင် ဆင်းရဲမှုလျော့ကျစေရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင်လည်း အဟန့်အတားတစ်ခုဖြစ်. . .**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**အဂတိလိုက်စားမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိက အဟန့်အတားတစ်ခုဖြစ်ပြီး လူတစ်ဦးချင်းစီ၏အကျင့်စာရိတ္တကို ပျက်ပြားစေသည့်အပြင် မှုတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများကိုလည်း ကျဆင်းစေနိုင်**ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုသွေဖည်ပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကိုကျူးလွန်သည့် မည်သူကိုမဆို ကျောသားရင်သားမခွဲခြားဘဲ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်လျက်လည်းရှိပါကြောင်း။

အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေးဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းနှင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ကြောင်း၊ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တားဆီးကာကွယ်ခြင်းလုပ်ငန်းအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များကလည်း မိမိတို့ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သေချာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြားယုံကြည်မှုကို ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း အနေဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အဂတိလိုက်စားမှုကျူးလွန်ခြင်းကြောင့် ဆုံးရှုံးနစ်နာမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိရာတွင်နိုင်ငံတော်အစိုးရဘက်မှလည်း အဂတိအမှုများကို ကျောသားရင်သားမခွဲခြားဘဲ ပြင်းပြင်းထန်ထန် ထိရောက်စွာအရေးယူရန် ညွှန်ကြားထားပါကြောင်း၊ ကော်မရှင်အနေဖြင့်လည်း ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ နိုင်ငံတော်ကို ပြန်လည်အပ်နှံခြင်း၊ နိုင်ငံပိုင်ငွေကြေး၊ ပစ္စည်းများ ဆုံးရှုံးနစ်နာမှုမရှိအောင် ကာကွယ်ဆယ်တင်ပေးနိုင်ခဲ့ခြင်းများအပြင် ဥပဒေနှင့်အညီထိရောက်စွာ တရားစွဲဆိုအပြစ်ပေးအရေးယူသည့် အဆင့်အထိကိုစနစ်တကျဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးတရားစွဲတင်ဆောင်ရွက်ခဲ့သည့် အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုမှာ

**စာမျက်နှာ ၁၉ သို့**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၃ / ၂၀၂၃)

၁။ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် လူ့ဂုဏ်သိက္ခာများကို အခြေခံထားပြီး လူသားများအားလုံးအတွက် လူ့အခွင့်အရေးစံနှုန်းများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်၌ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် (၇၅) နှစ်ပြည့်စိန်ရတုသို့ ရောက်ရှိပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာရရှိသည့် ၁၉၄၈ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ထိုနှစ် ဒီဇင်ဘာ ၁၀ ရက် ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံမှုပြုခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် မြန်မာဘာသာအပါအဝင် ဘာသာစကားပေါင်း ၅၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆိုမှုအများဆုံးစာတမ်းဖြစ်ပြီး ယင်းကြေညာစာတမ်းကို ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်းဆက်ဆံရေး နယ်ပယ်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များချုပ်ဆိုကြရာတွင်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းတို့တွင်လည်းကောင်း စံပေတံအဖြစ် အလေးအနက် ရည်ညွှန်းကိုးကားလေ့ရှိသည်။ ထို့နည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

၃။ ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ဆောင်ပုဒ်များချမှတ်လေ့ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ "လူ့ဂုဏ်သိက္ခာ၊လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု"၊ "Dignity, Freedom and Justice for All"ဖြစ်ပါသည်။

၄။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ်ကာလပတ်လုံး ကမ္ဘာတစ်ဝန်းရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပိုမိုအသိအမှတ်ပြု ကျင့်သုံးဖော်ဆောင်နိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများပြုလုပ်ကြပါသည်။ ထို့နည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့်စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲများပြုလုပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို ရုံးတွင်းဌာနအလိုက် အင်္ဂလိပ်ဘာသာဖြင့်ဆွေးနွေးတင်ပြခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်းရေးဖွဲ့သီဆိုရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ထို့ပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights- ICESCR)၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Convention on the Protection of the Rights of all Migrant Workers and Members of Their Families - CMW)နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women - CEDAW) တို့ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုပုံနှိပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို နာဂတိုင်းရင်းသားနှင့် လော်ဝေါ်တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပုံနှိပ်ခြင်းတို့ဖြင့် အားပေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

၅။ (၇၅)နှစ်မြောက်စိန်ရတု အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခါသမယတွင် ပြည်သူတစ်ရပ်လုံးကလည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လူတစ်ဦးချင်းစီ၏မွေးရာပါအခွင့်အရေး၊ ဥပဒေပါအခွင့်အရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သူတစ်ပါး၏ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်းအားဖြင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# စစ်တက္ကသိုလ်၏ (၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ



**စစ်တက္ကသိုလ်၏ (၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၉**

စစ်တက္ကသိုလ်၏ (၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာစစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးမြတ်ထွန်း၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သိန်းလွင်နှင့် စစ်တက္ကသိုလ်မှပညာရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ သတ်မှတ်နေရာများတွင် ဝင်ရောက်နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်ကဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူဦးရေ ၆၀၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ၁၀ ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၂၂ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၂၈ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၈၂ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၈၁ ဦး စုစုပေါင်း ၄၈၃ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု(၆၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃၉၉၅ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၁၈ မှအဆက်**

မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ လေးသန်းကျော်ရှိပြီး နိုင်ငံတော်ဘဏ္ဍာဆုံးရှုံးမှု မရှိစေရေး ကာကွယ်နိုင်ခဲ့မှုမှာ မြန်မာငွေကျပ် ၁၅၅ ဘီလီယံကျော်နှင့် ယူရိုငွေ သုံးသန်းကျော်တို့အပြင် နိုင်ငံတော်ကရရန်ရှိသည့် ငွေကြေး၊ ပစ္စည်း၊ အခွန်အခများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

အဂတိလိုက်စားမှုသည် နိုင်ငံဖြတ်ကျော်မှုခင်းများကို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေးဖြစ်စဉ်များကိုထိခိုက်စေကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN- Parties Against Corruption - ASEAN-PAC)ကဲ့သို့ ဒေသတွင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ MoUများ ရေးထိုးပြီးလည်းကောင်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ယခုနှစ်အတွင်းတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ကိုရီးယားနိုင်ငံများနှင့် MoU လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် ရှေ့ဆက်ပြီးနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကိုတိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

အဂတိလိုက်စားမှုသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကိုလျော့ပါးစေပြီး တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးတို့ကို ခြိမ်းခြောက်လာစေပါကြောင်း၊ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်းစောင့်ထိန်းရမည့်ကျင့်ဝတ်၊ စံတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာခိုင်မာမှုတို့အတွက် အဟန့်အတားလည်းဖြစ်ပေါ်လာကြောင်း၊ထို့ကြောင့် အဂတိလိုက်စားမှုအသိပညာပေးရေး၊ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း စုပေါင်းအင်အားဖြင့် တက်ညီလက်ညီအတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှစ၍ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ "အဂတိပယ်ခွာပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်နှင့် အညီနိုင်ငံတော် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊သတင်းမီဒီယာများနှင့် ပြည်သူလူထုအားလုံးက အဂတိလိုက်စားမှု အကျင့်ဆိုးကို လုံးဝလက်မခံဝိုင်းဝန်းတိုက်ဖျက်သည့်မူဝါဒ (Zero Tolerance Policy )ချမှတ်ပြီး အဂတိကင်းစင်သည့်လူ့ဘောင်ကို အတူတကွ ထူထောင်ကြရန် အလေးအနက်ဆန္ဒပြုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clip ကိုကြည့်ရှုကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟာဗျူဟာအမြင်၊ နည်းဗျူဟာအမြင်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများ၊ ယခင်အတိတ်သမိုင်းကြောင်းမှာဖြစ်ပေါ်ခဲ့သော အခြေအနေများနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများ၊ ပြည်ပဖျက်မီဒီယာများမှ ကောလာဟလ သတင်းတု၊ သတင်းမှားများထုတ်လွှင့်၍ ပြည်သူလူထုကိုအကြောက်တရားဖြင့် ခြိမ်းခြောက်သွေးထိုးလှုံ့ဆော်နေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၊ လောက်ကိုင်မြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် PDF အကြမ်းဖက်သောင်းကျန်းသူများက အများပြည်သူများအသုံးပြုလျက်ရှိသည့် လမ်းများ၊ တံတားများနှင့် လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မဟာဗျူဟာအမြင်ပေါ့ နည်းဗျူဟာအမြင် ဒါတွေနဲ့ ပတ်သက်ပြီး နည်းနည်းလေးအသိပေးပြောကြားချင်ပါတယ်။ မဟာဗျူဟာအမြင်၊ နည်းဗျူဟာအမြင်နဲ့ပတ်သက်ပြီး ပြောကြားချင်တာကတော့ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်ပြီး အခုအချိန်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေရှိတယ်။ ယခင်ကအတိတ်သမိုင်းကြောင်းမှာ ဘာတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့ အခြေအနေရှိတယ်။ နောင်မှာဘာတွေဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့ အခြေအနေတွေရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ကမ္ဘာကြီးနဲ့ချိပြီးတော့မပြောပါဘူး။ မြန်မာနိုင်ငံနဲ့ အဓိကဆက်စပ်နေတဲ့ နေရာတွေ၊ အရှေ့တောင်အာရှနေရာလောက်ပဲကျွန်တော်ပြောချင်ပါတယ်။ ဒီအရှေ့တောင်အာရှပေါ့ ကျွန်တော်တို့ပြောနေတဲ့ အခု ASEAN ဒေသပေါ့ အဲဒီကွက်ကွက်ကလေးအမြင်နဲ့ပဲ ကျွန်တော်တို့ကြည့်ပါမယ်။ လွန်ခဲ့တဲ့ ရှေ့အနှစ် ၂၀ နီးပါးပေါ့။ အနှစ် ၂၀ နီးပါးမှာ ASEAN ဒေသမှာ ကမ္ဘောဒီးယားလို၊ လာအိုလို အရှေ့မှာ ဗီယက်နမ်လိုဒေသတွေမှာ မငြိမ်မသက်မှုတွေဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့မြန်မာနိုင်ငံ အနေနဲ့က တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတစ်ခုဖြစ်ခဲ့တယ်ဆိုတာ သမိုင်းမှာရှိခဲ့ပါတယ်။အဲဒီတော့ အဲဒီနယ်မြေဒေသတွေမှာ မတည်မငြိမ်၊ မအေးမချမ်းဖြစ်ခဲ့တယ်။ ဖြစ်ခဲ့တဲ့အချိန်မှာ ဘယ်သူ့ရဲ့ဝင်ရောက်နှောင့်ယှက်မှုကြောင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်ခဲ့တာလဲ ဒါကိုအားလုံးသိပြီးသား ဖြစ်ပါတယ်။ အနီးစပ်ဆုံးပြောရမယ်ဆိုရင် ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲ ဘယ်သူ့ကြောင့်ဖြစ်ခဲ့တာလဲဆိုတာ အားလုံးမြင်ပြီးသားဖြစ်လိမ့်မယ်။ ဟိုးအဝေးကနေပြီး ဘယ်သူကဝင်ရောက်နှောင့်ယှက်တာလဲဆိုတာ အကုန်လုံးမြင်နိုင်ပါတယ်။ အဲဒီဗီယက်နမ်စစ်ပွဲ၊ ကိုရီးယားစစ်ပွဲတွေကြောင့် ဘယ်သူတွေချမ်းသာသွားသလဲ။ ဘယ်သူတွေချမ်းသာသွားသလဲလို့ ဆိုတဲ့နေရာမှာ ကမ္ဘာမှာရှိတဲ့ ဘယ်သူတွေချမ်းသာသွားသလဲလို့ ကျွန်တော်တို့ဆိုလိုတာမဟုတ်ဘူး။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိနေတဲ့ ဘယ်သူတွေက ချမ်းသာသွားသလဲတွေ့နိုင်ပါလိမ့်မယ်။ ဒီနေ့အထိ အရှေ့တောင်အာရှတစ်ခွင်မှာ စွမ်းအင်နဲ့ပတ်သက်ပြီး ဓာတ်ဆီ၊ ဒီဇယ်၊ ရေနံနဲ့ပတ်သက်ပြီး ဘယ်သူကဈေးကွက်ခြယ်လှယ်ထားသလဲ၊ အဲဒီဈေးကွက်ခြယ်လှယ်မှုရဲ့ အခြေခံအဆောက်အအုံတွေ ဘယ်ကနေရရှိခဲ့သလဲဆိုရင် ဒီစစ်ပွဲတွေကနေပဲ အများဆုံးရခဲ့တာပါ။ ဒီစစ်ပွဲတွေကနေပဲထားခဲ့တာ။ ဒါတွေကို ကြည့်မြင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ရဲ့ အခြေအနေကို ကျွန်တော်တို့သိမြင်နိုင်လိမ့်မယ်လို့ ပြောချင်ပါတယ်။ ဒီနေ့တွေမှာ ယခုလက်ရှိအခြေအနေမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ လက်နက်ကိုင်ပဋိပက္ခအချို့ ဖြစ်ပွားနေတာရှိတယ်။ ဒီရဲ့နောက်ကွယ်မှာဘာရှိလဲ၊ ဘယ်သူရှိလဲဆိုတာကိုလည်း သိနိုင်မှာပဲဖြစ်ပါတယ်။ ဒီရဲ့နောက်ကွယ်မှာရှိနေတဲ့ လွှမ်းမိုးချင်နေတဲ့ အဖွဲ့အစည်းက ဒါပဲဖြစ်တယ်။ ဒါပေမဲ့ ဒီအဖွဲ့အစည်းက အရှေ့တောင်အာရှမှာတော့ အခြေမခံတော့ဘူး။ အခုအချိန်မှာ အခြေခံအနေနဲ့ အရှေ့အာရှမှာ အခြေခံလာတာကို အံ့သြဖွယ်တွေ့ရပါတယ်။ အဲဒီတော့ NUG PDF အမည်ခံ အဓိကကတော့ NUG အမည်ခံအကြမ်းဖက်အဖွဲ့အနေနဲ့ အခုအချိန်မှာ ကျွန်တော်တို့ဒေသအတွင်းက ဘယ်နိုင်ငံတွေကို သွားလာနေလဲ၊ နောက်ဆက်တွဲမှာ အမေရိကန်ရဲ့အထောက်အပံ့လူပုဂ္ဂိုလ်တွေက ဘယ်နိုင်ငံကို အမြဲတမ်းသွားလာနေလဲဆိုရင် အရှေ့အာရှနိုင်ငံ



ဗိုလ်ချုပ်ဇော်မင်းထွန်း
(သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တစ်နိုင်ငံကို သွားလာနေပြီး လှုံ့ဆော်နေတာတွေ၊ စည်းရုံးနေတာတွေ လုပ်နေတာကို အခုအမြဲတမ်းတွေ့နေရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သတိရှိရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ သတင်းတု၊ သတင်းမှားတွေကိစ္စဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှာရှိတဲ့ မုန်းဒေသက မုန်းတိုက်နယ်ပေါ့။ တိုက်ပွဲတောင်ပြီးခဲ့တာကြာပါပြီ။ဒါပေမဲ့ အနောက်အားကိုးမီဒီယာတွေအနေနဲ့ အခုချိန်အထိတိုက်ပွဲက မပြီးသေးဘူး။ အဲဒီမှာဖြစ်နေတုန်းပဲ။ ဘယ်နေရာမှာတော့သိမ်းလိုက်ပြီ၊ ဘယ်နေရာမှာတော့ မီးရှို့လိုက်ပြန်ပြီဆိုတာ လုပ်နေတုန်းပဲဖြစ်ပါတယ်။ ဒါတွေက ဘာကို လုပ်နေတာလဲဆိုတော့ ကျွန်တော်မနေ့ကပြောခဲ့သလိုပဲ အဓိကကတော့ သူတို့ရဲ့ပုံရိပ်ကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မြှင့်တင်နေတာ၊ ပြည်သူလူထုကို အကြောက်တရားနဲ့ ခြိမ်းခြောက်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဗကပထဲမှာ ကျွန်တော်တို့ ရဲဘော်သုံးကျိပ်ဝင်ဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်ကျော်ဇော တောခိုသွားတယ်။ တောခိုပြီး သိပ်မကြာဘူးဗျ အမြင် နှစ်မျိုးပဲထွက်ပေါ်လာတယ်။ ဗကပရဲ့ အမြင်ပဲ။ ဗကပထဲမှာ ရောက်နေတဲ့ တောခိုကျောင်းသားတွေရဲ့အမြင်က ဗိုလ်မှူးချုပ်ကျော်ဇောကို ဗကပထဲမှာရောက်နေတဲ့ ရုပ်သေးရုပ်ဆိုပြီး ပြောကြတယ်။ သူ့မိန်းမကိုယ်တိုင်က ဘာပြောခဲ့လဲဆိုတော့ ဗကပဆိုတာ အဝေးကကြည့်ရင်တော့ ရွှေတောင်ကြီးပဲတဲ့၊ အနီးကပ်ကြည့်မှ နွားချေးပုံမှန်းသိရပါတယ်တဲ့။ ဒါကဥပမာတစ်ခုပဲပြောတာပါ။ အဲဒီခေတ်တုန်းက ဗိုလ်မှူးချုပ်ဆိုတဲ့ ရာထူးက တော်တော်ကြီးကြီးမားမားရာထူးဖြစ်ပါတယ်။ အဲဒီလို တောခိုခဲ့တဲ့လူတောင်မှ ဒီလိုမျိုးဖြစ်တယ်။အဲဒီတုန်းက ဗကပရဲ့လွှမ်းမိုးမှု ဘယ်လောက်ကြီးတယ်ဆိုတာ အားလုံးကသိရှိမှာဖြစ်ပါတယ်။ အခုအချိန်မှာဘာတွေလုပ်နေလဲဆိုရင် ပြည်သူလူထုကို ဘယ်သူ့ကိုဘယ်လို သတ်လိုက်ပြီ၊ ဘယ်သူ့ကိုဘယ်လို ဖုံးခွဲလိုက်ပြီ၊ ဘယ်နေရာမှာ ဘယ်လို ဖုံးခွဲလိုက်ပြီဆိုပြီး ပြည်သူလူထုကို အကြောက်တရားရိုက်သွင်းပေးနေတာဖြစ်တယ်။ ဒီအကြောက်တရားရိုက်သွင်းပေးပြီးမှ ဆွဲဆောင်မှုပေါ့။ အစောပိုင်းကပြောသလို ဘယ်သူတွေကတော့ ဘယ်လိုဖြစ်လို့ ဘယ်လို ပူးပေါင်းတယ်ပေါ့။ ကျွန်တော်တို့ တပ်မတော်သားတွေအနေနဲ့ ဘယ်သူမှ သူရဲဘောကြောင်သူမရှိဘူး။ သွားပြီးပူးပေါင်းတဲ့လူမရှိဘူး။ မိသားစုတွေရဲ့ လုံခြုံရေးအရ၊ မိသားစုတွေရဲ့ အသက်အန္တရာယ်အရ ဖမ်းဆီးခံရတာတွေ ရှိကောင်းရှိနိုင်တယ်။ ဘယ်သူမှ သူရဲဘောကြောင်ပြီး သွားပြီးအညံ့ခံတဲ့သူမရှိဘူး။ ရှိစရာလည်းအကြောင်းမရှိဘူး။ အရင်တုန်းက အကြောင်းအမျိုးမျိုးကြောင့် တပ်ကနေကင်းကွာသွားတဲ့ ခွင့်မဲ့ပျက်ကွက်သူတွေလည်း ရှိလိမ့်မယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရှိလိမ့်မယ်၊ ရဲတပ်ဖွဲ့ဝင်တွေရှိလိမ့်မယ်။ ဒီလိုလူမျိုးတွေကို ဒီအချိန်မှာအခွင့်ကောင်းယူပြီးတော့ ပြယုဂ်အနေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အနေနဲ့ အားလုံးသတိရှိရမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒီနမ့်ခမ်းကို MNDAA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ တိုက်ခိုက်နေတာ တစ်လလောက်ရှိပါပြီ။ ပြည်သူလူထုလည်း မှတ်မိပါလိမ့်မယ်။ ဒီတိုက်ပွဲတွေဖြစ်ပြီး မကြာသေးဘူး နမ့်ခမ်းမြို့တစ်မြို့လုံးကို သူတို့ထိန်းချုပ်လိုက်ပြီဆိုပြီး ဓာတ်ပုံတွေနဲ့ တက်လာတာတွေ့လိမ့်မယ်။ ဒါကလွန်ခဲ့တဲ့ အောက်တိုဘာလောက်ကတည်းက တက်လာတာဖြစ်ပါတယ်။ သူတို့ထိန်းချုပ်နိုင်ပြီဆိုရင် နမ့်ခမ်းကိုဘာကြောင့်အခုချိန်အထိ တိုက်နေသေးတာလဲ။ ဒါတွေက သူတို့ရဲ့အပြောနဲ့အလုပ်ပဲဖြစ်ပါတယ်။ ဒီနမ့်ခမ်းဒေသမှာ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ အရာရှိ၊စစ်သည်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးကို အသိအမှတ်ပြုဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်မြို့အနီးတစ်ဝိုက် နေရာနှစ်နေရာလောက်မှာ တိုက်ပွဲအနည်းငယ်ဖြစ်ပွားခဲ့တာရှိပါတယ်။ လွိုင်ကော်မှာတော့ ဒီနေ့မှာ ပြည်နယ်ရဲရုံးကို ၄၅ ကြိမ်လောက် ဝင်ရောက်တိုက်ခိုက်တာရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ရွပ်ရွပ်ချွံချွံခုခံတိုက်ခိုက်ချေမှုန်းခဲ့တဲ့အတွက် ရန်သူထိခိုက်ကျဆုံးမှုများပြားကြောင်းသိရှိရပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်မြို့ ဦးကျောင်းအနီးမှာ ထိတွေ့မှုအနည်းငယ်ရှိခဲ့ပါတယ်။ မနေ့က ညအချိန်မှာတော့ ရန်ကုန်-မန္တလေးလမ်း ကျွဲပွဲအနီးမှာ တံတားတစ်စင်းကို KNU၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ မိုင်းထောင်ဖောက်ခွဲခဲ့တာရှိပါတယ်။ တံတားကမ်းကပ်ခုံအနည်းငယ်ပျက်စီးခဲ့ပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ ကျွန်တော်ပြောခဲ့သလိုပဲ အများပြည်သူ အသုံးပြုနေတဲ့လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေကိုပဲ အဓိကထားပြီး ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးကသိရှိပြီးတော့ ပြည်သူ့အကျိုးကို တိုက်ရိုက်ထိပါးစော်ကားတဲ့ အကြမ်းဖက်သောင်းကျန်းသူမှန်သမျှကို ဆန့်ကျင်ချေမှုန်းဖို့ အစိုးရ၊ ပြည်သူ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံး လက်တွဲညီညီဆောင်ရွက်ပြီး ကျွန်တော်တို့ပြည်တွင်းမှာဖြစ်နေတဲ့ မငြိမ်မသက်မှုတွေ အမြန်ဆုံးချုပ်ငြိမ်းသွားအောင်လုပ်ဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့ အားလုံးကိုမေတ္တာရပ်ခံပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ကွန်ကရစ်တံတားတစ်စင်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်သမားများ အနေဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများပြတ်တောက်စေရန်ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိနေသော ကားလမ်းများ၊ တံတားများကို မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက် ည ၁၁ နာရီမိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ထန်းကုန်း(တောင်)ကျေးရွာအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း ကားလမ်းမိုင်တိုင်အမှတ် ၁၄၂ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြားရှိသရက်ဆိပ်တံတားကို အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် အလျား၂၄ ပေ၊အကျယ် ၃၈ ပေရှိ ကွန်ကရစ်တံတား၏ အနောက်ဘက်ခြမ်း၌ ၁၂ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းသိရသည်။

အထက်ပါဖြစ်စဉ်မှ ပျက်စီးသွားသောတံတားကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူများအား အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှုမဖြစ်စေလို

**ခရီးသွားရာသီဖြစ်သည့် ဒီဇင်ဘာလတွင် စက်သုံးဆီပြတ်လပ်တော့မည်ဆိုသည့် ကောလာဟလသတင်းများကြောင့် အများပြည်သူစိုးရိမ်ပူပန်မှုမြင့်တက်ကာ စက်သုံးဆီဝယ်ယူမှုပိုမိုများပြားခဲ့သည်။ လိုသည်ထက်ပို၍ဝယ်လိုအားများပြားခဲ့ခြင်းကြောင့် တန်းစီစောင့်ဆိုင်း၀ယ်ယူခဲ့ရသည့် အခြေအနေများဖြစ်ပေါ်ခဲ့ရသည်။**

**လက်ရှိဆောင်ရွက်နေသည့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးမှုအခြေအနေနှင့်ပတ်သက်၍ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းဇော်နှင့် ယခုကဲ့သို့တွေ့ဆုံမေးမြန်းခဲ့သည်-**

**မေး။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ တိုင်းဒေသကြီးပြည်နယ်အချို့က စက်သုံးဆီအရောင်းဆိုင်တွေမှာ စက်သုံးဆီဝယ်ယူဖို့တန်းစီစောင့်ဆိုင်းဝယ်ယူနေရပါတယ်။ ဒီလိုအခြေအနေတွေဖြစ်ပေါ်ရတဲ့အကြောင်းရင်းကို သိရှိလိုပါတယ်။**

ဖြေ။ အခုလတ်တလောမှာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ တန်းစီဝယ်ယူနေတာတွေ အများကြီးဖြစ်ပေါ်နေပါတယ်။မကြာမီ စက်သုံးဆီပြတ်လပ်တော့မယ်၊ ဈေးတွေလည်း တက်တော့မယ်ဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ လတ်တလော လူမှုကွန်ရက်က မဟုတ်မမှန် သတင်းတွေကြောင့် ပြည်သူလူထုအနေနဲ့စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်ပြီး ပုံမှန်သုံးစွဲမှုပမာဏထက် ကျော်လွန်ဝယ်ယူနေတာတွေကြောင့်ဖြစ်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။

သုံးစွဲသူတချို့ကလည်း ကိုယ်ချင်းစာနာစိတ်မရှိဘဲအခေါက်ခေါက်ထုတ်ယူ သိုလှောင်ပြီး တစ်ဆင့်ပြန်လည်အမြတ်တင်ရောင်းချနေတာမျိုးတွေလည်းရှိတယ်လို့ကြားသိရပါတယ်။ ဒါ့ပြင် CNG Taxi တွေကလည်း စက်သုံးဆီကိုမလိုအပ်ဘဲ အခြားနည်းအသုံးပြုဖို့ဝယ်ယူနေကြတယ်လို့ကြားသိရတဲ့အတွက် CNG Taxi တွေကို စက်သုံးဆီလုံးဝမရောင်းဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဓိက မြို့ကြီးတွေရဲ့ အရောင်းဆိုင်အချို့မှာ ယာဉ်တွေတန်းစီဝယ်ယူမှုများပြားနေရတဲ့ နောက်ထပ်အကြောင်းရင်းကို ဆန်းစစ်ကြည့်တဲ့အခါ သုံးစွဲသူတွေအနေနဲ့ မိမိတို့ရဲ့သွားလာရာလမ်းကြောင်းအရလည်းကောင်း၊ လိုအပ်တဲ့အချိန်နဲ့ ပမာဏအရလည်းကောင်း နီးစပ်ရာလမ်းကြောင်းသင့်တဲ့ ဆိုင်တွေ၊ Brand, Incentive, Service ကောင်းတဲ့ဆိုင်တွေမှာပဲ အဓိကတန်းစီဝယ်ယူလိုကြတာကြောင့်လည်းဖြစ်ပါတယ်။ဒါ့ပြင် ပွင့်လင်းရာသီမှာ ခရီးသွားလာမှုတွေမီးစက်သုံးစွဲမှုတွေများပြားလာတာကြောင့် ဝယ်ယူမှုမြင့်တက်လာရတဲ့ အကြောင်းရင်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ဒီဇင်ဘာ ၁ ရက်က ၈ ရက်ထိ ရှစ်ရက်တာကာလအတွင်း 92 Ron ဂါလန် ခြောက်သန်း ခုနစ်သိန်းနီးပါး၊ 95 Ron ဂါလန် တစ်သန်း ခုနစ်သိန်းခန့်၊ HSD ဂါလန် ခြောက်သန်းကျော်၊ PD ဂါလန် ခုနစ်သန်း တစ်သိန်းကျော် ဖြန့်ဖြူးပေးခဲ့ရပါတယ်။ တစ်ရက်ပျမ်းမျှအနေနဲ့ 92 Ron ဂါလန် ရှစ်သိန်း သုံးသောင်းကျော်၊ 95 Ron ဂါလန် နှစ်သိန်း တစ်သောင်းကျော်၊ HSD ဂါလန် ခုနစ်သိန်း ငါးသောင်းကျော်၊ PD ဂါလန် ရှစ်သိန်း ကိုးသောင်းကျော် ဖြန့်ဖြူးပေးခဲ့ရပါတယ်။ အထူးသဖြင့် အခုရက်ပိုင်းအတွင်းမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာဖွင့်လှစ်ထားတဲ့ လိုင်စင်ရအရောင်းဆိုင်တွေကို ယခင်ဖြန့်ဖြူးပေးနေတဲ့ ပမာဏထက် 92 Ron ဂါလန် နှစ်သိန်း သုံးသောင်းကျော်၊ 95 Ron ဂါလန် တစ်သိန်း နှစ်သောင်းကျော်၊HSD ဂါလန် တစ်သိန်း သုံးသောင်းကျော်နဲ့ PD ဂါလန် နှစ်သိန်း လေးသောင်းကျော်ပိုမိုဖြန့်ဖြူးပေးခဲ့ရတာဖြစ်ပါတယ်။

စက်သုံးဆီပုံမှန်ဝယ်ယူသုံးစွဲမှုပမာဏထက် ပိုမိုဖြန့်ဖြူးပေးနေပေမယ့်လည်း အခုရက်ပိုင်းမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေအပြင် အချို့တိုင်းဒေသကြီး၊ ပြည်နယ်တွေက စက်သုံးဆီအရောင်းဆိုင်တွေမှာလည်း ကားတွေဆိုင်ကယ်တွေ အများကြီးတန်းစီဝယ်ယူနေကြတာကြောင့် ဖြည့်တင်းပေးနိုင်မှုစွမ်းအားထက်ကျော်လွန်တဲ့ အရောင်းဆိုင်အချို့မှာ ဆီဖြည့်တင်းဖို့ထွက်ခွာလာတဲ့ ဆီသယ်ယာဉ်မရောက်မီကာလအတွင်း ခေတ္တအရောင်းရပ်ဆိုင်းထားရတဲ့ အခြေအနေမျိုးတွေရှိပေမယ့် အချိန်မီဖြည့်တင်းနိုင်ရေးဆောင်ရွက်နေပါတယ်။

ကျွန်တော့်အနေနဲ့ ပြောကြားချင်တာက စက်သုံးဆီတွေကို လိုအပ်တာထက် ပိုမိုဝယ်ယူပြီး တရားမဝင်သိုလှောင်ထားတာ၊ တစ်ဆင့်ပြန်လည်ရောင်းချတာ၊ အခေါက်ခေါက်တန်းစီဝယ်ယူတာမျိုးမပြုကြဖို့နဲ့ မိမိတို့လိုအပ်သလောက်ကိုသာ စိတ်အေးချမ်းသာစွာဝယ်ယူသုံးစွဲကြပါလို့ ပြောလိုပါတယ်။

ဒီလိုတရားမဝင်သိုလှောင်ထားတာ၊ တစ်ဆင့်ပြန်လည်ရောင်းချတာတွေက ဥပဒေနဲ့မညီတဲ့အပြင် မီးဘေးအန္တရာယ်အတွက်လည်း အင်မတန်စိုးရိမ်စရာဖြစ်တဲ့အတွက် မိမိအကျိုးစီးပွား



ကြောင့် အများပြည်သူထိခိုက်နစ်နာမှုကို မပြုလုပ်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

**မေး။ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီက စက်သုံးဆီရည်ညွှန်းဈေးတွေကို နေ့စဉ်ထုတ်ပြန်နေတာ တွေ့ရပါတယ်။ လက်ရှိ စက်သုံးဆီဈေးနှုန်းအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ပြည်တွင်းစက်သုံးဆီရောင်းဈေးအတက်၊အကျက ကမ္ဘာ့ရေနံဈေးနှုန်း၊ အဓိကဝယ်ယူတင်သွင်းတဲ့ စင်ကာပူနိုင်ငံရဲ့ MOPS ဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ်မှာ မူတည်ပြီး အပြောင်းအလဲဖြစ်ပေါ်တာဖြစ်ပါတယ်။ အခုအပတ်မှာဆိုရင် ပြည်တွင်း စက်သုံးဆီရောင်းဈေးနှုန်းက ကမ္ဘာ့ရေနံဈေးနှုန်းနဲ့ စင်ကာပူနိုင်ငံရဲ့ MOPS ဈေးနှုန်းကျဆင်းမှုကြောင့် အရင်အပတ်ထက်စာရင် တစ်လီတာအပေါ် ဓာတ်ဆီ 92 Ron က ၄၅ မှ ၅၀ကျပ်ထိ၊ 95 Ron က ၆၅ မှ ၇၀ကျပ်ထိ၊ HSD (50 ppm) နဲ့HSD (10 ppm)က ၃၅မှ ၄၀ကျပ်ထိ ကျဆင်းခဲ့ပါတယ်။ HSD(500 ppm)ကသာ တစ်လီတာကို ငါးကျပ်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပါတယ်။

နိုင်ငံတွင်းကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှု ပိုမိုမှန်ကန်မြန်ဆန်စေရေးနဲ့ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊စက်မှုလုပ်ငန်း၊တည်ဆောက်ရေးလုပ်ငန်း၊သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းတွေနဲ့ ရေလုပ်ငန်းတွေမှာ အဓိကသုံးစွဲတဲ့ ဒီဇယ်ဆီကို လုံလုံလောက်လောက်ဈေးနှုန်းသက်သာစွာနဲ့သုံးစွဲနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ပိုမိုအလေးထားပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းတွေအနေနဲ့ အာဆီယံဒေသတွင်းနိုင်ငံတွေမှာဓာတ်ဆီက စင်ကာပူ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့ထက် များစွာလျှော့နည်းသက်သာနေပြီး ဒီဇယ်ဆိုရင် စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့ထက် များစွာလျှော့နည်းသက်သာနေတာကို နှိုင်းယှဉ်တွေ့ရှိရမှာဖြစ်ပါတယ်။

**မေး။ လက်ရှိအချိန်မှာ စက်သုံးဆီကို အများပြည်သူတွေ ဝယ်ယူသုံးစွဲနိုင်ဖို့ ဘယ်လိုဖြန့်ဖြူးနေတယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ပြည်ပက တင်သွင်းရောက်ရှိလာတဲ့ စက်သုံးဆီတွေကို သီလဝါဆိပ်ကမ်းက သက်ဆိုင်ရာသိုလှောင်ကန်စခန်းတွေမှာ စက်သုံးဆီအမျိုးအစားအလိုက်သိုလှောင်ပြီး မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)ရဲ့ စီမံခန့်ခွဲမှုနဲ့ အများပြည်သူသုံးစွဲနိုင်ဖို့ နိုင်ငံတစ်ဝန်းက အရောင်းဆိုင်တွေနဲ့ လယ်ယာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊စက်မှုလုပ်ငန်း၊တည်ဆောက်ရေးလုပ်ငန်း၊ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရေလုပ်ငန်းတွေအပါအဝင် အခြားလုပ်ငန်းကဏ္ဍတွေအတွက် သုံးစွဲဖို့စက်သုံးဆီတွေကို စနစ်တကျဖြန့်ဖြူးပေးပါတယ်။ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေနဲ့ ဖြန့်ဖြူးရေးလုပ်ငန်းတွေ အပါအဝင် ရေကြောင်းက စက်သုံးဆီသယ်ယူပို့ဆောင်တာ၊ ဆီတင်ယာဉ်ဘောက်ဆာနဲ့ သယ်ယူပို့ဆောင်တာတွေကို လုပ်ငန်းစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် စက်သုံးဆီအဓိကဖြန့်ဖြူးပေးနေတဲ့ သီလဝါဆိပ်ကမ်းက သိုလှောင်ကန်စခန်း ရှစ်ခုမှာ တစ်နေ့ကို ဘောက်ဆာအစီး ၁၅၀၀ ကနေ ၁၈၀၀ ကြား ဝင်ထွက်ပြီးလုပ်ငန်းတွေဆောင်ရွက်နေတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီးဖြေရှင်းဆောင်ရွက်တာ၊ သိုလှောင်ကန်ကနေ ဘောက်ဆာကို ဆီဖြည့်တင်းတဲ့လုပ်ငန်းတွေ အဆင်ပြေချောမွေ့မြန်ဆန်စွာ လုပ်ငန်းပြီးမြောက်နိုင်ဖို့နဲ့ လောင်စာဆီဖြည့်တင်းတာဖြစ်တဲ့အတွက် မီးဘေးကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်တွေနဲ့အညီဆောင်ရွက်ပေးနိုင်ဖို့ စက်သုံးဆီဖြည့်တင်းရေးဝန်ထမ်းတွေကို နှိုးဆော်ကြပ်မတ်တာ၊စနစ်တကျကြီးကြပ်တာတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ပြည်တွင်းမှာ စက်သုံးဆီပြတ်လပ်မှုမရှိစေဖို့ ဝယ်ယူတင်သွင်းနေတဲ့အခြေအနေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ပြည်တွင်းသုံးစွဲမှုပမာဏရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို အဓိက စင်ကာပူနိုင်ငံကနေအချိန်နဲ့တစ်ပြေးညီ ဝယ်ယူတင်သွင်းသိုလှောင်ဖြန့်ဖြူးပေးနေတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တစ်လပျမ်းမျှမက်ထရစ်တန် ငါးသန်းဝန်းကျင် တင်သွင်းဖြန့်ဖြူးပေးနေပါတယ်။လစဉ်ပြည်တွင်းမှာ ဖူလုံစွာသုံးစွဲနိုင်ဖို့လိုအပ်တဲ့ စက်သုံးဆီအမျိုးအစားအလိုက် ပမာဏကိုတွက်ချက်ပြီး အဲဒီပမာဏအတိုင်း သင်္ဘောတွေကိုခန့်မှန်းရောက်ရှိလာမယ့်အချိန်၊ဆိုက်ကပ်ရမယ့် Jetty တွေရဲ့ အခြေအနေ၊ Terminal တွေရဲ့သိုလှောင်နိုင်မှုပမာဏ၊ ဘောက်ဆာတွေ ဝင်ထွက်ထုတ်ယူဖြန့်ဖြူးပေးနိုင်မှုအခြေအနေတို့နဲ့ကိုက်ညှိပြီး ပြည်ပနိုင်ငံက ဆီတင်ယာဉ်သင်္ဘောတွေအတွက် Shipment Plan ကိုရေးဆွဲတင်သွင်းနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရာသီအလိုက်၊ပွဲတော်တွေအလိုက်၊ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအလိုက် လိုအပ်ချက်တွေကိုလည်း ထည့်သွင်းသုံးသပ်ရေးဆွဲပြီးတင်သွင်းနေတာဖြစ်ပါတယ်။

**မေး။ တစ်နိုင်ငံလုံးသုံးစွဲမှုအခြေအနေအရ စက်သုံးဆီဖူလုံမှုရှိအောင် ဘယ်လိုတွေဆောင်ရွက်နေတယ်ဆိုတာကို သိရှိလိုပါတယ်။**

ဖြေ။ ဒီဇင်ဘာ ၈ ရက်ထိ သီလဝါသိုလှောင်ကန်စခန်းတွေ၊ အခြားဒေသက သိုလှောင်ကန်စခန်းတွေမှာ စက်သုံးဆီလက်ကျန်အခြေအနေနဲ့ ပြည်တွင်းလမ်းခရီးသယ်ယူပို့ဆောင်နေမှုတွေအပါအဝင် သီလဝါဒေသ Jetty တွေမှာ ဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ခြောက်စီး၊ ပင်လယ်ဝ Pilot Station မှာဆိုက်ကပ်ထားတဲ့ ဆီတင်သင်္ဘော ကိုးစီး၊ စင်ကာပူကနေ ဆီတင်ပြီးထွက်လာတဲ့ ဆီတင်သင်္ဘောတစ်စီး စုစုပေါင်း ၁၆စီးရှိတာကြောင့် ပြည်တွင်းသုံးစွဲမှုပမာဏအရ အများပြည်သူတွေအနေနဲ့ စက်သုံးဆီပြတ်လပ်မှာကို စိုးရိမ်ပူပန်စရာမလိုကြောင်း သတင်းစကားပါးလိုပါတယ်။ ဒါ့ပြင် နောက်ထပ်ဒီဇင်ဘာလအတွင်းမှာပဲ ပြည်ပက ဆီတင်သင်္ဘော ၂၇ စီးနဲ့ ထပ်မံတင်သွင်းဖို့ Supplier တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားရှိပြီးလည်းဖြစ်ပါတယ်။

**မေး။ လတ်တလော စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်ပူပန်မှုမြင့်တက်နေတဲ့အပေါ် ကော်မတီအနေနဲ့ ဘယ်လိုသတင်းစကားပါးလိုပါသလဲ။**

ဖြေ။ စက်သုံးဆီသိုလှောင်ကန်စခန်းတွေမှာရှိတဲ့ စက်သုံးဆီတွေကို ဆီသယ်ယာဉ်ဘောက်ဆာတွေနဲ့ နေ့စဉ်ဖြန့်ဖြူးပေးနေတဲ့အတွက် လတ်တလောပျံ့နှံ့နေတဲ့ စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေက မှန်ကန်မှုမရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ လက်ရှိမှာ ပြည်ပကမှာယူထားတဲ့ ဆီတင်သင်္ဘောတွေအနေနဲ့ သီလဝါဆိပ်ကမ်းမှာ ခြောက်စီး ဆိုက်ကပ်ထားပြီး ဓာတ်ဆီတန်ချိန် ၂၄၃၁၉ ကျော်၊ ဒီဇယ်ဆီတန်ချိန် ၅၃၃၁၅ ကျော်ကို သက်ဆိုင်ရာသိုလှောင်ကန်တွေဆီကို ချယူနေပြီဖြစ်ပါတယ်။ ဒါ့ပြင် ပင်လယ်ဝမှာ အသင့်ရောက်ရှိနေတဲ့ ဓာတ်ဆီတန်ချိန် ၆၇၇၃၇ ကျော်၊ ဒီဇယ်ဆီ ၆၅၃၅၉ ကျော် သယ်ဆောင်လာတဲ့ သင်္ဘော ကိုးစီးလည်း သီလဝါဆိပ်ကမ်းကို ဆိုက်ကပ်နိုင်ဖို့ အသင့်စောင့်ဆိုင်းလျက်ရှိပါတယ်။ ပြည်ပမှာလည်း မြန်မာနိုင်ငံအတွက် ဝယ်ယူထားပြီးဖြစ်တဲ့ စက်သုံးဆီတွေကို ဆီတင်သင်္ဘောတွေပေါ် တင်ဆောင်ဖြည့်တင်းလျက်ရှိတဲ့အပြင် ဆီဖြည့်တင်းပြီးလာရောက်ဆဲ ဆီတင်သင်္ဘောတွေလည်း ရှိနေပါတယ်။

စာမျက်နှာ ၂၂ သို့

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများပေးအပ်လှူဒါန်း


**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများကအလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများ လှူဒါန်းသော ဒံပေါက်ထမင်းဘူးများကို တပ်မတော်ရဟတ်ယာဉ်ဖြင့်ပို့ဆောင်ပေးစဉ်။



စေတနာရှင်အလှူရှင် ပြည်သူများလှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ပြည်သူများကရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကိုတွေ့ရစဉ်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်း သံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေများနဲ့ အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်နေတဲ့ တပ်မတော်သားများ ဘေးအပေါင်း ရန်အပေါင်းကို နှိမ်နင်းအောင်မြင်ကြပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန်ချေမှုန်းနိုင်ကြပါစေ” စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသောမြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာများရှိ ဆေးရုံ၊ဆေးခန်းများ၌ ခြင်၊ ယင်ပေါက်ပွားမှု မရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝမ်းတွင်းမြို့နယ်၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သောချုံနွယ်များ၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း၊ အပြင်သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ယင်ပိုးမွှားများပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂၁ မှအဆက်**

မြန်မာနိုင်ငံအတွက် စက်သုံးဆီဝယ်ယူထားပြီး ဆီတင်သင်္ဘောတွေပေါ်တင်ဆောင်တာ၊ လမ်းခရီးသယ်ယူတာ၊ မြန်မာနိုင်ငံပင်လယ်ဝမှာ အသင့်စောင့်ဆိုင်းတာနဲ့ ဆိပ်ကမ်းတွေမှာဆိုက်ကပ်ချယူတဲ့ လုပ်ငန်းစဉ်တွေစဉ်ဆက်မပြတ်ရှိနေတယ်ဆိုတာကိုလည်း အသိပေးလိုပါတယ်။

ဒါကြောင့် အများပြည်သူအနေနဲ့ စက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေအပေါ် မယုံကြည်ကြဖို့နဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ မိမိလိုအပ်သလောက်သာ ဝယ်ယူဖြည့်တင်းကြဖို့ အသိပေးလိုပါတယ်။ ဒါမှသာ အခုလိုအရောင်းဆိုင်တွေမှာ ကားတွေတန်းစီပြီးဝယ်ယူရတဲ့အတွက် ကုန်ဆုံးရတဲ့အချိန်တွေ သက်သာမှာဖြစ်ပါတယ်။ အများပြည်သူကို အထူးအသိပေးလိုတာက ၂၀၁၇ ခုနှစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၃၀အရ “မည်သူမျှ ဤဥပဒေအရလိုင်စင်ရယူရန်လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုကို သက်ဆိုင်ရာလိုင်စင်ရယူခြင်းမရှိဘဲလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ”ဟု ပြဋ္ဌာန်းထားတဲ့အတွက် စက်သုံးဆီတွေကို လိုင်စင်မဲ့သယ်ယူပို့ဆောင်တာ၊ သိုလှောင်တာ၊ ရောင်းချတာတွေ စစ်ဆေးတွေ့ရှိရရင်အနည်းဆုံး ဒဏ်ငွေကျပ် သုံးသိန်းမှ အများဆုံးဒဏ်ငွေကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေပြစ်ဒဏ်အပြင် အပြစ်ဒဏ်နှစ်ရပ်လုံးစီရင်ခြင်းခံရမယ့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမှာဖြစ်ပါတယ်။ ဒါကြောင့် ဆီဆိုင်တွေမှာ ဆီတွေတိုးဝယ်ပြီး အပြင်မှာလိုင်စင်မဲ့ရောင်းချတာ၊နေအိမ်ခြံဝင်းတွေ၊ ဘယ်နေရာမဆို လိုင်စင်မဲ့ရောင်းချတာတွေကို စစ်ဆေးကြပ်မတ်ပြီး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လောင်စာဆီတွေကို အများပြည်သူကြားမှာ လိုင်စင်မဲ့ရောင်းချတာက မီးဘေးအန္တရာယ် အထူးစိုးရိမ်ရတာကြောင့် အများပြည်သူအနေနဲ့ သက်ဆိုင်ရာဌာနတွေသို့ သတင်းပေးတိုင်ကြားဖို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။

အခုရက်ပိုင်းအတွင်းမှာ စက်သုံးဆီတွေကို ပုံမှန်ထက်ပိုမိုဖြန့်ဖြူးပေးခဲ့ပါတယ်။ Supply Chain တစ်ခုလုံးမှာ ကျွန်တော်တို့နိုင်ငံအတွက်ဝယ်ယူထားတဲ့ စက်သုံးဆီတွေစဉ်ဆက်မပြတ်ရှိနေပါတယ်။ ဒါကြောင့် အခုလိုစက်သုံးဆီပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေမရှိစေဖို့ ကျွန်တော်တို့ကော်မတီက စက်သုံးဆီတင်သွင်းဖြန့်ဖြူးတဲ့လုပ်ငန်းတွေ လက်တွေ့ဆောင်ရွက်နေတဲ့အခြေအနေမှန်ကို အများပြည်သူသိရှိအောင် ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**အင်တာဗျူး – မျိုးဆက်သစ်**
**ဓာတ်ပုံ – ပြည့်ရံ**

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၇၁၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၇၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၃၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဒီနှစ် အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခု ၁၇၁၇ ဧက စိုက်ပျိုးပြီးပါပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၀၆ ဧကနှင့် ဖူးစားပြောင်း ၁၆၁၀ ဧက စုစုပေါင်း ၁၇၁၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၈၉ ဧက၊ ဖူးစားပြောင်း ၃၁၄၆ ဧက စုစုပေါင်း ၃၃၃၅ ဧကဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၆၇၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ အစေ့ထုတ်ပြောင်း ၉၈၅ ဧက၊ ဖူးစားပြောင်း ဧက ၃၀၀၀ စုစုပေါင်း ၃၉၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ် အသုံးပြုခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ မအူပင်မြို့နယ်သို့ နိုဝင်ဘာလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ မအူပင်မြို့နယ်သို့ နိုဝင်ဘာလအတွင်း ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ မအူပင်မြို့နယ်သို့ အောက်တိုဘာလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုအပွင့် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ အဖူးတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ မအူပင်မြို့နယ်ဘက်ကို တင်ပို့ရောင်းချတာများပါတယ်။ မအူပင်မြို့နယ်ဘက်ကို တင်ပို့ရောင်းချအားအနေနဲ့ နိုဝင်ဘာလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်ကော၊ မအူပင်မြို့နယ်ဘက်ကော စိုက်ပျိုးရေးကောက်ရိုးမှိုတွေ မှာယူအား ကောင်းနေပါတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေကအသုံးပြုတာများလာလို့ ဝယ်လိုအားလဲ တက်နေတာဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်က ဒေသထွက်မှိုတွေက အရည်အသွေးကောင်းပြီး ဝယ်လက်ကြိုက်တဲ့ မှိုတွေပါ"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ရန်ကုန်ဈေးကွက်နှင့် မအူပင်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်ယူအားကောင်းလာသည့်အတွက် မှိုစိုက်ပျိုးသူများ၊ ရောင်းဝယ်သူများ၊ စိုက်ပျိုးရေးလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးဌာနခွဲမှ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်တွင် ရန်ပုံငွေကျပ်သိန်း ၄၄၀ ဖြင့်ဆောင်ရွက်သည့် အမှတ်(၄) ရပ်ကွက် စွန်တောင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း အပိုင်း(၁) ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြည့်မီခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဌာနခွဲတာဝန်ခံဒုတိယညွှန်ကြားရေးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းအသုံးပြုသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် စွန်တောင်းလမ်း၌ အရှည် ၃၅၂ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း အပိုင်း (၁) သည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် အောက်တိုဘာ ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တစ်ခြမ်းပဲ့သွားတဲ့ ကောင်းကင်

ဖူးပွင့်နွယ်



(၁)

ဖေဖေက အလုပ်ပြန်လာတိုင်း မေမေကြိုက်တတ်သည့် မုန့်ဟင်းခါးကို နေ့တိုင်းလိုလိုဝယ်၍ပြန်လာတတ်သည်။ ထိုအခါ ဖေဖေဝယ်လာသည့်မုန့်ဟင်းခါးကို မေမေနှင့်အတူ သားသား စားရသည်။ အကြောင်းမှာ ဖေဖေက မုန့်ဟင်းခါး လုံးဝမကြိုက်သောကြောင့် သားသားနှင့်မေမေ စားရန်အတွက်သာ ဝယ်လာပေးသည်။ ဖေဖေက တစ်နေ့ သားသား အိပ်ပျော်နေသည် အထင်နှင့် မေမေ့ကို တိုးတိုးလေးကပ်ပြောနေသည်။ ယောက္ခမနှင့်အတူ မနေချင်တော့၍ အိမ်ခွဲနေရန် ပြောသံကိုကြားနေရသည်။ မေမေက အခုလက်ရှိ မိဘအိမ် အဖီလေးမှာပဲ ကပ်နေမည်ဟုသာ ပြန်ပြောနေသည်။ မေမေ့မှာ အဆုတ်တီဗီရောဂါရှိသည်။ နေ့တိုင်း ဆေးသောက်နေရသည်ကို သားသား တွေ့သည်။ ဆေးဖိုးရော၊ စားဝတ်နေရေးရောမို့ မေမေက အိမ်ခွဲမနေချင်ဘူးဟု ဖေဖေ့ကို ငြင်းနေသည်။

"သားသား တကယ်လို့ မေမေမရှိတော့ရင် ဘိုးဘိုးဘွားဘွားတွေနဲ့ နေချင်လား၊ ဖေဖေနဲ့နေချင်လား"ဟု မေမေက တစ်နေ့ ဖေဖေ အလုပ်သွားတုန်း မေးသည်။

"မေမေ သားသားက ဖေဖေရယ်၊ မေမေရယ်၊ သားသားရယ် သုံးယောက် အတူတူနေချင်တယ်။ မေမေပဲပြောတော့ သားသားအတွက် ဖေဖေနဲ့ မေမေက ကောင်းကင်ကြီးဆို။ သားသားအတွက် ကောင်းကင်ကြီးတစ်ခုလုံးရှိနေတာပဲ မေမေရယ် သားသားက ဘာလို့ အခြားသူတွေနဲ့နေရမှာလဲ"ဟု ထိုနေ့က သားသား မေမေ့ကို အဖြေပြန်ပေးခဲ့သည်။

(၂)

မေမေ့မိသားစုဝင် အိမ်သားများက ဖေဖေ့ကို စကားမပြောကြပေ။ ဖေဖေက ယောကျ်ားဖြစ်ပြီး သူ့သမီးကို လူတစ်လုံးသူတစ်လုံးအဖြစ်ရှိအောင် ရှာမကျွေးနိုင်ဘူးဟုလည်း အမြဲလိုလို သားသားရှေ့တွင် ပြောတတ်သည်။ မေမေ့ရောဂါကိုလည်း ဆေးဝါး အကောင်းစားများနှင့်မကုပေးနိုင်၍ မပျောက်ဘူးဟု ပြောသေးသည်။ သားသား သိသလောက်တော့ ဖေဖေက အလွန်အလုပ်ကြိုးစားသည်။ နံနက် သားသားအိပ်ရာထချိန်ဆို ဖေဖေအလုပ်သွားပြီး ညမိုးချုပ်မှောင်မှ အလုပ်ကအိမ်ပြန်လာတတ်သည်။

"ဖေဖေ အလုပ်ပင်ပန်းလာရင် ဒီရေလေး သောက်နော် သားသားခပ်လာပေးတာ"

"အရွယ်နဲ့မလိုက်အောင် လိမ္မာလိုက်တဲ့ ဖေ့သားကြီးဟုပြော၍ သားဖြစ်သူကို ရင်ခွင်ထဲထည့်ဖက်ထားလိုက်သည်။ အသက်ရှစ်နှစ်သာရှိသေးသော သားသားငဲ့က မိဘအရိပ်အကဲလည်း သိသည့်ကလေးဖြစ်သည်။ ယောက္ခမ မိသားစုများနှင့် သူစကားမပြောသည်ကို သိသဖြင့် သားသားက သူ့အဘိုး၊ အဘွားအကြောင်းကို ကျွန်တော့်ရှေ့တွင် လုံးဝမပြောပါ။

"ထွန်းသိန်း ထွန်းသိန်း အိမ်ပြင်ကို ခဏထွက်ခဲ့စမ်း"ဟု အိမ်ပြင်ကနေအော်နေသည့် ဘိုးဘိုးအသံကို ကြားလိုက်ရသည်။ ဖေဖေလည်း သားသားကိုဘေးချခဲ့ပြီး ဘိုးဘိုးခေါ်နေ၍ အိမ်အပြင်ဘက် ထွက်သွားသည်။ သားသားလည်း နောက်ကလိုက်၍ ပြေးထွက်လာခဲ့သည်။

"မင်း ငါ့သမီးဆေးကုန်နေတာ သုံးလေးရက်ရှိပြီ၊ ဘာလို့ ဝယ်မပေးသေးတာလဲကွ"

"ကျွန်တော် မနက်ဖြန်လုပ်အားခထုတ်မှ ဝယ်ပေးမယ်လို့ ခင်ခင့်ကိုပြောပြီးသားပဲ။ အခုက လုပ်အားခ မထုတ်သေးလို့ မဝယ်ရသေးတာ"

"မင်း စကားကို လွယ်လွယ်မပြောနဲ့၊ ငါ့သမီးက ဆေးနဲ့အသက်ဆက်နေရတာသိလို့ မင်းသက်သက်မဲ့ယုတ်မာပြီး မဝယ်ပေးတာမဟုတ်လား"

"ခင်ဗျားသမီးကို ခင်ဗျားတို့ ပိုက်ဆံရှိနေတာ ဝယ်တိုက်လိုက်ပါ့လား။ အခုလို ကျွန်တော့်ကိုပြောနေမဲ့အစား လေတောင်ကုန်နေသေးတယ်"

"ဟေ့ကောင် ဘာစကားပြောတာလဲ။ သူများ သားသမီးကိုယူပြီး အဖြစ်ရှိအောင်၊ လူမွေးလူတောင် ပြောင်အောင် မထားနိုင်တဲ့ကောင်"

"အဲလို အသုံးမကျတဲ့ကောင်ကိုပဲ ခင်ဗျားသမီးက ယူထားတာမလား"ဟု ဖေဖေကလည်း ဘိုးဘိုးကို ပြန်ပြောနေသည်။ မေမေလည်း အခန်းထဲကနေ ပြေးထွက်လာခဲ့သည်။

"တော်ပါတော့ ဖေဖေရယ်၊ သမီးတောင်းပန်ပါတယ်"ဟု မေမေက ဘိုးဘိုးကို လက်အုပ်ကလေးချီကာ တောင်းပန်နေသည်။

"တောင်းပန်မနေပါနဲ့ခင်ခင်၊ မင်းအဖေက ငါ့ကို ဆို အမြဲအကောင်းမမြင်ဘူး"

"မင်းတော့"

ဘိုးဘိုး၏လက်သီးက ဖေဖေ့ပါးပြင်ပေါ် အရှိန်ပြင်းစွာ ထိုးပစ်သည်။ ဖေဖေ မြေကြီးပေါ် ကျသွားသည်။ သားသားနှင့်မေမေလည်း ဖေဖေ့အနားသွားကာ ဆွဲထူပေးလိုက်သည်။ သားသား အရမ်းကြောက်လာ၍ ငိုပစ်သည်။

"ထွက်သွား ငါ့အိမ်မှာမနေနဲ့။ အခုချက်ချင်း မင်းတစ်ယောက်တည်း ထွက်သွားကွာ။ ငါ့သမီးနဲ့ ငါ့မြေးကိုထားခဲ့။ မင်းနဲ့နေရင် ငါ့သမီးကော မြေးပါ လူတစ်လုံး သူတစ်လုံးဖြစ်မှာမဟုတ်ဘူးကွ"

"ခင်ခင် မင်းဒီမိသားစုနဲ့ နေခဲ့မှာလား၊ ငါနဲ့လိုက်မှာလား တစ်ခုမင်းပြော"

ဖေဖေ့မျက်နှာက နီရဲနေသည်။ မေမေကလည်း ငိုနေသည်။

"အစ်ကို အဆင်ပြေမှ သားသားနဲ့ ခင်ခင်ကို လာခေါ်ပါနော်"ဟု မေမေက ငိုရင်း အသံထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သည်။ ဖေဖေကချက်ချင်းထရပ်၍ သားသားနှင့်မေမေကို တစ်ချက်လှည့်ကြည့်ကာ ကျောခိုင်းပြီး အဝေးကိုထွက်သွားသည်။ ဖေဖေထွက်သွားသည်ကို မေမေက မျက်ရည်များဖြင့် ငေးကြည့်နေသည်။ ဘိုးဘိုးကတော့ မေမေငိုနေသည်ကို မျက်နှာလွှဲသွားသည်။

"သမီး အသုံးမကျတဲ့ ဒီကောင့်အတွက်နဲ့ ငိုနေစရာမလိုဘူး"ဟုပြောကာ အိမ်ထဲဝင်သွားသည်။

မေမေနှင့်သားသားလည်း အိမ်ထဲလိုက်ဝင်လာခဲ့သည်။ မေမေက ငိုကာ အိပ်ခန်းထဲတန်းဝင်သွားသည်။ သားသားက တန်းလျားလေးတွင် တစ်ယောက်တည်း ထိုင်ကျန်ခဲ့သည်။ ဖေဖေဘယ်ကိုများထွက်သွားမလဲဟု တွေးနေမိသည်။

(၃)

ဖေဖေထွက်သွားပြီးနောက် မေမေ့အတွက် လိုအပ်သည့်ဆေးဝါးများကို ဘိုးဘိုးနှင့်ဘွားဘွားက အများကြီး ဝယ်ပေးသည်။ အားရှိအောင်ဆိုကာ မေမေ့အတွက် အိုပါတင်းဘူး၊ နို့မှုန့်ဘူး၊ အခြားအားရှိမည့်မုန့်များ ကို ဝယ်ပေးသည်။ သားသားအတွက်လည်း အကျီလှလှလေးများ၊ ကစားစရာအရုပ်အများကြီးကို ဝယ်လာပေးသည်။ ဘိုးဘိုးနှင့်ဘွားဘွားက ပိုက်ဆံချမ်းသာသည်။ သို့သော် ဖေဖေရှိနေတုန်းက ထိုသို့ ဝယ်မပေးခဲ့ပေ။ သားသားကိုလည်း ပထွေးကိုချစ်လားဟုအမြဲမေးသည်။ သားသားလည်း ဘိုးဘိုးတို့၊ ဘွားဘွားတို့ကို ကြောက်၍ မချစ်ပါဘူးဟု သူတို့ရှေ့တွင် အမြဲလိမ်ညာဖြေခဲ့ရသည်။ တကယ်တော့ သားသားက ဖေဖေ့ကို အလွန်ချစ်သည်။ မေမေက ဖေဖေထွက်သွားသည့် ရက်ကို ပြက္ခဒိန်မှာ တစ်နေ့ပြီးတစ်နေ့ အမှန်လေး ခြစ်မှတ်ထားသည်။ ညအိပ်ရာဝင်ချိန်တိုင်း မေမေက သားသား မသိဘူးအမှတ်နှင့် အိပ်ရာထဲတွင် ရှိုက်ငိုနေတတ်သည်။ သားသားလည်း တစ်ရက်ပြီးတစ်ရက် ဖေဖေပြန်အလာကို မျှော်နေမိသည်။ အရမ်းလည်း လွမ်း၍ ဖေဖေ့ကိုတွေ့ချင်သည်။ ရက်မှလသို့ ကူးပြောင်းလာသော်လည်း ဖေဖေ အိမ်ကိုပြန်မလာပေ။ မေမေနှင့်သားသားလည်း တစ်ရက်ပြီးတစ်ရက် ဖေဖေ့ကိုမျှော်နေသည်။ ဆေးဝါးဓာတ်စာနှင့် အစားကောင်း၊ အသောက်ကောင်းများ စားနေရသော်လည်း မေမေက တစ်နေ့တခြား ပိုပိုပိန်ကျလာသည်။ အသားအရေလည်း ညှိုပုပ်ပုပ်အရောင် ဖြစ်လာခဲ့သည်။ တစ်ခါတလေ မေမေ့ပါးစပ်က သွေးနီနီရဲရဲများ အန်တတ်သည်။

(၄)

"သားသား မေမေ မရှိတော့ရင် သားသား ဘယ်သူနဲ့နေချင်လဲ"

"မေမေရယ် သားသားကို အဲဒီလိုစကားတွေ မမေးပါနဲ့။ မေမေ အဲဒီလိုမေးတိုင်း သားသား ရင်ဘတ်ထဲက အလိုလို ဝမ်းနည်းလာတယ်"

"ဟုတ်လား ဒါဆိုမေမေ မမေးတော့ပါဘူး။ သားသားရဲ့စိတ်ကို မေမေပဲဖတ်ကြည့်တော့မယ်"ဟု မေမေကပြောကာ နောက်ထပ် ထိုစကားမျိုး ထပ်မမေးတော့ပေ။

ဘိုးဘိုး၊ ဘွားဘွားနှင့် ဒေါ်ဒေါ်က မေမေ့ကို ဂရုစိုက်ကာ ပြုစုပေးကြသည်။ သို့သော် မေမေ့ရောဂါအခြေအနေက တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာသည်ဟု ဒေါ်ဒေါ်ပြောနေသံကို သားသားကြားလိုက်ရသည်။ ဖေဖေသာရှိနေလျှင် မေမေယခုချိန်တွင်နေပြန်ကောင်းလာမှာ။ ဖေဖေရယ် သားသားနှင့်မေမေဆီ မြန်မြန်ပြန်လာပါတော့ တိုးတိုးလေး ရေရွတ်လိုက်မိသည်။

"အမေ မမက အခြေအနေမကောင်းဘူး။ သူ့ယောကျ်ားကို တွေ့ချင်နေပုံရတယ်။ အကြောင်းကြားပေးလိုက်ရမလား"

"သူ့အမေကိုတော့ အမေ မနေ့ကဈေးမှာတွေ့လို့ ပြောလိုက်တယ်။ ခင်ခင် နေမကောင်းဘူးလို့။ အခု ထွန်းသိန်းက ရန်ကုန်ကို အလုပ်သွားလုပ်တယ်လို့ ပြောတယ်"

"အမေရယ် ကြိုတင်ပြီး အခြေအနေမကောင်းဘူးလို့ ထပ်သွားပြောထားရင် ကောင်းမယ်။ တော်ကြာ မမက အသေမဖြောင့်ဘဲ နေအုံးမယ်"

"အေးလေ လူကြုံနဲ့ထပ်သွားပြောခိုင်းလိုက်မယ်။ နင့်အဖေတော့ သူ့သမီးကြီးအခြေအနေကိုသိလို့ အနားကနေ ပရိတ်ကြီး ၁၁ သုတ် ရွတ်ပေးနေတယ်။ နင့် မမကလဲ ညက သူ့ကိုလူဖြူဖြူကြီးနှစ်ယောက်လာခေါ်နေပြီတဲ့ ပြောနေတယ်။ သားသားကို သူ့အမေနားခေါ်မလာနဲ့၊ သူ့အမေကိုမြင်သွားရင် ကလေးစိတ်ထိခိုက်သွားမယ်"ဟု ဘွားဘွားနှင့်ဒေါ်ဒေါ်ပြောနေသံကို သားသား တံခါးကြားက ချောင်းနားထောင်နေမိသည်။ ပါးပြင်ပေါ် လိမ့်ဆင်းလာသည့် မျက်ရည်စများကို လက်ဖြင့် သုတ်လိုက်သည်။ လက်အုပ်ကလေးချီကာ မေမေ ဘာမှမဖြစ်ပါစေနှင့် ဖေဖေအမြန်ဆုံးပြန်လာပါစေဟု ဆုတောင်းလိုက်သည်။ သားသားကို မေမေနေမကောင်းဘူးဟုပြောကာ ဒေါ်ဒေါ်က မေမေ့နားမသွားခိုင်းပါ။ မေမေနေမကောင်းဘူးဟု အကြောင်းပြကာ သားသားကို ဒေါ်ဒေါ်က သူနှင့်အတူခေါ်အိပ်တာ တစ်လကျော်ကျော်ရှိပြီ။ သားသား မေမေ့ကို မတွေ့ရသည်က တစ်လခန့်ရှိပါပြီ။ မေမေ့ကိုသားသားတို့ ဖေဖေရှိစဉ်က နေခဲ့သည့် အိမ်အဖီလေးမှာပဲ ထားသည်။ သားသားကိုတော့ အိမ်မကြီးမှာ ခေါ်ထားသည်။

နံနက်ဆို ကော်ဖီနှင့်မုန့်ကျွေးပြီး ထမင်းချိုင့်ထုပ်ကာ ဒေါ်ဒေါ်က ကျောင်းလိုက်ပို့သည်။ ကျောင်းဆင်းတော့ ကျူရှင်ကို အတန်းပိုင်ဆရာမက ဆက်ခေါ်သွားသည်။ မိုးချုပ်မှောင်မှ ဒေါ်ဒေါ်က ကျူရှင်လာကြိုသည်။ မေမေ့နား ခဏသွားကြည့်ချင်သည်ဟု သားသားကပြောတိုင်း မေမေနား မသွားရဘူး၊ မေမေနေမကောင်းတာ သားသားကို ကူးလိမ့်မယ်ဟုသာ ဒေါ်ဒေါ်ကော၊ ဘိုးဘိုး၊ ဘွားဘွားကောက ပြောသည်။

(၅)

"ဘွားဘွားလှပါလား"

တနင်္ဂနွေနေ့ ကျောင်းနှင့်ကျူရှင်ပါပိတ်၍ အိမ်မှာ သားသားရှိနေသည်။ ဘိုးဘိုး၊ ဘွားဘွား၊ ဒေါ်ဒေါ်နှင့်အိမ်နီးချင်းတွေက သားသားတို့နေတဲ့ အဖီလေးမှာ ဝင်ချည်ထွက်ချည်နှင့် ဘာဖြစ်နေကြသည်မသိ။ သားသားကိုလည်း အနားမလာခဲ့နှင့်ဟု အားလုံးက ပြောနေကြသည်။ ဖေဖေ့ဘက်က အဘွားနှင့်အဒေါ်ပါ

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၁၇၃၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၁၇၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၂၂၅၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၇၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်းမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၈၄၈ ဧကနှင့် ဖူးစားပြောင်း ၁၈၈၉၁ ဧက စုစုပေါင်း ၂၁၇၃၉ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၃၅၇၄ ဧကနှင့် ဖူးစားပြောင်း ၁၉၀၁၆ ဧက စုစုပေါင်း ဧက ၂၂၅၉၀ တို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ရောက်လာကြ၏။ သားသားလည်း မေမေဘာဖြစ်တာလဲသိချင်၍ အိမ်နောက်ဘက်ကနေ အဖီလေးနားကို လာခဲ့သည်။ ဖျဉ်ချပ်များ ဟနေသည့်နေရာလေးကနေ အထဲကိုချောင်း ကြည့်ရန် ကြိုးစားလိုက်သည်။ မေမေ့ကိုမမြင်ရပါ။ လူများက မေမေ့အနားတွင် ဝိုင်းထိုင်နေကြသည်။ အားလုံးကလည်း မျက်နှာ မကောင်းကြပေ။

“သမီး စိတ်ကိုလျှော့ထားနော်၊ ခဏနေ သမီးရဲ့ယောက်ျားလာတော့မှာ၊ စိတ်လျှော့ စိတ်လျှော့ ဘုရားတရားကိုပဲအာရုံပြုနေ။ ကလေးအတွက်လဲ စိတ်မပူနဲ့၊ အမေတို့ကော နင့်ညီမပါ ရှိတယ်။ နောက်ဆံတင်းမနေနဲ့ စိတ်ဖြောင့်ဖြောင့်သာ ကောင်းတဲ့နေရာကို ရောက်အောင်သွားနော်”ဟု ဘွားဘွားက မေမေ့ကို တတွတ်တွတ် ပြောနေသည်။

ဘိုးဘိုးကတော့ အံကြိတ်ကာ ဘေးမှာထိုင်နေသည်။

“မမ နင်ဘာမှ စိတ်မပူနဲ့၊ သားသားကို ငါစောင့်ရှောက်ပေးမယ်။ ငါက အပျိုကြီးဆိုတော့ သားသားကို ငါ့သားလေးတစ်ယောက်လိုပဲ ပြုစုပျိုးထောင်နိုင်တယ်။ နင်ဘာမှစိတ်မပူနဲ့”ဟု ဒေါ်ဒေါ်ကပါ ထပ်ပြောနေသည်။ ဖေဖေ့ဘက်က ဘွားဘွားနှင့် ဒေါ်ဒေါ်ကတော့ ငြိမ်သက်နေကြသည်။

“အဖေ သမီး ကလေးနဲ့ ကိုထွန်းသိန်းကို တွေ့ချင်တယ်”

မေမေ့စကားက တအားတိုးလွန်း၍ မနည်းနားစိုက်ထောင်နေရသည်။

“အေးပါ ခဏနေ ထွန်းသိန်းရောက်လာတော့မယ် စိတ်အေးအေးထား”ဟု ဘိုးဘိုးက ပြန်ပြောနေသည်။

(၆)

ဖေဖေနှင့်တူသော လူတစ်ယောက်ကို ဖေဖေ့အဝတ်အစားများ ဝတ်ခိုင်းထားပြီး မေမေမြင်ရသောနေရာအထိ ဘိုးဘိုးဘွားဘွားတို့က လာစေသည်။ ထို့နောက် “ထွန်းသိန်းလာပြီဟေ့ ထွန်းသိန်းလာပြီ။ သမီးနှင့်ယောက်ျား ထွန်းသိန်းပြန်လာပြီ။ နင့်ယောက်ျားလာပြီ”ဟု ဘွားဘွားနှင့် ဒေါ်ဒေါ်၊ လူတချို့၏အော်သံက ဟိန်းထွက်သွားသည်။ ခဏနေတော့ ဘွားဘွား၏ အော်ငိုသံအကျယ်ကြီးကိုကြားရပါတော့သည်။ သားသား သိလိုက်ပါပြီ။ မေမေ စိတ်ဖြောင့်ဖြောင့်နှင့် အသက်ထွက်သွားပြီဆိုတာ။ မေမေရေ စိတ်ဖြောင့်ဖြောင့်နှင့်သာ ကောင်းရာမွန်ရာဘုံဘဝကို သွားပါတော့နော်ဟုပြော၍ စိတ်မထိန်းစွာ အော်ငိုမိတော့သည်။ ထိုစဉ် သားသား ငိုသံနှင့်အတူ အခြားသော ငိုသံများက အိမ်ကလေးတစ်ဝိုက်မှာ ဆူညံစွာထွက်ပေါ်လာသည်။

မေမေဆုံးပြီး သုံးရက်မြောက် မြေချမည့်နေ့တွင် ဘိုးဘိုးနှင့်ဘွားဘွားက ထုံးတမ်းစဉ်လာအရ လိပ်ပြာခွဲမည်ဟုပြောသံကြားသည်။ ဖေဖေရှိရာ ရန်ကုန်ကို မေမေဆုံးသွားပြီဖြစ်ကြောင်း လူကြီးများက ကြေးနန်းရိုက်ခေါ်ထားသော်လည်း ဖေဖေက ယခုထိရောက်မလာသေးပေ။ မေမေ့ထံ၌ သားသားကို ဘွားဘွား၊ ဘိုးဘိုးနှင့်ဒေါ်ဒေါ်က အရင်ဦးဆုံး တောင်းမည့်အကြောင်းပြောသံကိုကြားနေမိသည်။ ထိုစကားကြောင့် သားသား မေမေ့အလောင်းဘေးနား သွားငိုရင်းပြောနေမိသည်။

“မေမေ သားသားက ဖေဖေနဲ့ပဲ နေချင်တယ်။ သားသားရဲ့ ကောင်းကင်ကြီးက အခုဆို မေမေမရှိတော့လို့ တစ်ခြမ်းပဲ့သွားပြီ။ ကျန်တဲ့ကောင်းကင်တစ်ခြမ်းက ဖေဖေဆိုရင် သား အဲဒီကောင်းကင်တစ်ခြမ်းမှာပဲ နေပါရစေ မေမေရယ်”ဟု တိုးတိုးလေးပြောလိုက်သည်။

“ခင်ခင် နင့်သားလေးကို နင့်အမေကိုပေးမယ်ဆို ချိန်ခွင်လျှာတစ်ဖက်စောင်းပြပါ” လူအားလုံးက တိတ်ဆိတ်စွာ ချိန်ခွင်လျှာကိုသာကြည့်နေကြသည်။ ချိန်ခွင်က မည်သည့်ဘက်မှမစောင်းဘဲ အလယ်တည့်တည့်တွင်သာ ရှိနေသည်။

“ခင်ခင် နင့်သားလေးကို နင့်အဖေကို ပေးမယ်ဆိုချိန်ခွင်လျှာတစ်ဖက်စောင်းပြပါ”ဟု ပြော၍ ဂွမ်းစဖြူဖြူလေးဖြင့် ခင်ခင့်လက်ကိုတို့၍ ဂွမ်းစလေးကိုချိန်ခွင်တွင်တင်၍ လိပ်ပြာခွဲသည် သူက ထပ်မေးပြန်သည်။ အတန်ကြာသည်ထိ ချိန်ခွင်က မည်သည့်ဘက်မှ မစောင်းပြန်ပေ။

“ကဲ ခင်ခင် နင့်သားလေးကို သူ့အဖေနား ပေးခဲ့ချင်လား”ဟု မေး၍ ဝါဂွမ်းလေးကို ချိန်ခွင်ပေါ်တင်လိုက်စဉ် သိသိသာသာ ချိန်ခွင်တစ်ဖက်က ဇောက်ထိုးချက်ချင်းဖြစ်သွားသည်။ အားလုံးက ချိန်ခွင်ကိုကြည့်၍ ဟင်ခနဲ၊ ဟာခနဲ အံ့သြကုန်ကြသည်။

(၇)

ထိုအချိန်မှ ကိုထွန်းသိန်းအနားသို့ရောက်လာပြီး သားသားကိုပွေ့ချီလိုက်သည်။ သားကလည်း ဖေဖေ့ကို အားကိုးတကြီး တင်းကျပ်စွာ ဖက်ထားလေသည်။

“ခင်ခင်ရေ နင်စိတ်ချပါ ငါတို့ရဲ့သားလေးကို နင်ဖြစ်စေချင်တဲ့ ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် ထားပေးမယ်လို့ ငါကတိပေးပါတယ်။ နင်သာ ကောင်းမွန်တဲ့ဘုံဘဝလေးကို စိတ်ချလက်ချ၊ အေးအေးချမ်းချမ်း ထွက်သွားပါတော့။ သားလေးအတွက် ငါတာဝန်ကျေစေရပါ့မယ်”ဟု ပြော၍ ဖေဖေမျက်ရည်စက်များက မေမေ့ ရုပ်အလောင်းပေါ် တစ်စက်စက် စီးကျနေသည်။ အလောင်းကိုမြေဖို့၍ အားလုံးကိုယ်စီပြန်ကုန်သည်။

“ထွန်းသိန်း မင်းဘာလို့ ငါ့သမီးမြေချမှ ရောက်လာတာလဲ”ဟု ဘိုးဘိုးက အိမ်အပြန်လမ်းမှာမေးသည်။

“ကျွန်တော် လွန်ခဲ့တဲ့တစ်နာရီကမှ ရန်ကုန်ကပြန်ရောက်တာ။ လမ်းမှာ ကြေးနန်းက ကြာနေတာတဲ့။ သိသိချင်းအမြန်ကားနဲ့ပြန်လာတာပါ”ဟု ဖေဖေက ဘိုးဘိုးကို ပြန်ဖြေနေသည်။

“ခင်ခင် သနားပါတယ်။ သူ့မှာ ရောဂါဝေဒနာကတစ်ဖက်၊ မိဘတွေကတစ်ဖက်၊ လင်ကတစ်ဖက်နဲ့။ မိဘတွေကလဲ လွန်ပါတယ်ဟယ်။ သားမက်က ပညာမတတ်ဘူးဆိုပြီး သဘောမတူလို့ အခုလိုတွေဖြစ်ကုန်တာ။ တကယ်တော့ ထွန်းသိန်းက ရိုးသားပါတယ်။ ရရာအလုပ်လုပ်ပြီး ခင်ခင်ကို ဆေးကုပေးရှာတယ်။ ဒါကို မိဘတွေက ခင်ခင်နဲ့သဘောမတူခဲ့တော့ ပြဿနာအမျိုးမျိုးရှာပြီး ထွန်းသိန်းနဲ့ကွဲအောင်လုပ်တယ်လေ။ နောက်ဆုံး သူတို့အတွက်နဲ့သူတို့သမီး ခင်ခင် စိတ်ဆင်းရဲပြီးရောဂါစွဲဆုံးသွားတာပဲ အဖက်တင်တယ်။ ကလေးလဲကြားကနေ မိခင်မဲ့သွားရှာတာ သနားပါတယ်”

“အေးလေ ခင်ခင် ကြားကဆုံးပါးသွားတာသနားစရာ။ မိဘတွေက သူ့အတ္တတွေရှေ့တန်းတင်လွန်းတာကိုး။ အခုတော့ လိပ်ပြာခွဲတာတောင် သူ့အဖေကို ပေးခဲ့တယ်တဲ့”ဟု သားသားတို့နောက်မှ အသုဘလိုက်ပို့သော မိန်းမတချို့၏စကားသံကို ကြားနေရသည်။ ဖေဖေ့မျက်နှာကို တစ်ချက်ကြည့်ကာ သားသား ပြုံးလိုက်မိသည်။ တစ်ခြမ်းပဲ့သွားသည့် ကောင်းကင်ကြီးတွင် အခုတော့ ကြယ်၊ လ စုံလင်စွာ လှပနေတော့သည်။

## ပရပြည့်ဖြိုး ရွှက်သယ်ပိုး

\- မွန်မြတ်စွာ စိတ်ထားအလှနဲ့
ဖေးမကြ တို့ဝန်းကျင်၊
ဆောင်ကြဉ်းမကုန် လှုဘောင်အရေးပေမို့
တွေးဆလို့ပင်၊
ကမ်းလက်များ အေးမြတစ်ခွင်
တေးလှအစဉ် မြင်မြင်သမျှ၊
ပန်းပေါင်းစုံ ရနံ့မခွဲတယ်
(ကွယ်တို့ရေ)
ဖွဲ့ထက်သန်မှု။

\- သည်းခံကာ ဆက်ဆံကြ
ထည်ဝါလှလို့ သူငါနော်၊
စေတနာ တံဆိပ်ကောင်းရယ်နဲ့
ခညောင်းမွှေ့ပျော်၊
သတိပျိုးပါလို့
စိတ်တန်ခိုးနဲ့ အားဖြည့်လှော်
အမှားတွေ့သော် ဖယ်ခွာထုတ်၊
မာနတံခွန် ချိုးနှိမ်ထားကာဖြင့်
ချစ်သား ကြိုးကုတ်။

\- အပြန်အလှန် မေတ္တာမယုတ်နဲ့
သဒ္ဓါထုတ်လို့ ကောင်းခြင်းဆောင်၊
ဝါဒမတူ စေတသိက်မို့
အတ္တဟိတ် ရှောင်သာရှောင်၊
ခန္တီစ ချည်ကာနှောင်
ပြည့်ဂုဏ်ရောင် ရွှက်သယ်ပိုး၊
ဩော်. . .
ပရဟိတပေမို့
ကိုယ်စီငှလို့ လှုပြည်ရွာ
နိုးကြားကာ
ရိုးသားစွာ လက်ချင်းယှက်ပါလို့
(ရောင်းရင်းတို့ရေ)
တိုးရစ်တန်ဖိုး။ ။

**မင်းသူရိန်(သာကီနွယ်)**

# မိုင်းပန်မြို့နယ် နောင်ပါမွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ပါမွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများက နောင်ပါမွန်ကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ရှစ်ပေနှင့် အမြင့် ငါးပေရှိ ရေစုကန် တည်ဆောက်ခြင်းနှင့် အရှည်ပေ ၄၀၀၀ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နောင်ပါမွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၈၈ သန်းအသုံးပြု၍ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ဖိလစ်ပိုင်ကိုဗဟိုပြုလာသည့် အင်အားကြီးနိုင်ငံများ၏ စစ်ရေးလှုပ်ရှားမှုများ

နေရှား(သုတေသန)

ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်၏ အချက်အချာနေရာတွင်တည်ရှိကာ တောင်တရုတ်ပင်လယ်အငြင်းပွားမှု၌လည်း ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်းတို့နှင့် အဓိကပါဝင်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ သမိုင်းတစ်လျှောက်၌ စပိန်၊ ဂျပန်နှင့် အမေရိကန်တို့၏ ကိုလိုနီပြုမှုကိုလည်းခံခဲ့ရသည်။ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုကြောင့် စစ်ရေးတည်ဆောက်မှုကို တိုးမြှင့်လုပ်ဆောင်လာသည်။ ယခုအခါ ဒေသတွင်းပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေး နှင့်လုံခြုံရေးအခင်းအကျင်းပြောင်းလဲမှုများက ဖိလစ်ပိုင်အပေါ် အင်အားကြီးနိုင်ငံများ၏ အာရုံစိုက်မှုပိုမို တိုးမြှင့်လာစေသည်။ အဓိကအားဖြင့် သမ္မတ ဒူတာတေးလက်ထက်ကျင့်သုံးခဲ့သည့်မူဝါဒနှင့် လက်ရှိ သမ္မတ ဘွန်ဘွန်မားကို့စ်ဂျူနီယာတို့၏ မူဝါဒပြောင်းလဲမှုနှင့်လည်း သက်ဆိုင်လျက်ရှိနေသည်။


**အမေရိကန်၏လှုပ်ရှားမှု**

အမေရိကန်သည် ဒေသတွင်းငင်း၏လွှမ်းမိုးမှုကို ထိန်းသိမ်းခြင်းနှင့်မဟာမိတ်တပ်များကိုစုစည်းရန်ရည်ရွယ်ချက်ဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။အမေရိကန်သည် ၁၉၅၁ ခုနှစ်ကတည်းက အပြန်အလှန်ကာကွယ်ရေးသဘောတူစာချုပ် (Mutual Defence Treaty) ကို လက်မှတ်ရေးထိုးထားသည်။ ၁၉၉၁ ခုနှစ်တွင် ၎င်းစာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဖိလစ်ပိုင်ရှိ အမေရိကန်တပ်ဖွဲ့များကိုလည်း ရုပ်သိမ်းခဲ့သည်။ ထို့နောက် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီးနောက် ဖိလစ်ပိုင်တပ်ဖွဲ့များကို အကူအညီပေးရန်နှင့် အကြံဉာဏ်ပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ ကို ဖိလစ်ပိုင်တွင် ဖြန့်ထားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် တပ်ဖွဲ့များအပြန်အလှန်လည်ပတ်ခွင့်သဘောတူညီချက် (Visiting Force Agreement)ကို လက်မှတ်ရေးထိုးခဲ့ပြီး Balikatan ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နှစ်စဉ်ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လအစောပိုင်းတွင် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့သည် ဖိလစ်ပိုင်ပင်လယ်နှင့်ဂျပန်နိုင်ငံအနောက်တောင်ဘက်ပင်လယ်ပြင်ကြားတွင် NOBLE WOLF ဟုခေါ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ပြီး အကြီးစား Global Exercise 23 (LSGE 23) ကိုလည်း ၁၀ ရက်ကြာ ပြုလုပ်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်နှင့်အမေရိကန်တို့သည် အဆင့်မြှင့်တင်ထားသည့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Enhanced Defence Cooperation Agreement-EDCA)ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်ပြုလုပ်ပြီးနောက် အမေရိကန်သည် ဖိလစ်ပိုင်၌ လေယာဉ်တင်သင်္ဘောများ ဆိုက်ကပ်မှုထိလုပ်ဆောင်လာခဲ့သည်။ ထို့ပြင် EDCA အား အပြည့်အဝအကောင်အထည်ဖော်မှုကို တိုးမြှင့်ရန်အတွက် အမေရိကန်တပ်ဖွဲ့များဖြန့်ထားနိုင်မည့်နေရာသစ် လေးခုကို၂၀၂၃ ခုနှစ် ဧပြီလကသတ်မှတ်ခဲ့သည်။ EDCA က အမေရိကန်တပ်ဖွဲ့များကို ဖိလစ်ပိုင်အခြေစိုက်စခန်း ငါးခုသို့ ဝင်ရောက်အခြေစိုက်ခွင့်ပေးထားသည်။ EDCA သဘောတူညီချက်က ဖိလစ်ပိုင်နှင့်အမေရိကန်မဟာမိတ်များ ကိုပိုမိုခိုင်မာစေပြီး ပို၍ခံနိုင်ရည်ရှိစေသည်။ ထို့ပြင် နှစ်နိုင်ငံတပ်မတော်တို့၏ ပေါင်းစပ်စစ်ရေးစွမ်းရည်များ ခေတ်မီအဆင့်မြှင့်တင်မှုကိုလည်း အရှိန်မြှင့်စေမည်ဖြစ်သည်။ EDCA က အမေရိကန်တပ်ဖွဲ့များအနေဖြင့် ဖိလစ်ပိုင်စစ်ဘက်အသုံးအဆောင်များကို အသုံးပြုခွင့်၊ အဆောက်အအုံများဆောက်လုပ်ခွင့်၊ စစ်လက်နက်ပစ္စည်း၊ လေယာဉ်နှင့်ရေယာဉ်များထားရှိခွင့်တို့ကို ခွင့်ပြုထားသည်။ ယခုအခါ ၎င်းအစီအစဉ်အရ ဖိလစ်ပိုင်သည် ဆီဆာဘာဆာလေတပ်စခန်းဌာနချုပ်၊ မက်ဂ်ဆေးဆေးတပ်မြို့၊ အန်တိုနီယိုဘော်တစ်စတာ လေတပ်အခြေစိုက်စခန်းနှင့် ဘန်နီတိုအက်ဗျူအန်လေတပ်အခြေစိုက်စခန်းတို့တွင် အဆောက်အအုံများ နောက်ထပ်ထပ်မံတည်ဆောက်ရန် အမေရိကန်နှင့်လုပ်ဆောင်လျက်ရှိပြီး အမေရိကန်က ဘဏ္ဍာငွေ ပံ့ပိုးပေးမည်ဖြစ်သည်။ အမေရိကန်သည် ဖိလစ်ပိုင်ကို လေယာဉ်များနှင့် ရေယာဉ်များကိုလည်း ပံ့ပိုးရောင်းချလာခဲ့သည်။

**အိန္ဒိယ၏လှုပ်ရှားမှု**

အိန္ဒိယနိုင်ငံသည်လည်း အရှေ့မျှော်မူဝါဒနှင့်အတူဖိလစ်ပိုင်နှင့် ထိတွေ့ဆက်ဆံမှုကို မြှင့်တင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတ ဒူတာ



တေးကို အိန္ဒိယအမျိုးသားနေ့ ဧည့်သည်တော် အကြီးအကဲအဖြစ်ဖိတ်ကြားခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် အမေရိကန်၊ ဂျပန်၊ ဖိလစ်ပိုင်တို့နှင့်အတူ လေးနိုင်ငံရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ် တွင် စတုတ္ထအကြိမ်မြောက် အိန္ဒိယ-ဖိလစ်ပိုင်ပူးတွဲကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ (Joint Defence Cooperation Committee-JDCC) ကိုကျင်းပခဲ့သည်။ အိန္ဒိယသည် အကြီးမားဆုံးရောင်းချမှုအဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ဘရာမို့စ်ခရုဇ်ဒုံးကျည်များကို ၂၀၂၂ ခုနှစ်တွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်ကို ရုရှားနှင့်ပူးတွဲထုတ်လုပ်ခြင်းဖြစ်ပြီး ကီလိုမီတာ ၃၀၀ ထိရောက်ရှိနိုင်သည်။ ဘရာမို့စ်ဒုံးကျည်သည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးခရုဇ်ဒုံးကျည်များအုပ်စုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဒုံးကျည်ရောင်းချမှုတန်ဖိုးသည် ဖိလစ်ပိုင်ပီဆို ၁၈ ဒသမ ၉ ဘီလီယံရှိသည်။

**ဂျပန်နိုင်ငံ၏လှုပ်ရှားမှု**

မကြာသေးမီနှစ်များအတွင်းက ဂျပန်နိုင်ငံသည် စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ကန့်သတ်ချက်များကို ချိုးဖျက်ကာ ဂျပန်နိုင်ငံကို ပုံမှန်နိုင်ငံတစ်ခုဖြစ်စေရေး လုပ်ဆောင်လာခဲ့သည်။ အမျိုးသားလုံခြုံရေးမဟာဗျူဟာ (National Security Strategy- NSS) အသစ်အရ ကာကွယ်ရေးပစ္စည်းများ တိုးချဲ့ဖွဲ့စည်းခွင့်ရရှိစေပြီး ဂျပန်နိုင်ငံ၏နိုင်ငံရပ်ခြားစစ်ဆင်ရေးနယ်ပယ်ကို ပိုမိုချဲ့ထွင်ရန် ကူညီပေးလျက်ရှိသည်။ ထို့ကြောင့် ဖိလစ်ပိုင်နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာခဲ့သည်။

ဂျပန်နိုင်ငံသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ အမေရိကန်၊ ဖိလစ်ပိုင်တို့နှင့်အတူ သုံးနိုင်ငံ ပထမဆုံးရေတပ်စစ်ရေးလေ့ကျင့်မှုကို ၂၀၂၃ ခုနှစ် ဇွန်လ၌ ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံ၏ အခြေခံဥပဒေအရ ဂျပန်နိုင်ငံအတွင်း၌ ခုခံကာကွယ်ရေးလက်နက်များကိုသာ ထုတ်လုပ်ခွင့်ရှိပြီး ထိုးစစ်လက်နက်များကို ထုတ်လုပ်ခွင့်မရှိပေ။ ထို့အတူ စစ်လက်နက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချခွင့်လည်းမရရှိပေ။ သို့သော်လည်း ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ဒေသတွင်းနိုင်ငံများသို့ ခုခံကာကွယ်ရေးမဟုတ်သည့် စစ်လက်နက်ပစ္စည်းများ ရောင်းချရေးကို ကြိုးပမ်းလာခဲ့သည်။

ဂျပန်နိုင်ငံသည် ပြည်ပတပ်မတော်များသို့ စစ်ရေးအထောက်အပံ့ပေးမည့် အစီအစဉ်သစ်တစ်ရပ်ကို ၂၀၂၂ ခုနှစ် ဧပြီလက ထုတ်ပြန်ခဲ့သည်။ ဂျပန်အစိုးရသည် အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးကို ကျင်းပ၍ လက်နက်များ၊ စစ်ရေးအထောက်အပံ့နှင့် အခြားစစ်ဘက်ဆိုင်ရာ အကူအညီများပံ့ပိုးပေးမည့် ပြည်ပစစ်ဘက် အထောက်အပံ့ပေးရေးအစီအစဉ်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ထိုအစီအစဉ်ကို တရားဝင်လုံခြုံရေးအထောက်အပံ့(Official Security Assistance-OSA) ဟု အမည်ပေးထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စစ်ဘက်စွမ်းရည် ခိုင်မာအားကောင်းစေရန်အတွက် ရန်ပုံငွေ၊ လက်နက်၊ ပစ္စည်းကိရိယာနှင့်အတူ စစ်သုံးလေယာဉ်ကွင်း၊ ဆိပ်ကမ်းနှင့်အခြားအခြေခံအဆောက်အအုံကဲ့သို့သော ပံ့ပိုးမှုများ ပြုလုပ်ခြင်းဖြစ်သည်။

စစ်ရေးမဟုတ်သည့် ယခင်အစီအစဉ်နှင့် မတူညီသည်မှာ OSA အစီအစဉ်သည် စစ်ရေးနယ်ပယ်အပေါ် အလေးထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် တစ်ပတ်ရစ် စစ်လက်နက်ပစ္စည်းများကို အခမဲ့ပေးခြင်း သို့မဟုတ် သက်သာသောဈေးနှုန်းဖြင့် လွှဲပြောင်းပေးခြင်းကိုသာ ခွင့်ပြုသည့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဥပဒေကို ၂၀၁၇ ခုနှစ်၌ ပြန်လည်သုံးသပ်ခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်သို့ ကင်းလှည့်ရေယာဉ် ၁၂ စီးနှင့် ဗီယက်နမ်သို့ ကင်းလှည့်ရေယာဉ် ကိုးစီး အခမဲ့ပံ့ပိုးပေးခဲ့သည်။ ဂျပန်နိုင်ငံသည် ရေပြင်အထက် ဝေဟင်စောင့်ကြည့်ရေးအတွက် ဖိလစ်ပိုင်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် ဖီဂျီတို့ကို ရေဒါနှင့်ဂြိုဟ်တုဆက်သွယ်ရေးကို ၂၀၂၃ ခုနှစ်အတွင်း ပံ့ပိုးပေးရန် စီစဉ်လျက်ရှိသည်။

၂၀၁၄ ခုနှစ်က ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်သို့ ကင်းလှည့်ရေယာဉ်နှင့် လေယာဉ်များ ပံ့ပိုးရေးဆောင်ရွက်ခဲ့သည်။ ပထမအဆင့်အနေဖြင့် ကင်းလှည့်ရေယာဉ် နှစ်စီးကို ပံ့ပိုးခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် အကြီးစား ကင်းလှည့်ရေယာဉ် နှစ်စီးပံ့ပိုးရေးကို ၂၀၁၆ ခုနှစ်က ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်သို့ လေကြောင်းစောင့်ကြည့်ရေးရေဒါတစ်ခုကိုလည်း ၂၀၂၂ ခုနှစ် အောက်တိုဘာလက ရောင်းချခဲ့သည်။ ဤရောင်းချမှုသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများနှင့် ကာကွယ်ရေး နည်းပညာများ လွှဲပြောင်းပေးရေး မူဝါဒ သုံးခုအရ ဂျပန်နိုင်ငံက ဖိလစ်ပိုင်သို့ ရောင်းချပေးခြင်းဖြစ်သည်။ ရေဒါ လေးစုံကို ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီအီလက်ထရွန်နစ်ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပသို့ ပထမဆုံးတင်ပို့ရောင်းချခြင်းဖြစ်သည်။

**ဩစတြေးလျ၏လှုပ်ရှားမှု**

ဩစတြေးလျနိုင်ငံသည် ဒေသတွင်းခြေဆန့်မှုများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ အဓိကအားဖြင့် အမေရိကန်၏ မိတ်ဖက်နိုင်ငံများနှင့်အတူ လုပ်ဆောင်လေ့ရှိသည်။ ဖိလစ်ပိုင်တပ်မတော်နှင့် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့တို့ကြား ပထမဆုံး ကုန်း၊ ရေနှစ်သွယ်စစ်ရေးလေ့ကျင့်မှုကို ဩစတြေးလျနိုင်ငံ ဒါဝင်မြို့တွင် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၃၁ ရက်ထိပြုလုပ်ခဲ့သည်။ Alon 2023 လေ့ကျင့်မှုသည် အင်ဒို-ပစိဖိတ်ကြိုးပမ်းမှု(Indo-Pacific Endeavor-IPE) အစီအစဉ်၏ ယခုနှစ်အတွင်း ဆောင်ရွက်မည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဩစတြေးလျနှင့် ဖိလစ်ပိုင်တို့ကြား ပထမဆုံးပြုလုပ်သည့် နှစ်နိုင်ငံ အကျိုးတူကုန်း၊ ရေနှစ်သွယ် စစ်ရေးလေ့ကျင့်မှုဖြစ်သည်။ IPE 23 သည် အရှေ့တောင်အာရှနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း ဩစတြေးလျ၏ နိုင်ငံတကာထိတွေ့ဆောင်ရွက်မှုအစီအစဉ်တစ်ခုဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်တပ်မတော်မှ တပ်ဖွဲ့ဝင် ၁၁၁ ဦးပါဝင်ခဲ့သည်။ ဤလေ့ကျင့်မှုက ကုန်း၊ ရေနှစ်သွယ်စစ်ဆင်မှု၏ သွင်ပြင်များကို ထင်ရှားစေပြီး မြေပြင်တပ်ဖွဲ့နှင့်လေကြောင်းစွမ်းအားတို့ကို စစ်ရေးခြိမ်းခြောက်ခံရနိုင်ဖွယ်ရှိသည့်နေရာ သို့မဟုတ် ကမ်းခြေများသို့ စေလွှတ်မှုကို အလေးပေးဆောင်ရွက်ခဲ့သည်။

Alon 2023 လေ့ကျင့်မှုကို မြောက်ပိုင်းလူဇုန်ကွပ်ကဲမှုဌာနချုပ်နှင့် အနောက်ပိုင်းကွပ်ကဲမှုဌာနချုပ်တွင် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့၊ ဖိလစ်ပိုင်ရေတပ်၊ မရိန်းတပ်ဖွဲ့၊ စစ်ရေယာဉ်စု၊ လေတပ်နှင့် ဖိလစ်ပိုင်တပ်မတော်မှ ကြည်း၊ ရေ၊ လေဆိုင်ရာစစ်လက်နက်ပစ္စည်းများနှင့်အတူ တည်နေရာအမျိုးမျိုး၌ ပြုလုပ်ခဲ့သည်။ လေ့ကျင့်မှုတွင် စစ်ရေယာဉ်နှင့်လေယာဉ်မျိုးစုံ ပါဝင်ပြီး လေ့ကျင့်မှုတွင် ဖိလစ်ပိုင်တပ်မတော်မှ တပ်ဖွဲ့ဝင် ဦးရေ ၇၀၀၊ ဩစတြေးလျကာကွယ်ရေး တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ဦးရေ ၁၂၀၀ နှင့် အမေရိကန် မရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ဦးရေ ၁၅၀ သည်လည်း အထောက်အကူပေးမှုအဖြစ် ပါဝင်ခဲ့သည်။ လေ့ကျင့်မှု၏ အဓိက ဦးတည်ချက်သည် အပြန်အလှန်ပေါင်းစပ် လုပ်ဆောင်မှုကို မြှင့်တင်ရန်နှင့်ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့နှင့် ဖိလစ်ပိုင်တပ်မတော်တို့၏ မစ်ရှင်များ ဆောင်ရွက်ရာတွင် ကုန်း၊ ရေနှစ်သွယ်စစ်ဆင်မှုနှင့်ပတ်သက်၍ နည်းနာနိဿယနှင့် လုပ်ထုံးလုပ်နည်းများ အကောင်းဆုံး လေ့ကျင့်လုပ်ဆောင်မှုများနှင့်နည်းဗျူဟာများကို မျှဝေရန်ဖြစ်သည်။

**ပြင်သစ်နိုင်ငံ၏လှုပ်ရှားမှု**

ဖိလစ်ပိုင်နှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီးတို့သည် မဟာဗျူဟာမြောက် တောင်တရုတ်ပင်လယ်တွင်ရှိသောဖိလစ်ပိုင်နှင့် နှစ်နိုင်ငံပိုင်နက်နယ်မြေများအတွင်း တပ်ဖွဲ့များအပြန်အလှန်ဖြန့်ကြက်ခွင့်ပြုမည့် သဘောတူညီချက်ကို လိုက်နာရန် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကတိပြုခဲ့သည်။ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂီလ်ဘာ့တီအိုဒိုရိုနှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဆီဘာစတင်လီကော်နူတို့သည် တပ်ဖွဲ့များ အပြန်အလှန်လည်ပတ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများစတင်ရန်အတွက် သက်ဆိုင်ရာသမ္မတများနှင့် သက်ဆိုင်ရာအေဂျင်စီများထံမှ ခွင့်ပြုချက်ရယူရန် သဘောတူခဲ့ပြီးဖြစ်သည်။ တောင်တရုတ်ပင်လယ်အရေးတွင် နယ်မြေပိုင်ဆိုင်ကြောင်း အခိုင်အမာတောင်းဆိုသည့် တရုတ်နိုင်ငံကို ရင်ဆိုင်ရမှုတိုးမြှင့်လာခြင်းကြောင့် ဖိလစ်ပိုင်သည် အာရှ-ပစိဖိတ်ဒေသတွင်း ကာကွယ်ရေးဆိုင်ရာ ဆက်ဆံမှုများကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။ သဘောတူညီချက်များက လေ့ကျင့်မှုနှင့် အခြား

စာမျက်နှာ ၂၇ သို့ ➤

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧကနှင့် မြေပဲဧက ၁၅၇၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧကနှင့် မြေပဲဧက ၁၅၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧကနှင့် မြေပဲဧက ၁၅၇၀ စုစုပေါင်း ၃၁၃၈ ဧကကို ဒီဇင်ဘာလ တတိယပတ်တွင် စတင်လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် နေကြာနှင့် မြေပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာနဲ့ မြေပဲ ၃၁၃၈ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဆောင်းသီးနှံတွေစိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံတွေ စတင်မစိုက်မီအချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးသွားမဲ့မြေပဲနဲ့ နေကြာမျိုးစေ့တွေကိုတော့ တောင်သူတွေက စနစ်တကျ ရွေးချယ်ထားတဲ့ အရည်အသွေးကောင်း မျိုးစေ့တွေဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက် နည်းပညာပေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ၊ မြေပဲအပါအဝင် ဆောင်းသီးနှံများ စနစ်တကျ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုနိုင်ရေးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့များနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သရက်ချောင်းမြို့နယ် ဝင်းဝကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက်ချောင်း ဒီဇင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဝင်းဝကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝင်းဝကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝင်းဝကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဉ္စမနှစ်စက်ဝန်းအဖြစ် အသင်းသား၊ အသင်းသူ ၁၀၃ ဦးက စီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

# မြင်းမူမြို့နယ်တွင် ဆောင်းကုလားပဲ ၁၄၁၉၁ ဧက စိုက်ပျိုးပြီးစီး

**မြင်းမူ ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းကုလားပဲသီးနှံ ၁၄၁၉၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဆောင်းကုလားပဲသီးနှံဧက ၁၃၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၄၁၉၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဆောင်းကုလားပဲသီးနှံ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆောင်းကုလားပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လက်ရှိမှာတော့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာ


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

ပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ကုလားပဲသီးနှံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၃၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပေါ့ထော်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ကျေးလက်နေပြည်သူများ စားသုံးဆီဖူလုံစေရန်အတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပေါ့ထော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို မြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဘိုဘို**



➤ စာမျက်နှာ ၂၆ မှအဆက်

စစ်ဆင်ရေးများအတွက် တပ်ဖွဲ့များအချင်းချင်း သက်ဆိုင်ရာပိုင်နက်နယ်မြေသို့ စေလွှတ်ရန် ဥပဒေမူဘောင်သတ်မှတ်ပေးသည်။

တောင်တရုတ်ပင်လယ်တွင်သာမက ပြင်သစ်တို့ တည်ရှိနေသည့် ပိုမိုကြီးမားသည့် ပစိဖိတ်ဒေသတွင်လည်း ဘုံတန်ဖိုးထားမှု၊ ဘုံပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် နှစ်နိုင်ငံတို့က သဘောတူညီခဲ့ကြသည်။ ဖိလစ်ပိုင်သို့ တရားဝင် လာရောက်လည်ပတ်သည့် ပထမဆုံးပြင်သစ်ကာကွယ်ရေးဝန်ကြီးလီကော်နူက ပြင်သစ်ရေတပ်သည် ဒေသတွင်း၌ စစ်ဆင်ရေးနှင့် လေ့ကျင့်မှုအရေအတွက် များစွာပြုလုပ်ထားပြီးဖြစ်သည်ဟုပြောကြားခဲ့သည်။ အင်ဒို-ပစိဖိတ်ဒေသတွင် ပြင်သစ်တို့ တည်ရှိမှုကိုအားကောင်းစေမည့်အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်နေသည်ဟု ၎င်းကဆိုခဲ့သည်။

ခြုံ၍ကြည့်မည်ဆိုပါက ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်အတွင်းပိုင်နက်အငြင်းပွားနေမှုကိုလုံခြုံရေး စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှုမြင်ထားသည်။ ထို့ပြင် များပြားလှသည့် ကျွန်းများကို လုံခြုံစိတ်ချစွာကာကွယ်ရေးသည်လည်း အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ ယခင်က ကာကွယ်ရေးစွမ်းအားတည်ဆောက်မှုနှောင့်နှေးခဲ့ခြင်းက ၂၀၁၇ ခုနှစ် မာရာဝီမြို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် သင်ခန်းစာကောင်းစွာရစေခဲ့သည်။ ထို့ပြင် နိုင်ငံ၏စီးပွားရေးတိုးတက်လာမှုကလည်း ဖိလစ်ပိုင်တပ်မတော်ခေတ်မီအဆင့်မြှင့်တင်ရေး၊ ပြည်ပနိုင်ငံများနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးကို လှုံ့ဆော်လျက်ရှိသည်။ ယခုအခါ ဒေသတွင်းပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့်အတူ အင်အားကြီးနိုင်ငံများသည် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ဖိလစ်ပိုင်နှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လာပြီး ဒေသတွင်းစစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။ သို့ဖြစ်၍ မကြာမီကာလများတွင် ဖိလစ်ပိုင်ကိုဗဟိုပြု၍ တောင်တရုတ်ပင်လယ်နှင့် ဆက်စပ်ရေပိုင်နက်များအတွင်း အင်အားကြီးနိုင်ငံများ၏စစ်ရေးလှုပ်ရှားမှုများ ပိုမိုအားကောင်းလာနိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- AFP, December 2,2023 Philippines, France to Pursue Key Defence Pact,
Defensestudy.com, 02 Februari 2023 PH,US Agree on 4 New EDCA Locations.

# ဆင်ဖြူကျွန်းအောင်သိန်း၏ နီရဲသောဗိုလ်ဥတ္တမ

**ပုသိမ်အောင်သန်းဦး**

ဗိုလ်ဥတ္တမကား မင်းဘူးခရိုင် လယ်ကိုင်းပွင့်ဖြူမြို့အနောက်ဘက် ညောင်ပင်ဆောက်ရွာ ဇာတိဖြစ်သည်။ ၁၈၄၀ ပြည့်နှစ် ပုဂံမင်းလက်ထက်တွင် မွေးဖွားခဲ့ပြီး အသက် ၁၅ နှစ်အရွယ်တွင် ရှင်သာမဏေဘောင်သို့ဝင်ခဲ့သည်။ ထို့နောက် ရတနာပုံသို့သွားရောက်ကာ စာပေများသင်ကြားခဲ့သည်။ မြင်းကွန်းနှင့် မြင်းခုံတိုင်အရေးအခင်းတွင် ဇာတိရွာသို့ပြန်ကြွခဲ့သည်။ လမ်းခရီးတွင် မိဘမဲ့ကလေးတစ်ယောက်ကို တွေ့ရှိသဖြင့် ကောက်ယူမွေးစားခဲ့သည်။

အရှင်ဥတ္တမအား နယ်သူ၊ နယ်သားများက ပြည်လုံးကျော်ရွာတွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။ မနီးမဝေးတွင် အရှင်ဥတ္တရကျောင်းရှိသည်။ အရှင်ဥတ္တမ ၁၀ ဝါ သို့မရောက်မီ အင်္ဂလိပ်နယ်ချဲ့များက မြန်မာဘုရင် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

သုံးလခန့်အကြာတွင် အရှင်ဥတ္တမ၏ကျောင်းသို့ နယ်ချဲ့များရောက်လာသည်။ ရွာသူ၊ ရွာသားများကို နှိပ်စက်ပြီး ကျောင်းပေါ်ရှိဘုရားတစ်ဆူအား ရွှေဘောလုံးဟုဆိုကာ ကန်ကျောက်ကစားရာမှ အရှင်ဥတ္တမမှာ မနေသာတော့ဘဲ ဓားဆွဲကာ နယ်ချဲ့များကိုတိုက်ခိုက်လေတော့သည်။ ကျောင်းရှိ ဦးပဉ္စင်းများ၊ ကိုရင်များကပါ ဝိုင်း၍တိုက်ခိုက်ကြရာ အကျအဆုံးများခဲ့သည်။

အရှင်ဥတ္တမလည်း ကျောင်းအနီးရှိ အရှင်ဥတ္တရကို ပါခေါ်ကာ ကိုယ်ယောင်ဖျောက်လိုက်ကြသည်။ အင်္ဂလိပ်နယ်ချဲ့များက အရှင်ဥတ္တမကျောင်းကို မီးရှို့ပြီး အရှင်ဥတ္တရကျောင်းကို ခံတပ်အဖြစ်ပြုလုပ်ခဲ့ကြသည်။

ပြည်လုံးကျော်ရွာတွင် ဗိုလ်ဥတ္တမ ဗိုလ်ဝင်ခံသည်။ အင်္ဂလိပ်တို့ကဆုငွေထုတ်သည်။ ဗိုလ်ဥတ္တမ၏တပ်များသည် ရခိုင်ရိုးမအနီး ကျစ်ကိုင်းရွာတွင် ဌာနချုပ်လုပ်ထားသည်။ တိုက်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ချင်းအမျိုးသားများလည်း ပူးပေါင်းပါဝင်လာကြသည်။ ဗိုလ်ဥတ္တမတပ်များသည် ကျေးရွာများကို ထိန်းသိမ်းနိုင်ခဲ့ပြီး စကုနှင့်စလင်းမြို့တို့ကို ဆက်လက်တိုက်ခိုက်သည်။

ဗိုလ်ကံအေး၊ ဗိုလ်ရွှေပွင့်၊ ဗိုလ်သာစည်၊ ဗိုလ်ဝဲ၊ ဗိုလ်ရွှဲ၊ ဗိုလ်ကဲ၊ ဗိုလ်ဗျိုင်းတောင်၊ ဗိုလ်ညိုမှဲ့၊ ဗိုလ်နေမီး စသည့်ခေါင်းဆောင်များ ပါဝင်လှုပ်ရှားခဲ့ကြသည်။ ဗိုလ်ဗျိုင်းတောင်မှာ ချင်းအမျိုးသမီးဖြစ်သည်။ ဗိုလ်ညိုမှဲ့မှာ ဗိုလ်ရွှဲ၏ညီမဖြစ်သည်။

ဗိုလ်ရွှဲကို ဓားပြဗိုလ်ဟု သံသယရှိကြသည်။ ဗိုလ်ဥတ္တမက သူ့တပ်သားများ ဓားပြမတိုက်ရန်၊ အရက်မသောက်ရန်တားမြစ်ပြီး အမြဲလေ့လာစောင့်ကြည့်သတင်းပို့စေသည်။ ဗိုလ်ရွှဲ၏ညီမ ဗိုလ်ညိုမှဲ့သည် တိုက်ပွဲများတွင် အောင်မြင်ခဲ့သဖြင့် အခြားဗိုလ်များက မရှုဆိတ်ကြ။ ဗိုလ်ဗျိုင်းတောင်က တားမြစ်ရသည်။

ဤအချိန်တွင် စလင်းဘက်၌ ဓားပြမှုပေါ်လာသည်။ ဗိုလ်ရွှဲဟုကြွေးကြော်ကာတိုက်ရာ ဗိုလ်ရွှဲမဟုတ်ကြောင်း ပြောဆိုရှင်းပြနေရသည်။ ဗိုလ်ရွှဲအတုကိုဖမ်းရန် ကြိုးစားကြသည်။ ဗိုလ်ဥတ္တမက ဗိုလ်ရွှဲကိုသူ့အနီးတွင်သာထားသည်။ တစ်နေ့ ဗိုလ်ရွှဲအမည်ခံ ဓားပြဗိုလ်နှင့် ဗိုလ်ညိုမှဲ့တို့ ရင်ဆိုင်တွေ့ကြသည်။ ဗိုလ်ညိုမှဲ့အရေးနိမ့်ကာ အဓမ္မပြုကျင့်ခံရမည်ရှိစဉ် ဗိုလ်တိမ်ပြောင်က ကယ်တင်ခဲ့သည်။ ဓားပြဗိုလ်မှာ ဗိုလ်ဗျိုင်းတောင်၏လက်ထောက် ဗိုလ်ဝဲဖြစ်သည်။ ဗိုလ်ဝဲနှင့်နောက်လိုက် ၃၀ ကိုဖမ်းကာ ဗိုလ်ဥတ္တမထံပို့ရာ အားလုံးကိုကွပ်မျက်လိုက်သည်။ ဗိုလ်ဗျိုင်းတောင်ကိုလည်း အကွပ်အကဲညံ့သည်ဆိုကာ အဆုံးစီရင်စေရန် အမိန့်ပေးသည်။

ဗိုလ်ညိုမှဲ့ထင်ရှားသည်ကို အမျိုးသမီးချင်း မနာလို၍ ဗိုလ်ညိုမှဲ့၏အစ်ကို ဗိုလ်ရွှဲကိုနာမည်ပျက်အောင်လုပ်ခြင်းဖြစ်ကြောင်းသိရသည်။ ဗိုလ်ဗျိုင်းတောင်ကို ကားစင်တင်ထားရာသို့ ဗိုလ်ညိုမှဲ့ရောက်လာသည်။ ဗိုလ်ဗျိုင်းတောင်က တောင်းပန်သဖြင့် ဗိုလ်ဥတ္တမထံ တင်ပြရာ အသက်ချမ်းသာပေးခဲ့သော်လည်း တပ်ထဲတွင်မနေရ ချင်းတောင်သို့ပြန်ရန်အမိန့်ထုတ်ပြန်သည်။

**❖ ဗိုလ်ဥတ္တမသည် ရန်သူတပ်များ အထပ်ထပ်ဝိုင်းရံနေသော်လည်း လက်နက်မချ၊ အညံ့မခံဘဲ မိမိကိုယ်ကိုလည်း အဆုံးစီရင်သွားလေသည်။ နီရဲသောဗိုလ်ဥတ္တမသည် မြန်မာတို့၏ ဇာတိသွေးဇာတိမာန်ကို သရုပ်ဖော်သည့်ဝတ္ထုဖြစ်သည်။ နယ်ချဲ့တို့၏ လူအင်အား၊ လက်နက်အင်အား၊ စစ်အတတ်ပညာတို့ကိုအမှုမထားဘဲ ရင်ဆိုင်ကာ မကြောက်မရွံ့ မြန်မာ့သတ္တိကိုဖော်ပြသည့် ဖြစ်ရပ်မှန်ကိုအခြေခံကာ စာရေးဆရာ၏ စာရေးခြင်းအတတ်ပညာများဖြင့် မှုန်းခြယ်ထားသော သမိုင်းနောက်ခံဝတ္ထုဖြစ်သည်။ ❖**

ဗိုလ်ဥတ္တမကား အာဏာစက်ကြီးမားလာသည်။ အင်္ဂလိပ်များကလည်း ဗိုလ်ဥတ္တမအပေါ် ပေါ့ပေါ့ဆဆနေ၍မဖြစ်တော့ဟု သိလာကြသည်။ စစ်ကူများထပ်မံဖြည့်တင်းကာ ဗိုလ်ဥတ္တမသိမ်းပိုက်ထားသည့်မြို့များကို ပြန်လည်သိမ်းယူရန်ကြိုးစားလာကြသည်။

အင်္ဂလိပ်တပ်များသည် ဗိုလ်ဥတ္တမသိမ်းယူထားသည့် ဆင်ဖြူကျွန်းမြို့ကို ပထမတိုက်ခိုက်သိမ်းယူသည်။ အကျအဆုံးများစွာဖြင့် ဆင်ဖြူကျွန်းမှဆုတ်ခွာခဲ့ရသည်။ ထို့နောက် နယ်ချဲ့များက စလင်းမြို့ကိုတိုက်သည်။ စလင်းသည် ဗိုလ်ဥတ္တမရုံးစိုက်ရာမြို့ဖြစ်သည်။ ဗိုလ်ဥတ္တမက ရန်သူ၏တပ်များကို ထိုးဖောက်ထွက်ခဲ့ရသည်။ ထို့နောက် အင်္ဂလိပ်တို့က စကုကိုဆက်လက်တိုက်သည်။ ဗိုလ်ဥတ္တမတပ်များသည် လူသူစုရုံးကာ စလင်းကိုထပ်မံတိုက်ခိုက်သည်။ မြို့တွင်းရှိအင်္ဂလိပ်တပ်များ ခဲယမ်းပြတ်လပ်မှုနှင့်ကြုံရသည်။ စလင်းကိုတိုက်ရင်း ဆင်ဖြူကျွန်းမှ စစ်ကူလာသောအင်္ဂလိပ်တပ်များကို ခါးဖြတ်တိုက်သည်။

တိုက်ပွဲတွင် ဗိုလ်ဥတ္တမ၏မွေးစားသား မောင်ကြာညိုကို အင်္ဂလိပ်တို့ဖမ်းမိသည်။ မောင်ကြာညိုကား ထန်းရည်သမား၊ မိန်းမလိုက်စားသူဖြစ်သည်။ အင်္ဂလိပ်များ မောင်ကြာညိုကိုဖမ်းဆီးထားရာသို့ ဗိုလ်ဥတ္တမ၏လက်ရင်းဗိုလ်တစ်ဦးက ဝင်ရောက်ကယ်တင်ခဲ့သည်။

ထိုကာလအတွင်း ဗိုလ်ဥတ္တမ၏မျိုးချစ်တပ်များက စကုမြို့ကိုဝင်ရောက်တိုက်ခိုက်ရရှိသည်။ ဗိုလ်ဥတ္တမသည် လက်နက်လူသူထပ်မံဖြည့်တင်းကာ စလင်းကိုတိုက်ရန်ပြင်သည်။ စစ်ပြင်နေစဉ် အင်္ဂလိပ်တို့က ဗိုလ်ဥတ္တမ၏ဗဟိုစခန်းကို အလစ်ဝင်တိုက်ရာ အကျအဆုံးများခဲ့သည်။ ဤတိုက်ပွဲတွင် အမျိုးသမီးတပ်မှူး ဗိုလ်ညိုမှဲ့ ကျဆုံးသည်။

ဗိုလ်ဥတ္တမ၏တပ်များသည် စလင်းမြို့ကို ဝိုင်းရံတိုက်ခိုက်ပြန်သည်။ ရန်သူအင်အား ၁၀၀၀ ကျော်ဖြင့် ခုခံကြသည်။ ဗိုလ်ဥတ္တမတပ်များက ရှုပ်ရှုပ်ချွံချွံ တိုက်ကြရာ ရန်သူတစ်ဝက်ကျော်ကျဆုံးသည်။ မိမိဘက်မှလည်း အကျအဆုံးများလေရာ စလင်းမြို့ကို မသိမ်းပိုက်နိုင်ဘဲ ပြန်ဆုတ်ခဲ့ရသည်။ သို့ဖြင့် မြန်မာတပ်များ အင်အားလျော့နည်းလာသည်။ သိမ်းပိုက်ထားသောနယ်များအနက် စကုနှင့်လယ်ကိုင်းသာ လက်ဝယ်ကျန်တော့သည်။ စကုနှင့်မင်းဘူးကိုပြန်လည်တိုက်ခိုက်ရန် လူသူလက်နက်များစွာလိုသည်။ ဗိုလ်လရောင်နှင့်ဗိုလ်ရာညွန့်တို့ထံ စစ်ကူတောင်းရန် တိုင်ပင်သည်။

ဤအချိန်တွင် အင်္ဂလိပ်တို့က ဗိုလ်ဥတ္တမသိမ်းပိုက်ထားသော စကုမြို့ကိုဝင်ရောက်တိုက်ခိုက်ရာ စကုမြို့ကျခဲ့သည်။ တပ်များအားလုံး လယ်ကိုင်းသို့ဆုတ်ခွာခဲ့ရသည်။ ဤကာလတွင် သစ္စာဖောက်သူများလည်း အလျှိုလျှိုပေါ်ပေါက်လာသည်။ မွေးစားသား မောင်ကြာညိုက အင်္ဂလိပ်များနှင့်ပူးပေါင်းကာ ဗိုလ်ဥတ္တမကို လက်နက်ချရန်ပြောလာသည်။ ဗိုလ်တိမ်ပြောင်က မောင်ကြာညိုကိုဖမ်းသည်။ ဗိုလ်ဥတ္တမသိရှိ၍ ပြန်လွှတ်ပေးလိုက်သည်။ လယ်ကိုင်းကို အင်္ဂလိပ်တပ်များက သိမ်းပိုက်ရရှိသွားပြန်သည်။

ဗိုလ်ဥတ္တမ၏တပ်များ ကျစ်ခိုင်ရွာသို့ပြောင်းရွှေ့ကြရသည်။ အင်္ဂလိပ်တပ်များက ဗိုလ်ဥတ္တမ၏မင်းကြီးချောင်ကို မတိုက်သေးဘဲ လေးဖက်လေးတန်မှ ဝိုင်းဝန်းထားကြသည်။ ဗိုလ်ဥတ္တမ၏တပ်များသည် ရန်သူတို့ပိတ်ဆို့ထားရာမှ ဖောက်ထွက်ကာ တောနက်နက်တွင် ခိုလှုံကြသည်။ တောထဲတွင် တစ်လမျှခိုအောင်းကာ လူသူလက်နက်များ ထပ်မံစုဆောင်းကြပြန်သည်။

ဗိုလ်လရောင်နှင့်ပူးပေါင်းပြီး နယ်ချဲ့ကိုပြန်လည်တိုက်ခိုက်ရန် မြစ်ကိုဖြတ်ကူးခိုက် ရန်သူ၏ပစ်ခတ်တိုက်ခိုက်မှုကိုခံရလေသည်။ တပ်များဖရိုဖရဲဖြစ်ကာ ဆုတ်ပြေးရသည်။ မိမိဘက်မှ ဗိုလ်မြတ်ယာ သစ္စာဖောက်ပြန်သည်။

ဗိုလ်ဥတ္တမသည် ကျောင်းတော်ရာအနီး မှန်တောင်ကြီးတန်ဆောင်းတွင် ခိုအောင်းနေစဉ် ဗိုလ်မြတ်ယာနှင့်မောင်ကြာညိုတို့ သတင်းပေးမှုကြောင့် အင်္ဂလိပ်တပ်များက ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ဗိုလ်ဥတ္တမက မိမိတပ်သားများကို လက်နက်မချဘဲအသက်သေသည်ထိ ခုခံတိုက်ပွဲဝင်ကြရန် အမိန့်ပေးသည်။ ဗိုလ်ဥတ္တမသည် ရန်သူတပ်များ အထပ်ထပ်ဝိုင်းရံနေသော်လည်း လက်နက်မချ၊ အညံ့မခံဘဲ မိမိကိုယ်ကိုလည်း အဆုံးစီရင်သွားလေသည်။

နီရဲသောဗိုလ်ဥတ္တမသည် မြန်မာတို့၏ဇာတိသွေးဇာတိမာန်ကိုသရုပ်ဖော်သည့် ဝတ္ထုဖြစ်သည်။ နယ်ချဲ့တို့၏ လူအင်အား၊ လက်နက်အင်အား၊ စစ်အတတ်ပညာတို့ကိုအမှုမထားဘဲ ရင်ဆိုင်ကာ မကြောက်မရွံ့ မြန်မာ့သတ္တိကိုဖော်ပြသည့် ဖြစ်ရပ်မှန်ကို အခြေခံကာ စာရေးဆရာ၏ စာရေးခြင်းအတတ်ပညာများဖြင့် မှုန်းခြယ်ထားသော သမိုင်းနောက်ခံဝတ္ထုဖြစ်သည်။

ဆင်ဖြူကျွန်းအောင်သိန်းကို ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့နယ် ယမ်းဘိုကုန်းရွာသစ်တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ ဦးစံရွှေဖြစ်ပြီး မိခင်မှာ ဒေါ်ငွေဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်မြို့၌ ဆယ်တန်းအောင်သည်။ ၁၉၅၃ ခုနှစ် သွေးသောက်မဂ္ဂဇင်းပါ "စွပ်ကျယ်"သည် သူ၏ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသည့်ဝတ္ထုဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော "လွမ်းယမံဦး"မှာ ပထမဆုံးဝတ္ထုလုံးချင်းဖြစ်သည်။

ကိုဆေးရိုး၊ ဂဠုန်ဆရာစံ၊ နေမင်းလမင်းသိန်းရာထောင်၊ သွေးစွန်းသောလက်၊ ပန်းဆိုရင်မွှေးမှ ရေဆိုရင်အေးမှ၊ လယ်သမားသူပုန်နှင့် သတ်ရဲသည်သေရဲသည်တို့မှာ ထင်ရှားသောဝတ္ထုရှည်များ၊ ဝတ္ထုတိုပေါင်းချုပ်များဖြစ်သည်။

**ကိုးကား**

- **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

## ပွင့်ဖြူမြို့နယ် စံပြကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စံပြကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ Shwe Group ကုမ္ပဏီမှ တာဝန်ရှိသူများက ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေး လုပ်ငန်းများကို ဒေသခံပြည်သူများ စနစ်တကျဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စံပြကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅ ဒသမ ၁ သန်းဖြင့် Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် စံပြကျေးရွာရှိ အိမ်ခြေ ၆၃၄ အိမ်မှ လူ ၃၃၁၈ ဦးအတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## နေရာနှင့် အချိန်

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုမှာ ကျက်စားကျင်လည်နေတဲ့ တောကြက်တစ်အုပ် ရှိသတဲ့ကွယ်။ တောကြက်တွေရဲ့ ခေါင်းဆောင်ကြက်ဖကြီးဟာ လှပတောက်ပြောင်တဲ့အမွေးအတောင်တွေ သာမက တွန်သံကလဲ အလွန်သာယာချိုသာလွန်းလို့ ကြားရသူတိုင်း နှစ်သက်စွဲလမ်းကြသတဲ့။ ကြက်ဖကြီးရဲ့ လေးစားစရာအဓိကအချက်ကတော့ ခေါင်းဆောင် ပီသခြင်းပဲဖြစ်သတဲ့ကွယ်။


ကြက်ဖကြီးက အုပ်ထိန်းရတဲ့တောကြက်တွေ အပေါ်မှာ ခေါင်းဆောင်ဆိုပြီး အခွင့်အရေးပိုမယူသလို တခြားကြက်ဖတွေအပေါ်မှာလဲ နိုင်လိုမင်းထက်မပြုတဲ့ ခေါင်းဆောင်ကြီးပေါ့ကွယ်။ ဒါကြောင့်လဲ တောကြက်တွေက ရိုရိုသေသေ၊ လေးလေးစားစား ဆက်ဆံကြသတဲ့။ ကြက်မတွေကလဲ ကြက်ဖကြီးကို ယုံကြည်အားကိုးပြီး သူတို့ဆောင်ရွက်ရမဲ့တာဝန်ဝတ္တရားတွေကို ကျေပွန်စွာဆောင်ရွက်လေ့ရှိကြသတဲ့ကွယ်။ ကြက်ဖကြီးဟာ မိုးလင်းလာတာနဲ့ တပည့်တောကြက်တွေကို အစားအစာအတွက်ပဲဖြစ်ဖြစ်၊ ဘာသာဘာဝ စူးစမ်းလိုတဲ့သဘောနဲ့ပဲဖြစ်ဖြစ် နယ်မကျွံဖို့ အမြဲသတိပေးလေ့ရှိတာပေါ့ကွယ်။ နေဝင်မိုးချုပ်လို့ အိပ်တန်းတက်ချိန်ရောက်တိုင်း တောကြက်တွေအားလုံးစုံ၊ မစုံ စစ်ဆေးပြီး မစုံသေးဘူးဆိုရင် ရောက်မလာသေးတဲ့ တောကြက်တွေကို ကိုယ်တိုင်လှည့်ရှာပြီး ခေါ်ခဲ့လေ့ရှိသတဲ့ကွယ်။

ဒီလိုနဲ့ နေလာတာကြာတော့ တောကြက်ဖကလေး တစ်ကောင်ဟာ အရွယ်ရောက်လာလို့ အမွေးအတောင်တွေစုံပြီးလှလာသလို တွန်သံလေးကလဲ သာယာလာတယ်တဲ့။ ကြက်ဖကလေးကအရွယ်ရောက်လာတော့-

"ငါလဲ ကြက်ဖကြီးလိုလှလာပြီ၊ တွန်သံလဲချိုလာပါပြီ"ဆိုပြီး အတွေးဝင်လာတယ်တဲ့။ ဒါတင်မက ကြက်ဖကြီးအနီးက တပည့်တွေ၊ တောကြက်မလှလှ ကလေးတွေရဲ့ ရိုရိုသေသေဆက်ဆံတာမျိုးကို ခံစားချင်လာတာပေါ့ကွယ်။ သူ့အနီးမှာလဲ ကြက်မကလေးတွေ မှီခိုကပ်တွယ်လိုစိတ်ပြင်းပြလာပြီး ကြက်ဖကြီးကိုအမြင် စောင်းလာတာပေါ့ကွယ်။ ကြက်ဖကလေးရဲ့အတွေးထဲမှာ-

"ကြက်ဖကြီးက ခေါင်းဆောင်ဆိုပြီး နေရာတကာမှာ ဆရာလုပ်လွန်းတယ်။ ကြက်မလှလှကလေးတွေဆိုရင် သူ့အနားပဲ အမြဲခေါ်ထားတယ်။ တခြားကြက်တွေ ငါ့ဆီမှာတပည့်ခံမှာကို စိုးရိမ်နေတယ်"ဆိုတဲ့ အတွေးတွေက ခေါင်းထဲဝင်လာတော့တာပေါ့။ ဒါကြောင့် "ကြက်ဖကြီးနားကနေခွာပြီး တခြားနေရာသွား ခေါင်းဆောင်လုပ်တော့မယ်"လို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

နောက်တစ်နေ့မနက်စောစောမှာ ကြက်ဖကလေး



ဟာ တခြားကြက်တွေ အိပ်တန်းမဆင်းခင်မှာဘဲ အစောကြီးထွက်သွားတယ်။

ကြက်ဖကလေးကတော့ တခြားနေရာမှာ တခြားကြက်တွေနဲ့ မိတ်ဖွဲ့ပြီးနေခွင့်တောင်းနေတယ်။ သူ့ရဲ့ သာယာတဲ့တွန်သံကို အချိန်အခါမဟုတ် တွန်သံပေးတာပေါ့။ ဒါကို အဲဒီနေရာမှာရှိတဲ့ခေါင်းဆောင်က-

"အချိန်အခါမဟုတ်ဘဲ မတွန်ပါနဲ့။ ဒီနေရာမှာ နေချင်ရင် စည်းကမ်းတကျနေမှရမယ်"လို့ ပြောလိုက်တာပေါ့။

ကြက်ဖကလေးက "ဟုတ်ကဲ့ဆင်ခြင်ပါ့မယ်"လို့ ပြန်ပြောရှာတာပေါ့ကွယ်။ ဒါတင်မက အစာရှာစားတော့လဲ အရင်နေရာလိုမဟုတ် အစာကောင်းမှန်သမျှ သူတို့ခေါင်းဆောင်တွေနဲ့ အရင်ရောက်နှင့်ပြီးသား ကြက်တွေစားပြီးမှ ကြက်ဖကလေးက ကျန်တာစားရရှာတယ်။ ကြက်ဖကလေးလဲ နေရာဟောင်းကို အနည်းငယ် အောက်မေ့သတိရတော့တာပေါ့။ ဒါပေမဲ့ ပြန်ဖို့တော့ စိတ်မကူးခဲ့ဘူးသတဲ့ကွယ်။ ညနေအိပ်တန်းတက်ချိန် ရောက်ပြန်တော့ ကြက်ဖကလေးဟာ နေရာသစ် အောက်ဆုံးအတန်း၊ အောက်ဆုံးအဆင့်မှာ အိပ်ရှာသတဲ့။ ဒီအချိန်မှာလဲ ကြက်ဖကလေးဟာ နေရာဟောင်းမှာ တတ်နိုင်သမျှ အနိမ့်အမြင့်ညီအောင် တစ်တန်းတည်း၊ တစ်ညီတည်းအိပ်ရတဲ့ဘဝကို ပြန်သတိရ လွမ်းမိလာတာပေါ့။ နေရာဟောင်းမှ ခေါင်းဆောင်ကြက်ဖကြီးက အိပ်ရာဝင်ချိန်တိုင်းမှာ-

"ငါတို့အားလုံး တန်းတူအောင်ကြည့်အိပ်ကြဟေ့၊ ကြက်တစ်ကောင်ရဲ့အောက် တစ်ကောင်ကနိမ့်နေရင် အမြင့်ကကြက်စွန့်လိုက်တဲ့ မစင်တွေ၊ အမွေးဟောင်းတွေက အနိမ့်ကကြက်ပေါ်ကျရင် ညစ်ပေလိမ့်မယ် ပေါ့"ဆိုတဲ့စကားသံတွေကို ကြားယောင်မိလာတော့တာပေါ့။ ကြက်ဖကြီးရဲ့ ညီတူမျှတူပြုကျင့်တတ်တဲ့ ခေါင်းဆောင်စိတ်ဓာတ်တွေကို ပိုပြီးနားလည်တတ်လာသတဲ့ကွယ်။ ခေါင်းဆောင်ကောင်းကို အထင်မှားမိလေခြင်းဆိုပြီး နောင်တရလာတယ်။ နေရာသစ်မှာ တခြားကြက်တွေရဲ့ မထီမဲ့မြင်ဆက်ဆံတာကိုခံစားရတော့မှ ခေါင်းဆောင်ကြီးထံပြန်ဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

မိုးမလင်းခင်ဘဲ ခေါင်းဆောင်ကြီးတို့ထံပြန်ခဲ့ပေမဲ့ ကြက်ဖလေးက သူ့အမှားကြောင့် ခေါင်းဆောင်ကြီးနဲ့ ချက်ချင်းမတွေ့ဝံ့ဘဲ ပုန်းနေရှာသတဲ့ကွယ်။ ခေါင်းဆောင်ကြီးကတော့ သူ့တပည့်ကြက်ဖကလေး ထွက်သွားကတည်းက ပြန်အလာကို အမြဲစောင့်နေတာပေါ့။ နောက်တော့ ကြက်ဖကလေးပုန်းနေတာကို ခေါင်းဆောင်ကြီးကမြင်သွားပြီး တခြားကြက်တွေကို အခေါ်ခိုင်းလိုက်သတဲ့ကွယ်။ ပြီးတော့ ကြက်တွေ အားလုံးရှေ့မှာ ကြက်ဖကလေးကို နားလည်ခွင့်လွှတ်ကြောင်းပြောကြားသတဲ့။ တခြားကြက်တွေကိုလဲ ကြက်ဖကလေးကို အရင်လိုပဲ နွေးနွေးထွေးထွေးဆက်ဆံဖို့ ဆုံးမသတဲ့ကွယ်။

ကြက်ဖကြီးက "ကြက်အပေါင်းတို့ လပြည့်ည လမင်းကြီးဟာ ဘယ်လောက်သာပါစေ နေ့ခင်းမှာ နေမင်းနဲ့ယှဉ်ထွန်းလင်းဖို့မသင့်ဘူး။ နေမင်းကြီးဆိုတာလဲ ညခင်းမှာ ထွန်းလင်းခွင့်မရှိဘူး။ သူ့အချိန် သူ့အခါမှပဲ သူတို့ရဲ့ကိုယ်ရည်ကိုယ်သွေးက ပိုပြီး ထင်ရှားစေတယ်"လို့ ဆုံးမစကားပြောကြားသတဲ့ကွယ်။

"ကြက်ဆိုတာ လှရုံ၊ အသံသာရုံနဲ့ မပြည့်စုံသေးဘူး။ လူတွေအတွက် အရုဏ်တက်၊ မွန်းတည့်၊ သန်းခေါင် ဆိုတဲ့အချိန်တွေမှာ မှန်မှန်တွန်တတ်ဖို့လိုသေးတယ်" ဆိုတာကို ကြက်ဖကလေး သဘောပေါက်ပြီး ကြက်ဖကြီးအနားမှာပဲ တစ်သက်လုံးနေတော့မယ်လို့ ဆုံးဖြတ်လိုက်တော့သတဲ့ကွယ်။

ဒါကြောင့် ကလေးတို့လဲ ပုံပြင်ထဲကကြက်ဖကလေးကို နမူနာယူပြီး ဘယ်အရာကိုမဆို နေရာနှင့် အချိန်လိုက်ပြီး အကျိုးရှိအောင် လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**ခင်မောင်မြင့်**

## သရင်ပန်း

◆ နှင်းရည်သောက်လို့ ပြုံးပျော်ရွှင်
ပန်းလှငွေသဇင်၊
ပင်ယံပေါ်တွင် အလွန်လှ
ပန်းတို့ဘုရင်မ။

◆ ပျိုတိုင်းကြိုက်ကြ ဦးခေါင်းပေါ်
နန်းဆန်လှတယ်နော်၊
ဆောင်းမှာပေါ်ကာ အသွင်ဆန်း
တော်ဝင်အလှပန်း။
ဘုရားကပ်လှူဒါန်း။ ။

**ပန်းမာလာ**



## ဆည်းကပ်စောင့်ထိန်းကောင်းကျိုးကိန်း

◆ ဘုရားတရားမြတ်သံဃာ
သုံးပါးရတနာ၊
ကိုးကွယ်ကြပါ မောင်မယ်တို့
အမြတ်ဆုံးတွေမို့။

◆ ကျင့်ဝတ်စုံလို့ သီလခေါ်
လိုက်နာကျင့်ဆောင်သော်၊
ကောင်းကျိုးတွေနော် စုပုံရ
ထိန်းပါငါးသီလ။

◆ ရတနာသုံးဝ သီလတွေ
ကွယ်ပျောက်ပါလျှင်လေ၊
ပါယ်လေးရွာနေ လာလို့ဆွဲ
ဒုက္ခမျိုးစုံတွဲ။

◆ လုံးစုံဆင်းရဲ ဘေးဖုံဖုံ
ကင်းလွတ်စေမယ်ယုံ၊
ကျင့်ဝတ်ငါးစုံ လိုက်နာထား
ဆည်းကပ်မြတ်သုံးပါး။ ။

**ရွှေလက်ညွန့်တင်**



# ဂျပ်စဘာဆိုင်ကလုန်းမုန်တိုင်း ကွင်းစလန်းပြည်နယ် ကမ်းခြေဒေသများသို့ ဦးတည်တိုက်ခတ်နေ



**ကင်ဘာရာ ဒီဇင်ဘာ ၉**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကမ်းခြေဒေသများသို့ ဂျပ်စဘာဟု အမည်ပေးထားသော အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ဦးတည်တိုက်ခတ်နေသည့်အတွက် မုန်တိုင်းအန္တရာယ်ရင်ဆိုင်နိုင်ရေး ဒေသခံများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပ်စဘာဆိုင်ကလုန်းမုန်တိုင်းသည် ကန်မြို့အရှေ့ဘက် ၁၁၀ ကီလိုမီတာအကွာသို့ ရောက်ရှိနေပြီး ဒီဇင်ဘာ ၁၃ ရက်တွင် ကွင်းစလန်းကမ်းခြေဒေသများသို့ ဝင်ရောက်လာဖွယ်ရှိကြောင်း၊ လက်ရှိ ကွင်းစလန်းကမ်းခြေဒေသများတွင် မိုးရွာသွန်းမှုများ စတင်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဂျပ်စဘာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ် ရှိနေတယ်လို့ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းအားကောင်းနိုင်တဲ့အတွက် ဒေသခံတွေကို မုန်တိုင်းကျလာရင် ရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေကိုလဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးစင်တာက ညွှန်ကြားချက်ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ဒေသခံတွေအနေနဲ့ မိမိတို့ရဲ့ မော်တော်ယာဉ်တွေကို လောင်စာအပြည့်ဖြည့်ထားဖို့၊ စားနပ်ရိက္ခာတွေကို စုဆောင်းထားဖို့ သတိပေးထားပါတယ်။ သောက်ရေသန့်ဘူးတွေ အလုံအလောက်စုဆောင်းထားဖို့နဲ့ ဖုန်းအားအပြည့်သွင်းထားဖို့လဲ ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ကွင်းစလန်းပြည်နယ် ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရှိန်းချီလီပီက ပြောကြားခဲ့သည်။

ဂျပ်စဘာဆိုင်ကလုန်းမုန်တိုင်းသည် ကွင်းစလန်းကမ်းခြေဒေသများသို့ ပြင်းအားပမာဏအဆင့်(၄)ဖြင့် ဝင်ရောက်လာနိုင်ပြီး ဒေသခံများအတွက် အန္တရာယ်ရှိနိုင်သည့် ပြင်းအားဖြစ်ကြောင်း၊ ကွင်းစလန်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးစင်တာကလည်း ဒေသခံများကို မုန်တိုင်းအန္တရာယ် ရင်ဆိုင်နိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဇင်ဘာဘွေနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆင်အကောင်ရေ အမြောက်အမြားသေဆုံး

**ဟာရာရီ ဒီဇင်ဘာ ၉**

ဇင်ဘာဘွေနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆင်အကောင်ရေ အမြောက်အမြားသေဆုံးနေကြောင်း ဇင်ဘာဘွေနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇင်ဘာဘွေနိုင်ငံရှိ အကြီးမားဆုံးသော သဘာဝဥယျာဉ်ဖြစ်သည့် Hwange အမျိုးသားဥယျာဉ်အတွင်း ဆင်များသေဆုံးမှုမြင့်တက်လာပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အစာရေစာရှားပါးကာ သေဆုံးမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် Hwange အမျိုးသားဥယျာဉ်ဧရိယာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် မြစ်ချောင်းများမရှိသည့်အတွက် ရေဓာတ်လိုအပ်မှုနှုန်းမြင့်မားသောဆင်များ သေဆုံးမှုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း Hwange အမျိုးသားဥယျာဉ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုကြောင့် ဥယျာဉ်အတွင်း ရေအရင်းအမြစ်တွေဆုံးရှုံးလာတယ်။ ရေတွင်း ၁၀၄ တွင်းတူးပြီး ရေရရှိအောင်ဆောင်ရွက်ပေးထားပေမဲ့ ဆင်အကောင်ရေ များပြားတဲ့အတွက် လုံလောက်မှုမရှိပါဘူး။ ရေငတ်တဲ့ပြဿနာကြောင့် နေ့စဉ် ဆင်သေဆုံးမှုတွေဖြစ်ပေါ်နေပါတယ်"ဟု Hwange အမျိုးသားဥယျာဉ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Hwange အမျိုးသားဥယျာဉ်အတွင်း ကျင်လည်ကျက်စားနေသည့် ဆင်အကောင်ရေ ၄၅၀၀၀ ကျော်ရှိနေပြီး အရွယ်ရောက်ပြီးသားဆင်တစ်ကောင်အနေဖြင့် တစ်ရက်လျှင် ရေလီတာ ၂၀၀ ထိ သောက်သုံးရန်လိုအပ်သဖြင့် သောက်ရေရှားပါးလာသည့် အခြေအနေကြောင့် ဆင်များသေဆုံးမှုများပြားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇင်ဘာဘွေနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်အကောင်ရေ ၁၀၀၀၀၀ ကျော်ရှိပြီး ထက်ဝက်ခန့်မှာ Hwange အမျိုးသားဥယျာဉ်အတွင်းကျင်လည်ကျက်စားနေခြင်းဖြစ်ကြောင်း၊ သေဆုံးခဲ့သည့် ဆင်အကောင်ရေ အတိအကျကို ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း Hwange အမျိုးသားဥယျာဉ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အယ်လ်ဘေးနီးယားနိုင်ငံရှိ ရေအရင်းအမြစ်များတွင် ညစ်ညမ်းမှုလျှော့ချရေး ကမ္ဘာ့ဘဏ်က ယူရိုသန်း ၈၀ ချေးပေးရန် အတည်ပြု

**တီရာနာ ဒီဇင်ဘာ ၉**

အယ်လ်ဘေးနီးယားနိုင်ငံ အနောက်တောင်ပိုင်း ဒေသများရှိ ရေအရင်းအမြစ်များတွင် ညစ်ညမ်းမှုများလျှော့ချနိုင်ရေး ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်က ယူရိုသန်း ၈၀ ချေးပေးရန် အတည်ပြုခဲ့ကြောင်း အယ်လ်ဘေးနီးယား ခရီးသွားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ကမ္ဘာ့ဘဏ်၏ ချေးငွေစီမံကိန်းတွင် သန့်ရှင်းပြီး ခံနိုင်ရည်ရှိသော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရန်ပါဝင်ကြောင်း၊ အဆိုပါစီမံကိန်းကို အယ်လ်ဘေးနီးယား ခရီးသွားဝန်ကြီးဌာနက အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းတွင် ဂရိနိုင်ငံအနောက်မြောက်ပိုင်းမှ အယ်လ်ဘေးနီးယားနိုင်ငံ အနောက်တောင်ပိုင်းသို့ စီးဆင်းလာသည့် ဗီဂျိုဆာမြစ်အတွင်း ရေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ချဉ်းကပ်၍ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရေး မျှော်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏ စီမံကိန်းမှတ်တမ်းတွင် ထည့်သွင်းဖော်ပြထားသည်။



အယ်လ်ဘေးနီးယားနိုင်ငံ၏ ကမ်းရိုးတန်းများသည် ခရီးသွားလုပ်ငန်း စီးပွားရေးကဏ္ဍတွင် အဓိကအခန်းမှ ပါဝင်လျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရာတွင် ထိရောက်မှုမရှိသောစနစ်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာသဖြင့် ရေထုညစ်ညမ်းမှုသည် အယ်လ်ဘေးနီးယားပြည်သူများ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုက်ရိုက်ထိခိုက်စေနိုင်ကြောင်း ကမ္ဘာ့ဘဏ်က မှတ်ချက်ပြုထားသည်။

အဆိုပါစီမံကိန်းကို ၂၀၂၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သော်လည်း စီမံကိန်းပြီးဆုံးမည့်အချိန်ကို မသိရှိရသေးကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# COP 29 ညီလာခံကို အဇာဘိုင်ဂျန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရဖွယ်ရှိ

**ဘာကူး ဒီဇင်ဘာ ၉**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP 29) ကို အဇာဘိုင်ဂျန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖွယ် ရှိနေကြောင်း အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

COP 29 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် ဘူလ်ဂေးရီးယားနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံတို့ အပြိုင်အဆိုင်လျှောက်ထားခဲ့ပြီး ဘူလ်ဂေးရီးယားနိုင်ငံက COP 29 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် လျှောက်ထားမှုကို ဒီဇင်ဘာ ၈ ရက်က ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ အလားတူ အာမေးနီးယားနိုင်ငံကလည်း COP 29 ညီလာခံ အိမ်ရှင်အဖြစ် လျှောက်ထားမှုကို ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် အဇာဘိုင်ဂျန်နိုင်ငံက COP 29 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ရာခိုင်နှုန်းများနေပြီး အခြားသောနိုင်ငံ တစ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် လျှောက်ထားလာခြင်းမရှိတော့ပါက အဇာဘိုင်ဂျန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖွယ်ရှိကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံကို ရုရှားနိုင်ငံကလည်း ထောက်ခံကြောင်း အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဂျီဇာဒါက ပြောကြားခဲ့သည်။

"COP 29 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ရဲ့လျှောက်ထားမှုကို ရုရှားနိုင်ငံကလဲ ထောက်ခံကြိုဆိုထားပါတယ်။ လက်ရှိမှာ ကျွန်တော်တို့နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရဖို့ ရာခိုင်နှုန်းများနေပါတယ်"ဟု အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာဂျီဇာဒါက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်လှုံပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။


(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ




ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၁၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၀၀
E-Mail : scfg.kyaukse@gmail.com